http://www.dhammadownload.com

ဤစာအုပ်၌

===============

၁။ ပါဠိတော်ကောက်နုတ်ချက်များ ။

၂။ ပါဠိတော်နိဿယကောက်နုတ်ချက်များ ။

၃။ အဋ္ဌကထာဝါကျမေးခွန်းများ ။ (အစိုးရမေးခွန်းစသည်)

၄။ အဋ္ဌကထာနိဿယအညွှန်းများ ။

၅။ အနက်ပေးမှုဆိုင်ရာ နိယံများ ။

၆။ နိယံရှင်းလင်းချက်များ ထည့်သွင်း၍ ပြည့်စုံစွာ ရေးသား ပြုစု ထားပါသည်။

စာရေးဆရာသုမောင်က သူ၏ ကွမ်းစကားစာအုပ်၌ "ကွမ်းစားခြင်းသည် အရေလည်း မရ၊ အဖတ်လည်း မရပါ၊ သို့သော် တစ်စုံတစ်ခုသောအရသာကို ပေးစွမ်းနိုင်၍ ကွမ်းစားကြခြင်း ဖြစ်ပါသည်"ဟု ရေးထား၏။ ထို့အတူပင် စာဖြေအရှင်တို့အတွက် တစ်စုံတစ်ခုသော အောင်မြင်မှုအရသာကို ပေးစွမ်းနိုင်ရန် ကျွန်ုပ်ကြိုးစားထားပါ၏ဟူ၍သာ ။

မိုးသစ္စာ စာစဉ်(၂)

ဓမ္မသင်္ဂဏီပါဠိတော်

ပို့ချချက်

အဋ္ဌကထာဝါကျမေးခွန်းများနှင့် နိဿယအညွှန်းများ
အနက်ပေးမှုဆိုင်ရာ နိယံများနှင့် နိယံရှင်းလင်းချက်များ
ပါဝင်သည်။

ဘဒ္ဒန္တကေသရာဘိဝံသ
(နာယက)
ဓမ္မဘာဏကကျောင်း ၊ မစိုးရိမ်တိုက်သစ်
မန္တလေးမြို့
စီစဉ်ရေးသားပြုစုသည်။

http://www.dhammadownload.com

မိုးသစ္စာ စာစဉ်(၂)

ဓမ္မသင်္ဂဏီပါဠိတော်
ပို့ချချက်

အဋ္ဌကထာဝါကျမေးခွန်းများနှင့် နိဿယအညွှန်းများ
အနက်ပေးမှုဆိုင်ရာ နိယံများနှင့် နိယံရှင်းလင်းချက်များ
ပါဝင်သည်။

ဘဒ္ဒန္တကေသရာဘိဝံသ
(နာယက)
ဓမ္မဘာဏကကျောင်း ၊ မစိုးရိမ်တိုက်သစ်
မန္တလေးမြို့
စီစဉ်ရေးသားပြုစုသည်။

http://www.dhammadownload.com

- စာမူခွင့်ပြုချက်အမှတ် ။ (၅/၉၆) (၂)
- မျက်နှာဖုံးခွင့်ပြုချက်အမှတ်။ (၃၇/၉၆ (၇)
- ပထမအကြိမ်
- ၁၉၉၆-ခု ။ ဇူလိုင်လ
- အုပ်ရေ (၁၀၀၀)
- တန်ဖိုး
- မျက်နှာဖုံးဒီဇိုင်း Moethisar (Computer)
- အတွင်းစာသား Moethisar (Computer)
- ထုတ်ဝေသူ ဦးအောင်ကြီး (၀၉၈၆)
ရွှေပုရပိုက်စာပေ
အမှတ်(၅) တင့်ဆန်းလမ်း၊ ဗဟန်း
ရန်ကုန်မြို့
- အဖုံးရိုက် သီရိနန္ဒာပုံနှိပ်တိုက်
- ပုံနှိပ်သူ ဦးနန္ဒ (၀၃၅၉၇)
သီရိနန္ဒာပုံနှိပ်တိုက်
အမှတ် (၂၁၅)၊ ၃၂-လမ်း၊
ရန်ကုန်မြို့

http://www.dhammadownload.com

မာတိကာ

၁။	နိဒါန်းလွှာ	
၂။	အနက်ပေးမှုဆိုင်ရာ နိယံပို့ချချက်များ	၁
၃။	အစိုးရ ဓမ္မသင်္ဂဏီပါဠိအဋ္ဌကထာ (ပထမနေ့) မေးခွန်းပုံစံ	၁၁
၄။	တိကမာတိကာ ပါဠိတော်ပို့ချချက်	၁၃
၅။	ဒုကမာတိကာ	၂၀
၆။	သုတ္တန္တိကဒုကမာတိကာ	၂၃
၇။	စိတ္တုပ္ပါဒကဏ္ဍ (ကာမာဝစရကုသလပဒဘာဇနီ)	၂၇
၈။	ကောဋ္ဌာသဝါရ	၄၀
၉။	ကာမာဝစရကုသလ (ပဌမစိတ္တ)	၄၀
၁၀။	ရူပါဝစရကုသလစိတ္တ	၄၁
၁၁။	စတဿော ပဋိပဒါ	၄၃
၁၂။	စတ္တာရိ အာရမ္မဏာနိ	၄၃
၁၃။	အဘိဘာယတနာနိ ပရိတ္တာနိ	၄၃
၁၄။	သောဠသကခုတ္တကာနိ	၄၄
၁၅။	တီဏိ ဝိမောက္ခာနိ	၄၄
၁၆။	စတ္တာရိ ဗြဟ္မဝိဟာရဈာနာနိ	၄၄
၁၇။	အသုဘဈာန်	၄၄
၁၈။	အရူပါဝစရကုသလစိတ္တ	၄၅
၁၉။	လောကုတ္တရကုသလစိတ္တ	၄၅
၂၀။	အနညာတညဿာမီတိန္ဒြိယ်	၄၅
၂၁။	ဒွါဒသ အကုသလစိတ္တ	၄၇
၂၂။	အဗျာကတဝိပါက (ကုသလဝိပါကပဉ္စဝိညာဏ)	၅၂
၂၃။	လောကုတ္တရဝိပါက (ပဌမမဂ္ဂဝိပါက)	၅၃
၂၄။	ရူပါဝစရ ကိရိယာ	၅၃

http://www.dhammadownload.com

၂၅။ ရူပကဏ္ဍ ၅၃

၂၆။ ဒုက ၅၄

၂၇။ တိက ၅၄

၂၈။ စတုက္က ၅၅

၂၉။ ဒုက နိဒ္ဒေသ ၅၅

၃၀။ နိက္ခေပကဏ္ဍ ၆၈

၃၁။ အဋ္ဌသာလိနီအဋ္ဌကထာပို့ချချက်များ ၈၁

====================

ရေးသားပြုစု ထုတ်ဝေပြီး စာအုပ်များ

(၁) ပါရာဇိကပါဠိတော် ပို့ချချက်

(၂) သီလက္ခန္ဓဝဂ္ဂပါဠိတော် ပို့ချချက်

(၃) ဓမ္မသင်္ဂဏီပါဠိတော် ပို့ချချက်

(၄) အဋ္ဌသာလိနီအဋ္ဌကထာ ပို့ချချက် (ပထမတွဲ)

(၅) အထက်ယမိုက် ပို့ချချက်

(၆) ဇာတကဋ္ဌကထာ ပို့ချချက် (ပထမကြီးတန်း)

(၇) ဇာတကဋ္ဌကထာ ပို့ချချက် (ပထမငယ်တန်း)

အဋ္ဌသာလိနီအဋ္ဌကထာပို့ချချက်(ဒုတိယတွဲ) မကြာမီ ထွက်ပါမည်။

စာအုပ်ရနိုင်သော ဌာနများ

(၁) ဓမ္မဘာဏကကျောင်း၊ မစိုးရိမ်တိုက်သစ်၊ မန္တလေးမြို့။

(၂) ဣစ္ဆာသယပိဋကတ်စာအုပ်ဆိုင်၊
ရွှေတိဂုံဘုရားတောင်ဘက်မုခ်၊ ရန်ကုန်မြို့ ။

(၃) ပိဋကတ်စာအုပ်ဆိုင်များ၊
ဈေးချိုတော် ၊ မန္တလေးမြို့ ။

http://www.dhammadownload.com

နိဒါန်းလွှာ

===================

ဤဓမ္မသင်္ဂဏီပါဠိတော်သည် ပရိယာယ်ပုဒ်များစွာကို ဟောထားသည့်ပါဠိတော်ဖြစ်၍ ၎င်းပါဠိတော်၏ နိသျှများကို သဘောသက်သက် မှတ်သားရုံဖြင့် မရနိုင်ပါ၊ နှုတ်တက်အာဂုံ ကျေပွန်စွာ ကျက်မှတ်ထားမှသာလျှင် ကောင်းမွန်စွာ ဖြေဆိုနိုင်ပါမည်၊ ပါဠိတော်၌ ပုဒ်တူပရိယာယ် များကို နေရာများစွာ၌ ဟောထားရကား ပုဒ်တူပရိယာယ်များနှင့် မတူသည့်ပုဒ်များကို စုစည်း၍ နှုတ်ထုတ်ထားမည်ဆိုပါက အနည်းငယ်သာ ကျက်မှတ်ရမည်ဖြစ်၍ ဖြေဆိုရာ၌ ကောင်းစွာ လွယ်ကူပါသည်။

မိမိ စာချတန်းဖြေဆိုစဉ်က ဤနည်းအတိုင်းပင် နှုတ်ထုတ်၍ ကျက်မှတ်ခဲ့သည့်အတွက် ပါဠိတော်နိသျှဆိုင်ရာ မေးခွန်းများကို လွယ်ကူစွာ ဖြေဆိုနိုင်ခဲ့ပါသည်။ မိမိ သိရှိခဲ့သော နည်းစနစ်ကို စာချတန်းဖြေဆိုမည့် အရှင်များလည်း နည်းရစေရန်နှင့် လွယ်ကူစွာ ကြည့်ရှုကျက်မှန်နိုင်စေရန် ရည်သန်လျက် ဤပို့ချချက်ကို ရေးသားခြင်းဖြစ်ပါသည်။ မိမိ စာချဆရာဘဝရောက်သည့်အခါ၌ လည်း မိမိ၏ တပည့်များကို နေ့စဉ်ကျက်မှတ် အာဂုံပြန်ဆိုစေခဲ့ပါသည်။ ဤသို့ နေ့စဉ်ကျက်မှတ် အာဂုံပြန်ဆိုစေခဲ့သဖြင့် ပါဠိတော်ဆိုင်ရာ မေးခွန်းများကို လွယ်ကူစွာ ဖြေဆိုနိုင်ခဲ့ကြပါသည်။

ရေးသားပုံ အစီအစဉ်

=============================

ပါဠိတော်နိသျှ၌ ပုံနှိပ်တိုက်အမှားများ၊ ပုဒ်အထားအသိုရှုတ်ထွေးနေမှုများကို နေရာများစွာ၌ တွေ့ရပါသည်၊ သို့ပါ၍ ဤပို့ချချက်ကို ရေးသားရာ၀ယ် အဋ္ဌကထာအဖွင့်, ၎င်းနိသျှ(ပြည်မှု), မာတိကာ အရကောက်နိသျှစသည်တို့နှင့် ညှိနှိုင်းတိုက်ဆိုင် ပြင်ဆင်၍ ရေးသားပို့ချထားပါသည်။

အဋ္ဌကထာမေးခွန်းများနှင့် ပတ်သက်၍ မေးပုံမေးနည်းစနစ်သိရှိနိုင်စေရန် အစိုးရစာမေးပွဲ မေးခွန်းများ၊အခြားသော စာမေးပွဲမေးခွန်းများ၊ အဋ္ဌကထာမှ ခက်ခဲသော ၀ါကျများကို မေးခွန်းချည်း သက်သက်ထည့်သွင်းထားပါသည်၊ ပါဠိတော်ပို့ချချက်ကဲ့သို့ နိသျှများကို ထည့်သွင်းမထားပါ။ နိသျှအညွှန်းကို ကြည့်ရှု၍ နိသျှများကို တိုက်ဆိုင်ရန်ဖြစ်ပါသည်၊ သို့မှသာ နိသျှဉာဏ်ရင့်သန်၍ နိသျှမှ အမှာအထားများကိုလည်း မှတ်သားနိုင်မည်ဖြစ်ပါသည်။ ဤသို့လေ့ကျင့်ကျက်မှတ်ထားမည် ဆိုပါလျှင် အဋ္ဌကထာဆိုင်ရာ မေးခွန်းများကိုလည်း ကောင်းမွန်စွာ ဖြေဆိုနိုင်ပါလိမ့်မည်။

http://www.dhammadownload.com

တစ်ဖန် ဆရာနည်းရ ကျနစေရန်အတွက် အနက်ပေးမှုဆိုင်ရာ နိယံများကိုလည်း ရှင်လင်းချက်ပုံစံများနှင့်တကွ ထည့်သွင်းပို့ချထားပါသည်။ ဤအကြိမ်ရိုက်နှိပ်ရာ၌ ပို၍ပြည့်စုံစေရန် အဋ္ဌကထာမေးခွန်းများကို ထပ်မံ၍ ဖြည့်စွက် ပို့ချထားပါသည်။

စာရေးဆရာ သုမောင်က သူ၏ ကွမ်းစကားစာအုပ်၌ "ကွမ်းစားခြင်းသည် အရေလည်း မရ၊ အဖတ်လည်း မရပါ၊သို့သော် တစုံတခုသော အရသာကို ပေးစွမ်းနိုင်၍ ကွမ်းစားကြခြင်း ဖြစ်ပါသည်၊ ထို့အတူ စာဖတ်ပရိသတ်အား တစုံတခုသော အရသာကို ပေးစွမ်းနိုင်အောင် ကျွန်ုပ် ကြိုးစားထားပါသည်"ဟု အမှာစာ ရေးထား၏။ ထို့အတူပင် စာဖြေအရှင်များအတွက် တစုံတခုသော အောင်မြင်မှုကို ပေးစွမ်းနိုင်အောင် ကျွန်ုပ် ကြိုးစားထားပါ၏ဟူ၍သာ။

တောင်းပန်လွှာ

===============================

ဤပို့ချချက်၌ စာအထားအသို ကျနစေရန် ကိုယ်တိုင်ပင် ကွန်ပျူတာ ရိုက်နှိပ်ပါသည်၊ မကင်းနိုင်သည့် အမှားအယွင်းများ၊ အယူအဆမတူညီမှုများ တွေ့ရှိခဲ့သော် မိမိရေးသားသည့် ကျမ်းစာအလား ပြင်ဆင်ကြည့်ရှု၍ ကျက်မှတ်ပါရန် မှာကြား တောင်းပန်လိုပါသည်။

ကျေးဇူးတင်လွှာ

========================

ဤပို့ချချက် စာမူများကို ကွန်ပျူတာရိုက်နှိပ်ရာ၌ ဟိုစပ်စပ် ဒီစပ်စပ် ကူညီသင်ကြား ပေးသော မစိုးရိမ်တိုက်ကြီးမှ ပါဠိဆရာတော် ဘဒ္ဒန္တဝိစိတ္တာဘိဝံသ၊ မစိုးရိမ်တိုက်သစ်မှ အဓိပတိဆရာတော် ဘဒ္ဒန္တကုန္ဒကာလင်္ကာရာဘိဝံသ၊ ရိုက်နှိပ်ပြီးစာမူများကို စစ်ဆေးပေးကြသော ဓမ္မာစရိယတပည့်များဖြစ်သည့် ဦးကုန္ဒက၊ ဦးပညာဇောတ၊ ဦးသောဘဏ၊ ဦးသောပါက၊ မိမိ၏ စာအုပ်များ ထုတ်ဝေနိုင်ရေးအတွက် အစစကူညီဆောင်ရွက်ပေးသော ရွှေပြည်တန်ပုံနှိပ်တိုက် မိသားစုတို့ကို အထူးပင် ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။

ဘဒ္ဒန္တကေသရာဘိဝံသ

(နာယက)

ဓမ္မဘာဏကကျောင်း၊ မစိုးရိမ်တိုက်သစ်၊ မန္တလေး။

(၁၄ ၊ ၁၀ ၊ ၂၀၀၁)

http://www.dhammadownload.com

ဓမ္မသင်္ဂဏီပါဠိတော် မိုချုပ် (၁)

အနက်ပေးမှုဆိုင်ရာ မှတ်ဘွယ်များ

==============================

ကေဝလဒဗ္ဗာပေက္ခ , သင်္ချာဒဗ္ဗာပေက္ခ

နိယံ (ဒြပ်တွင်မျှ ၊ ငဲ့တိုက ၊ ကေဝလဒဗ္ဗာ)
(ဂုဏ်နှင့် ဒဗ္ဗ ၊ ငဲ့တိုက ၊ သင်္ချာဒဗ္ဗာ)

ပုံစံ။ ဗုဒ္ဓေါ-မြတ်စွာဘုရားသည်. (ကေဝလဒဗ္ဗာပေက္ခ)
ဗုဒ္ဓေါ-သစ္စာလေးပါးကို သိတော်မူတတ်သော မြတ်စွာဘုရားသည်။(သင်္ချာဒဗ္ဗာပေက္ခ)

==========================

တုလျတ်,လိင်္ဂတ် ၊ ပကတိ,ဝိကတိ ၊ အနိယတ်,နိယတ်

ပုံစံ ဘဂဝါ-မြတ်စွာဘုရားသည် ၊ သမိတပါပေါ-ငြိမ်းစေအပ်ပြီးသော မကောင်းမှုရှိတော်မူ၏။ (တုလျတ် , လိင်္ဂတ်)

ဘဂဝါ-မြတ်စွာဘုရားသည်၊ သမိတပါပေါ-သည်၊ ဟောတိ-၏
(ပကတိ , ဝိကတိ)

ယော ဘဂဝါ-သည်၊ အတ္ထိ-၏၊ သော ဘဂဝါ-သည်၊ သမိတပါပေါ-သည်၊ ဟောတိ-၏။ (အနိယတ် , နိယတ်)

==========================

ပဌမံ , တာဝ

နိယံ။ (ပဌမံ တာဝ၊ ရှိကကေန်၊ အပါဒါန်နှင့်၊ သမ္ဗန်အနေ၊ သည်နှစ်ထွေ၊ လာလေတစ်ခုခု) (တောင်တွင်းနိယံ၊ ပဒ။၅၈)

ပုံစံ။ ဝိနယော အတ္ထသံဝဏ္ဏနတော (အတ္ထသံဝဏ္ဏနသ) တာဝ ဝတ္တဗ္ဗပေတဗ္ဗော။

========================

ဇတ္တာဟ

နိယံ။ (ဇတ္တာဟမှာ၊ ကြိယာဝိသေသန၊ ကတ္တာမျှနှင့်၊ ကံမှနှစ်ချက်၊ ထည့်ကာစွက်၍၊ အနက်သမ္ဗန်မြဲ) (ဘုရားကြီးနိယံ၊ပဒ။၅၅)

ပုံစံ။ ဇတ္တ ဌာနေ ဌတ္ဘာ(ကြိယာဝိသေသန) စောဒကော(ကတ္တား) တော် ဝစနံ(ကမ္မ) အာဟ။

========================

ဇတ္တ (တတ္တ) သိယာ

နိယံ။ (ဇတ္တ (တတ္တ) သိယာ၊ ရှိတုံပါမူ၊ ကြိယာဝိသေသန၊ သမ္ဗန္ဓဟု၊ ကတ္တာသုံးပါး၊ ထည့်ငြားမလွဲ၊ သမ္ဗန်မြဲ) (ဘုရားကြီးနိယံ၊ပဒ။၅၄)

http://www.dhammadownload.com

ပုံစံ။ ဧတ္ထ ဌာနေ ဌတွာ (ကြိယာဝိသေသန) ဓာဒကဿ (သမ္ဗန်) ဓာဒနာ (ကတ္တား) သိယာ။

==========================

ယထာ , တထာ (ဇဝံ)

နိယံ။ (ယထာ တထာ(ဇဝံ)၊ ဥပမာ မဟုတ်၊ ယင်းသို့ထုတ်မူ၊ တထာ (ဇဝံ) စပ်ရာ၊ ကြိယာသည်၊ မှန်စွာလက္ခဏာဖြစ်မြဲ) (ဘုရားကြီးနိယံ၊ပဒ။၉၇)

ပုံစံ။ ယထာ-အကြင်သို့သောအခြင်းအရာအားဖြင့်၊သဒ္ဒေ-အသံကို၊ (နိစ္စာရိယမာနေ-မြွက်ဆိုအပ်သည်ရှိသော်-တထာစပ်ရာပုဒ်ကို လက္ခဏာပြင်သည်)၊ သုဏန္တိ-ကြားကုန်၏၊ တထာ-ထိုသို့သောအခြင်းအရာအားဖြင့်၊ နိစ္စာရေသုံ-ကုန်ပြီ။ (ဌ၁၊။၁၈၁)

==========================

ဝုစ္စတေ

နိယံ။ (ဝုစ္စတေ-ပုဒ်၊ အဖြေထုတ်ရာ၊ အာဓာရင်း၊ တစ်ကြောင်းသမ္ဗန်၊ ကံနှင့်ကတ္တား၊ လေးပါးစွက်၍ အနက်သမ္ဗန်မြဲ) (ဘုရားကြီးနိယံ၊ပဒ။၅၇)

ပုံစံ။ ဧတ္ထ ဌာနေ(အာဓာရ) ဓာဒကဿ(သမ္ဗန်) ပရိဟာရော(ကံ) မယာ(ကတ္တား) ဝုစ္စတေ။

==========================

ဟုတွာ နိဗ္ဗတ္တိ

နိယံ။ (ဟုတွာ နိဗ္ဗတ္တိ၊ ရှိသည့်ပုဒ်ထွက်၊ ဘောအနက်ကို၊ ကိုင်လျက်စွဲထုတ်၊ သင်္ကော-ပုဒ်မှီ၊ ဆဋ္ဌီအနက်၊ ဟောပုဒ်ထွက်၊ သက်လေ ပဥ္စမာ) (တောင်တွင်းနိယံ၊ပဒ။၁၄၁)

<u>အဓိပ္ပါယ်ရှင်းလင်းချက်</u> ပုံစံ။ <u>သင်္ကော ဟုတွာန နိဗ္ဗတ္တိ</u> ။

ယင်းပုံစံ၌ ဟုတွာန,နိဗ္ဗတ္တိ-ပုဒ်တို့ကား ဘာဝသာဓနပုဒ်များဖြစ်ကြသည်၊ သို့ဖြစ်၍ သင်္ကော-ပုဒ်၌ သက်ထားသော ပဉ္စမာဝိဘတ်သည် သင်္ကဿ-ဟု ဆဋ္ဌီအနက်၌ ဖြစ်ရသည်။ <u>စာစပ်ရာ၌</u>= သင်္ကော-၌ ပဉ္စမာဝိဘတ်ကို ဟုတွာန-ပုဒ်နှင့်၄င်း, နိဗ္ဗတ္တိ-ပုဒ်နှင့်၄င်း ဘာဝန္တ ဘာဝအဖြစ်ဖြင့် စပ်လေ ။

အနက်ပေးပုံ

(၁) သင်္ကော သင်္ကဿ-၏၊ ဟုတွာန ဘဝနံ-ဖြစ်၍၊ နိဗ္ဗတ္တိ နိပ္ပဇ္ဇနံ-ဖြစ်ခြင်း။

(တစ်နည်း) သင်္ကော ဟုတွာန သင်္ကဿ ဘာဝေန-သိကြား၏အဖြစ်ဖြင့်၊ နိဗ္ဗတ္တိ-ဖြစ်ခြင်း။

ဝစနတ္ထ

ဟုတဗ္ဗံ ဘဝနံ ဟုတွာန (ဘာဝသာဓန)၊ နိပ္ပဇ္ဇနံ နိဗ္ဗတ္တိ (ဘာဝသာဓန)ပြု။

(နိပ္ပဇ္ဇနံ နိဗ္ဗတ္တိ၊ ပဒ ဂတိယံ၊ နိပုဗ္ဗော တိ၊ ပဿ ဗော) (ဓာန်ဋီ။၉၀)

http://www.dhammadownload.com

ဓမ္မသင်္ဂဏီပါဠိတော် မှိုချုချက် (၃)

မှတ်ချက်။ ဘာဝသာဓနဖြင့် ဆိုခြင်းသည်ကား ဥပလက္ခဏာမျှသာ ၊ အခြားသော သာဓန ပုံစံ၌လည်း အောက်ပါအတိုင်း အနက်ပေးနိုင်သေး၏။

====================

(တစ်နည်း)အနက်ပေးပုံ

(၂) သက္ကော-သည်၊ ဟုတ္ဝာန-၍၊ သက္ကော သက္ကဿ-၏၊ နိဗ္ဗတ္တိ နိပ္ပဇ္ဇနံ-ခြင်း။

ဝစနတ္ထ

ဟောတီတိ ဟုတွာန (ကတ္တုသာဓန)၊ နိပ္ပဇ္ဇနံ နိဗ္ဗတ္တိ (ဘာဝသာဓန)။

====================

(တစ်နည်း)အနက်ပေးပုံ

(၃) သက္ကော-သည်၊ သက္ကော သက္ကဿ-၏၊ ဟုတွာန ဘဝနံ-၍၊ နိဗ္ဗတ္တိ-ဖြစ်၏။

ဝစနတ္ထ

ဟုတဗ္ဗံ ဘဝနံ ဟုတွာန (ဘာဝသာဓန)၊ နိပ္ပဇ္ဇတီတိ နိဗ္ဗတ္တိ (ကတ္တုသာဓန)။

====================

(တစ်နည်း)အနက်ပေးပုံ

(၄) သက္ကော-သည်၊ ဟုတွာန-၍၊ နိဗ္ဗတ္တိ-၏။

ဝစနတ္ထ

ဟောတီတိ ဟုတွာန (ကတ္တုသာဓန)၊နိပ္ပဇ္ဇတီတိ နိဗ္ဗတ္တိ (ကတ္တုသာဓန)။ (နိယံအဖြေ)

====================

ယဒိ ဧဝံ

နိယံ။ (ယဒိ ဧဝံ၊နှစ်ပါးပြွမ်းမူ၊ တတ်စွမ်းသောလျှောက်၊အပြစ်ကောက်မူ၊နောက်စကားကို၊ မှတ်သားကိုင်လျက်၊ ယဒိ-ထက်ဝယ်၊ စွက်သည့်ကြိယာ၊ အသစ်ရှာ၊ ဧဝံ-နောက်မှာ သတိ-လာ၊ သန္တေသု-လည်း တရံတခါ) (ရှင်တိပိဋကနာဂနိယံ၊ပဒ။၂၅)

<u>ရှင်းလင်းချက်</u> ရှေ့၌ဆိုပြီးစကားကို မှတ်သားထား၍ ယဒိ-စပ်ရာ ကြိယာထည့်၊ ဆိုပြီး စကား ဧကဝုစ်ဖြစ်က ဧဝံ-နောက်မှာ သတိ-ထည့် ၊ ဗဟုဝုစ်ဖြစ်က ဧဝံ-နောက်မှာ သန္တေသု-ထည့်၍ အနက်ပေးလေ။

ပုံစံ။ မိစ္ဆာဒိဋ္ဌိ အတ္ထိ ဝါ ဟောတု , မာဝါ၊ အယံ သမ္မာဒိဋ္ဌိ ဧဝ နာမ။ <u>ယဒိ ဧဝံ</u> နာမမတ္တမေဝေတံ ဟောတိ၊ ဥပရိမဂ္ဂတ္တယေ ပန သမ္မာဒိဋ္ဌိယာ ကိစ္စာဘာဝေါ အာပဇ္ဇတိ၊ မဂ္ဂင်္ဂါနိ န ပရိပူရေန္တိ။ (အဋ္ဌသာလိနီအဋ္ဌကထာ။၂၈၃)

http://www.dhammadownload.com

<u>အနက်ပေးပုံ။</u>မိစ္ဆာဒိဋ္ဌိ-သည်၊ အတ္ထိ ဝါ-ရှိသည်မူလည်း၊ ဟောတု-ဖြစ်စေ၊ မာ အတ္ထိ ဝါ-မရှိသည်မူလည်း၊ ဟောတု-ဖြစ်စေ၊ အယံ သမ္မာဒိဋ္ဌိ-သည်၊ သမ္မာဒိဋ္ဌိဧဝ နာမ-မည်သည်သာလျှင်၊ ဟောတိ-၏။

<u>မိစ္ဆာဒိဋ္ဌိ-သည်၊ အတ္ထိ ဝါ-ရှိသည်မူလည်း၊ ဟောတု-ဖြစ်စေ၊ မာ အတ္ထိ ဝါ-မရှိသည်မူလည်း၊ ဟောတု-ဖြစ်စေ၊ အယံ သမ္မာဒိဋ္ဌိ-သည်၊ သမ္မာဒိဋ္ဌိဧဝ နာမ-မည်သည်သာလျှင်၊</u> (ရှေ့၌ ဆိုပြီးစကား) <u>ယဒိ သိယာ-အကယ်၍ ဖြစ်ငြားအံ့၊</u> (ယဒိ-ထက်ဝယ် စွက်သည့် သိယာ-ကြိယာ) ဧဝံ သတိ-သော်။ (ဆိုပြီးစကား ဧကဝုစ်ဖြစ်သောကြောင့် သတိ-ထည့်)။

မှတ်ချက်။ (နောက် ဤပုံစံမျိုးတွေ့ရာ၌လည်း အထက်ပါအတိုင်း နည်းယူ၍ အနက်ပေးလေ)။ နိယံ၌ နောက်စကား-ဟုဆိုခြင်းသည်ကား မဂ္ဂင်္ဂမနည်းတည်း။ (နိယံအဖြေ) ။

=========================

ဇောတံ-၏ ပုဒ်စွဲ၊ ဝိဘတ်စွဲ

နိယံ။ (ဇောတံ-မလွဲ၊ ဝိဘတ်စွဲလျှင်၊ ထင်အောင် ဝိဘတ် မှတ်၍ပေးမြဲ)

(ပုဒ်စွဲရှိက၊ အဿတ္ထိအနက်၊ ထွက်အောင်သမ္ဗန်မြဲ) (ဘုရားကြီးနိယံ၊ပဒ။၇၅-၇၆)

ပုံစံ။ ဇောတံ-ဤ'ဝေရဇ္ဇာယံ'၌ သတ္တမီဝိဘတ်သည်၊ သမီပတ္ထေ-သမီပအနက်၌၊ ဘုမ္မဝစန-သတ္တမီဝိဘတ်တည်း။ (ဝိဘတ်စွဲ)

= ဇောတံ-ဤဝေရဇ္ဇာယံ-ဟူသောပုဒ်သည်၊ သမီပတ္ထေ-၌၊ ဘုမ္မဝစန-သတ္တမီဝိဘတ် ရှိသော ပုဒ်တည်း။ (ပုဒ်စွဲ)

=========================

တွာ-ပစ္စည်း၏ ကတ္တား၊ အာချာတ်ကြိယာ၏ ကတ္တားကွဲ

နိယံ။ (ကတ္တားကွဲဘိ၊ မတူရှိသော်၊ မိမိကတ္တား၊ သမ္ဗန်ထား၍၊ ဖြစ်ငြားဟိတ်မှာ၊ သက်တို့လာသည်၊ တွာဒိပစ္စည်းသဘောတည်း)။ (ဘုရားကြီးနိယံ၊ပဒ။၂၄၃)

ပုံစံ။ ပုရိသော သီဟံ ဒိသွာ (ဘယံ) ဟောတိ။

<u>ရှင်းလင်းချက်။</u> အထက်ပါ ပုံစံ၌ ပုရိသော-သည် ဒိသွာ-၏ ကတ္တားတည်း၊ ဘယံ-သည်၊ ဟောတိ-ဟူသော အာချာတ်ကြိယာ၏ ကတ္တားတည်း။ ဤသို့ ကတ္တားကွဲပြားရာ၌ တွာ-ပစ္စည်း၏ ကတ္တားဖြစ်သော <u>ပုရိသော-ကို ပုရိသသ</u>-ဟု သမ္ဗန်ပြင်၊ <u>ဒိသွာ-ကို 'မြင်သောကြောင့်'</u>ဟု ဟိတ်အနက်ပေး။

=========================

http://www.dhammadownload.com

ကတ္တားလွန်၏ စပ်ရာပုဒ်

နိယံ။ (ကတ္တားလွန်တို့၊ စပ်စေဖို့ရာ၊ ပုဒ် မပါ၊ ဟုတွာ-ထည့်လေမင်း)
(သမ္မန္တာစိန္တာဂဏ္ဌိသစ်။၁၁၆)

ပုံစံ။ မေတ္တိယဘူမဇကာ-ကုန်သော၊ ဘိက္ခူ-တို့သည်(ပကတိကတ္တား)၊ ဂိဇ္ဈကူဋာ-သော၊ ပဗ္ဗတာ-မှ၊ ဩရောဟန္တာ-ကုန်သည် (ဝိကတိကတ္တား)၊ (ဟုတွာ-ကုန်၍)။

ရှင်းလင်းချက်။ ဘိက္ခူ(ပကတိကတ္တား)ကို ဩရောဟန္တာ-ပုဒ်မှာ စပ်။ ဩရောဟန္တာ-(ဝိကတိကတ္တား)အတွက် စပ်ရာမရှိသောကြောင့် ဟုတွာ-ဟု ပါဌသေသ ထည့်၍ ၎င်းမှာ စပ်လေဟု ဆိုလိုသည်။

==================================

အတ္ထော-သမ္ဗန်

နိယံ။ (သံဝဏ္ဏနာ၊ အတ္ထောပါမူ၊ သဒ္ဒါသံဝဏ္ဏေတဗ္ဗ၊ ဝါစကသည်၊ မုချသမ္ဗန်ခံမြဲ)။
(ဘုရားကြီးနိယံ၊ ပ၁။ ၆၄)

ပုံစံ။ မန္တေ-ဗေဒင်တို့ကို၊ သဇ္ဈာယတိ-သရဇ္ဈာယ်တတ်၏၊ ဣတိအယံ-ကား၊ အတ္ထော-ဖြဟ္မံ အဏတိ-ဟူသောပုဒ်တို့၏(သမ္ဗန်)အနက်တည်း။ (ဤကား အတ္ထသေသ နည်းသမ္ဗန်)

(တစ်နည်း:) မန္တေ-ဗေဒင်တို့ကို၊ သဇ္ဈာယတိ-သရဇ္ဈာယ်တတ်၏၊ ဣတိအယံ-ကား၊ ဖြဟ္မံ အဏတီတိပဒါနံ-တို့၏(သမ္ဗန်) အတ္ထော-အနက်တည်း။(ဤကား ပါဌသေသ နည်းသမ္ဗန်)

==========================

ဣတရထာ၊ အညထာ

နိယံ။ (ဣတရထာ၊ အညထာနောက်၊ ဟိ,ပနနှင့် စ-လုံးရောက်သော်၊ လဒ္ဓဒေါသ၊ ဇောတိရိက်ဟုအမည်ပေးမြဲ) (ဘုရားကြီးနိယံ၊ ပ၁၊ ၆၁-၆၂)

(ဣတရထာ၊ အညထာပုဒ်၊ ထုတ်၍ရှိက၊ လက္ခဏာနှင့်၊ လက္ခဏာဝန်၊ ဤနှစ်တန်ကို၊ အမှန်သွင်းလျက်၊ အနက်သမ္ဗန်၊ အပါဒါန်မှာ၊ အနွယာကို၊ ခံကာမလွဲ၊ထားလေမြဲ)

ရှင်းလင်းချက်။ အဋ္ဌသာလိနီအဋ္ဌကထာ ၊ စ၆-၌ "ဧဝမတ္ထော ဂဟေတဗ္ဗော"ဟူသော ရှေ့ဝါကျအနက်သည် အနွယ။

"ဣတရထာ ဟိ"-မှစ၍ "အနဓိပ္ပေတံ"တိုင်အောင်သော စကားရပ်သည် ဇောတိရေက-ဟု မှတ်ပါ။

http://www.dhammadownload.com

အနက်ပေးပုံ။ ဟိ-ဗျတိရိက်ကို ဆိုဦးအံ့၊ ဣတရထာ ကေသွိ အတ္တေ-ဤစတုတ္ထီဗဟုဗ္ဗီဟိမှ (အန္တယကို အပါဒါန်ခံ)တပါး, ဆဋ္ဌီဗဟုဗ္ဗီဟိအနက်သည်၊ သတိ-သော် (လက္ခဏဝန္တ ,လက္ခဏထည့်)၊ အပဟေတုကာနံ-တို့ကို၊ အဂ္ဂဟဏံ-သည်၊ သိယာ-ဖြစ်ရာ၏။ ဟု နိယံနှင့်အညီ အနက်ပေး။ (ပြည်သျှ၊၁။၃၀၁) (ဘာသာ့ဋီ၊၁။၃၁၉-လည်း ကြည့်)။

==========================

ယထာဟ

နိယံ။ (ယထာဟဟူ၊ တွေ့လေမူကား၊ ယထာ အာဟ၊ နှစ်ပုဒ်ယူမြဲ) ယေန ကိံ-ခံ၊ ကရိဏ်း ကံ၊ အမှန်ကြေစမြဲ) (ဘုရားကြီးနိယံ၊ပဒ။၆၈-၆၉)

ပုံစံ။ (ယထာဟ---"အထခေါ အာယသ္မာ ။ပ။ ဟောန္တိ"တိ) (ဒီ၊၄၊၁။၄)

အနက်ပေးပုံ။ မယာ-ငါသည်၊ ဝုတ္တဿ-ဆိုအပ်ပြီးသော၊ အတ္ထဿ-ကို၊ သာဓကံ-ပြီးစေတတ်သော၊ ယထာ ကိံဝစနံ-အဘယ်စကားကို၊ ကော-အဘယ်ပုဂ္ဂိုလ်သည်၊ အာဟ-ဆိုသနည်း။ "အထခေါ ။ပ။ ဟောန္တိ"တိ-ဟူသော၊ ဣဒံ ဝစနံ-ကို၊ သင်္ဂီတိကာရော-သင်္ဂါယနာ တင်မထေရ်အပေါင်းသည်၊ အာဟ-ပြီ။ (ယထာ-နှောင် ကိံ-ဟူသော ကံပုဒ်ခံ)

(တနည်း) ယထာ ယေန ပကာရေန-အကြင်သို့သော အခြင်းအရာအားဖြင့်၊ မယာ-သည်၊ ဝုတ္တံ-၏၊ တထာ တေန ပကာရေန-ထိုသို့သော အပြားအားဖြင့်၊ ပါဠိယမ္ပိ-"အထခေါ ။ပ။ ဟောန္တိ-ဟူသော ပါဠိ၌လည်း၊ သင်္ဂီတိကာရော-သည်၊ အာဟ-၏။ (ယထာ-နှောင် ယေန-ဟူသော ကရိဏ်းပုဒ်ခံ)

(ယထာတိ ကိံ အာဟ၊ မယာ ဝုတ္တဿ အတ္ထဿ သာဓကံ ကိံ အာဟာတိ ဝုတ္တံ ဟောတိ။ ယထာ ဝါ ယေန ပကာရေန မယာ ဝုတ္တံ၊ တထာ တေန ပကာရေန ပါဠိယမ္ပိ အာဟာတိ အတ္ထော) (သီဋီသစ်၊၁။၅၂)

==========================

ကိစ္စေတ္ထ

နိယံ။ (ကိစ္စေတ္ထပုဒ်၊ ထုတ်၍ရှိမူ၊ ကိဥ္စိနောက်မှ၊ အဝသိဋ္ဌ်ယံ အတ္ထိနှင့်၊ တံ ဖြုဟ်ကို၊ ဆို၍ထည့်ငြား၊ ရှေ့နားကမှာ၊ တဝ စောဒနာ၊ အသမတ္တာကို၊ ဆောင်ကာစွက်၍၊ အနက်သမွန်မြဲ) (ဘုရားကြီးနိယံ၊ပဒ။၅၆)

ပုံစံ၊ ကိံ ပနေတာနိ "ကုသလာတိ ဝါ ဓမ္မာတိ ဝါ"တိ အာဒီနိ ဧကတ္ထာနိ, ဉဒါဟု နာနတ္ထာနီတိ? ကိစ္စေတ္ထ ယဒိ တာဝ ဧကတ္ထာနိ "ကုသလာ ဓမ္မာ"တိ ဣဒံ "ကုသလာ ကုသလာ"တိဝုတ္တသဒိသံ ဟောတိ။ အထ နာနတ္ထာနိ၊ တိကဒုကာနံ ဆက္ကစတုက္ကဘာဝေါ အာပဇ္ဇတိ၊ ပဒါနဥ္စ အသမ္ဗန္ဓော။ (အဘိ၊၄၊၁။၈၂)

http://www.dhammadownload.com

ဓမ္မသင်္ဂဏီပါဠိတော် မှိုချချက် (၇)

အနက်ပေးပုံ ဧတ္တ ဌာနေ-၌၊ တ၀-သင်၊ စောဒနာသည်၊ အသမတ္တာ-အပြီးအဆုံးသို့ မရောက်သေး၊ ကိဉ္စိ-စိုးစဉ်း၊ ၀တ္တဗ္ဗံ-ဆိုအပ်သော၊ ယံ အ၀သိဋ္ဌံ-အကြင်စောဒနာ အကြွင်းသည်၊ အတ္ထိ-၏၊ တံ အ၀သိဋ္ဌံ-ကို၊ တာ၀-ပရိဟာရဆရာ၏ ရှေးဦးစွာ၊ တွံ-သင်စောဒကဆရာသည်၊ ဗြူဟိ-ဆိုဦးလော။ (ပြည်သျှ၊၁။၂၈၁-လည်း ကြည့်)

==============================

ဂဟ-ခါတ်ရှေ့မှ အာခါရ

နိယံ။ (ဂဟရှေ့မှ၊ အာခါရကို၊ ဘူမတ္တပင်၊ ယူလေချင်မူ၊ ရှေ့တွင်ပုဒ်မှာ၊ ဆဋ္ဌီပါက၊ ကံမှာသက်ဟု၊ မိန့်မြွက်ဆရာတစ်ဦးအလိုတည်း) (ဘုရားကြီးနိယံ၊ပဒ။၈၈)

ပုံစံ။ <u>အာယသ္မတော သုဒိန္နဿ ပါဒေသု ဂဟေတွာ</u> ။ (၀ိ၊၌၁။၂၀)

<u>အနက်ပေးပုံ။</u> အာယသ္မတော သုဒိန္နဿ <u>အာယသ္မန္တံ သုဒိန္နံ- ကို</u> ၊ <u>ပါဒေသု-တို့၌</u>၊ ဂဟေတွာ-၍။

(တနည်း)နိယံ။(ဂဟရှေ့မှ၊ အာခါရကို၊ ကံဆိုလိုမူ၊ ထိုရှေ့ပုဒ်မှာ၊ ဒုတိယာကို၊ ဆဋ္ဌီမှာသက်၊ ဤအချက်လည်း၊ မိန့်မြွက်ဆရာတစ်ဦးအလိုတည်း) (ဘုရားကြီးနိယံ၊ပဒ။၈၉)

ပုံစံ။ ထေရော <u>ရာဇာနံ ဒက္ခိဏဟတ္ထေ</u> အဂ္ဂဟေသိ။ (၀ိ၊၌၁။၄၂)

<u>အနက်ပေးပုံ။</u> ထေရော-အရှင်မောဂ္ဂလိပုတ္တတိဿထေရ်သည်၊ ရာဇာနံ-ဓမ္မာသောကမင်း၏၊ (ဒုတိယာဝိဘတ် ဆဋ္ဌီမှာသက်)၊ ဒက္ခိဏဟတ္ထေ-လက်ျာလက်ကို၊ (သတ္တမီဝိဘတ် ဒုတိယတ္ထ)၊ အဂ္ဂဟေသိ-ကိုင်ပြီ။

<u>ဆဋ္ဌီဝိဘတ်တိုက်ရိုက်ရှိသော ပုံစံ။</u>

<u>အာယသ္မတော သုဒိန္နဿ-၏</u> ၊ <u>ပါဒေသု-တို့ကို</u>၊ ဂဟေတွာ-၍။

(ပါဒေသု ဂဟေတွာတိ ပါဒေ ဂဟေတွာ၊ ဥပယောဂတ္ထေ ဘုမ္မ၀စနံ၊ ပါဒေသု ၀ါ တံ ဂဟေတွာ)။ (၀ိ၊၌၁။၁၇၈)

==============================

ယာ၀, ပုရာ, ပုရေ

နိယံ။ (ယာ၀ ပုရေ ပုရာ၊ သဒ္ဒါသုံးပါး၊ ယှဉ်ငြားသောခါ၊ နာဂတ်နက်မှာ၊ သက်ပါ၀တ္တမာန်ကိုတည်း) (ဘုရားကြီးနိယံ၊ပဒ။၂၂၅)

ပုံစံ။ "ယျောသိ ဘန္တေ ပုရာဟံ ဟညာမိ"။ (၀ိ၊၁။၅၃)

<u>အနက်ပေးပုံ။</u> ဘန္တေ-အရှင်ဘုရား၊ အဟံ-တပည့်တော်ကို၊ <u>ပုရာ ဟညာမိ</u>-ရိုက်နှက်ပုတ်ခတ် မသတ်အပ်မီ (၀ါ) မသတ်အပ်ခင် (၀ါ) ရှေ့သို့သတ်အပ်လတ္တံ့။

http://www.dhammadownload.com

ဓမ္မသင်္ဂဏီပါဠိတော် ပို့ချချက် (၈)

ဟေတာလင်္ကာရအနက်ပေးနည်း

ဟေတာလင်္ကာရအနက်ပေးနည်းဟူသည်= ဟိတ်ပုဒ်ဖြင့် တန်ဆာဆင်၍ အနက်ပေးခြင်းကို ဆိုလိုသည်။

ပုံစံ။ (ကိလေသဝိနယနေန-ကိလေသာတို့ကို ပယ်ဖျောက်နိုင်သောကြောင့်)(ဟိတ်ပုဒ်)၊ ဓမ္မော-မည်၏။

==========================

ဣတိ-သဒ္ဒါ ပဒတ္ထဝိပလ္လာသ၊ နာမတ္ထကြံ၍ အနက်ပေးနည်း

ပုံစံ။ ဓမ္မောတိ ပါဠိ။ (ဝိ၊၄၊၁။၁၈)

အနက်ပေးပုံ။ ဓမ္မောတိ-ဓမ္မောဟူသည်ကား (ဣတိ-သဒ္ဒါ ပဒတ္ထဝိပလ္လာသ)၊ ပါဠိ-တည်း။ ဓမ္မောတိ-ဓမ္မောမည်သည်ကား (ဣတိ-သဒ္ဒါ နာမတ္ထ)၊ ပါဠိ-ပါဠိတည်း။

(ဝါ) ပါဠိ-ပါဠိသည်၊ ဓမ္မောတိ ဓမ္မောနာမ-ဓမ္မမည်၏။

==========================

ဥပမာလင်္ကာရ (ဥပမာဖြင့်တန်ဆာဆင်၍ အနက်ပေးနည်း)

ဥပမာလင်္ကာရ-ဟူသည်= ဥပမာဖြင့် တန်ဆာဆင်၍ အနက်ပေးခြင်းကို ဆိုလိုသည်။

ပုံစံ။ ဣဓ ပန ဟေတုအတ္ထော ကရဏတ္ထော စ သမ္ဘဝတိ။ (ဝိ၊၄၊၁။၈၀)

= ဟေတုအတ္ထော ကရဏတ္ထော စ သမ္ဘဝတီတိ"အန္နေန ဝသတိ၊ဝိဇ္ဇာယ ဝသတီ"တိ-အာဒီသု ဝိယ ဟေတုအတ္ထော "ဖရသုနာ ဆိန္ဒတိ၊ ကုဒါလေန ခဏတီ"တိ-အာဒီသု ဝိယ ကရဏတ္ထော စ သမ္ဘဝတိ။ (သာရတ္ထ၊၁။၂၀၁)

အနက်ပေးပုံ။ ပန-အထူးကိုဆိုဦးအံ့၊ "အန္နေန ဝသတိ၊ ဝိဇ္ဇာယ ဝသတီ"တိအာဒီသု-တို့၌၊ ဟေတုအတ္ထော-ဟိတ်အနက်သည်၊ သမ္ဘဝတိ ဝိယ စ-ကဲ့သို့လည်းကောင်း "ဖရသုနာ ဆိန္ဒတိ၊ ကုဒါလေန ခဏတီ"တိအာဒီသု-တို့၌၊ ကရဏတ္ထော-သည်၊ သမ္ဘဝတိ ဝိယ စ-သကဲ့သိုလည်းကောင်း၊ တထာ-ထို့အတူ၊ ဣဓ-ဤဝိနည်းပါဠိတော်၌၊ ဟေတုအတ္ထော စ-လည်းကောင်း၊ ကရဏတ္ထော စ-လည်းကောင်း သမ္ဘဝတိ-၏။

မှတ်ချက်။ ဥပမာ,ဟိတ်တို့ဖြင့် တန်ဆာဆင်၍ အနက်ပေးလျှင်(ဥပမာဟေတာလင်္ကာရ)ဖြစ်၏။

==========================

ဥပမာအန္တောကရဏ (ဥပမာအတွင်းသွင်း၍)အနက်ပေးနည်း

ဥပမာအန္တောကရဏ-ဟူသည် ဥပမာနဝါကျကို ဥပမေယျဝါကျအတွင်းသွင်း၍ အနက်ပေးခြင်းကို ဆိုလိုသည်။

ပုံစံ။ သဝတိ စေတံ အတ္ထေ သဿမိဝ ဖလံ။ (ဝိ၊၄၊၁။၁၅)

http://www.dhammadownload.com

<u>အနက်ပေးပုံ</u> စ-ထိုမှတပါး၊ (သသံ-ကောက်သည်၊ ဖလံ-အသီးကို၊ သဝတိ ဣဝ-ဖြစ်စေသကဲ့သို့(သဒ္ဒတ္ထ)၊ (ဝါ)သီးသကဲ့သို့(အဓိပ္ပါယတ္ထ) (သု-ဘူ သန္ဒဇနိယသရေ)။ (ဥပမာနဝါကျအတွင်း)။ တထာ-ထို့အတူ၊ တေ သုတ္တံ-သည်၊ အတ္ထေ-အကျိုးစီးပွားတို့ကို၊ (ဝါ)အနက်တို့ကို၊ သဝတိ-၏။ (ဥပမေယျ)

မှတ်ချက်။ ပမာ,ပမေထင်ရှားစေလျက် အနက်ပေးပါဟုမေးလျှင် ဤအတိုင်းဖြေရန်။

=========================

ဥပမာဗဟိကရဏ(ဥပမာအပြင်ထုတ်၍)အနက်ပေးနည်း

<u>ဥပမာဗဟိကရဏ-ဟူသည်</u> ဥပမာနဝါကျကို အပြင်ထုတ်၍ အနက်ပေးခြင်းကို ဆိုလိုသည်။

အနက်ပေးပုံ။ စ-ထိုမှတပါး၊ တေ သုတ္တံ-သည်၊ အတ္ထေ-အကျိုးစီးပွားတို့ကို၊ (ဝါ)အနက်တို့ကို၊ သဝတိ-၏။ (ကိမိဝ-အဘယ်ကဲ့သို့နည်းဟူမူကား) သသံ-ကောက်သည်၊ ဖလံ-အသီးကို၊သဝတိ ဣဝ-ဖြစ်စေသကဲ့သို့တည်း(သဒ္ဒတ္ထ)၊ (ဝါ)သီးသကဲ့သို့တည်း(အဓိပ္ပါယတ္ထ)။

<u>မှတ်ချက်။</u> ပဓာန,အပဓာနအစဉ်ကျအောင် အနက်ပေးပါဟုဆိုလျှင် ဤအတိုင်းအနက်ပေးရန်။

<u>နိယံ</u> (ပမာ,ပမေ၊ ဤနှစ်ထွေ၊ ပမေ ပဓာနသာတည်း) ။

=========================

အာကာရ (သဒ္ဒတော)အန္တောကရဏအနက်ပေးနည်း

<u>အာကာရ(သဒ္ဒတော)အန္တောကရဏ-ဟူသည်=</u> အာကာရဝါကျကို မူလဝါကျအတွင်း သဒ္ဒါအားဖြင့် အတွင်းသွင်း၍ အနက်ပေးခြင်းကို ဆိုလိုသည်။

ပုံစံ။ အထ ခေါ အာယသ္မာ သုဒိန္နော တံ ဉာတိဒါသိံ ဧတဒဝေါစ "သစေ တံ ဘဂိနိ ဆဍ္ဍနီယဓမ္မံ၊ ဣဓ မေ ပတ္တေ အာကိရာ"တိ။ (ဝိ၊၁။၁၇)

<u>အနက်ပေးပုံ။</u> အထခေါ-၌၊ အာယသ္မာ သုဒိန္နော-သည်၊ တံ ဉာတိဒါသိံ-ကို (သစေတံ ။ပ။ အာကိရာတိ-ဟူ၍၊အဝေါစ-ဆိုပြီ)၊(ဘဂနိ-နှမ ။ပ။အာကိရ-လောင်းလိုက်ပါလော့)

=========================

အာကာရ(အတ္ထတော)အန္တောကရဏအနက်ပေးနည်း

<u>အာကာရ(အတ္ထတော)အန္တောကရဏ-ဟူသည်</u> အာကာရဝါကျကို မူလဝါကျအတွင်း အနက်အနက်အားဖြင့် သွင်း၍ အနက်ပေးခြင်းကို ဆိုလိုသည်။

အနက်ပေးပုံ။ အထခေါ-၌၊ အာယသ္မာ သုဒိန္နော-သည်၊ တံ ဉာတိဒါသိံ-ကို ၊ (ဘဂနိ-နှမ ။ပ။ အာကိရ-လောင်းလိုက်ပါလော့)၊ ဣတိ-သို့၊ ဧတံ ဝစနံ-ကို၊ အဝေါစ-ဆိုပြီ)၊

=========================

http://www.dhammadownload.com

အာကာရ (သဒ္ဒတော)ဗဟိကရဏအနက်ပေးနည်း

အနက်ပေးပုံ။ အထခေါ-၌၊ အာယသ္မာ သုဒိန္နော-သည်၊ တံ ဉာတိဒါသိံ-ကို၊ အဝေါစ-ဆိုပြီ၊ ကိံ-အဘယ်သို့၊ အဝေါစ-သနည်း၊ (သစေတံ ။ပ။ အာကိရာတိ-ဟူ၍)၊ အဝေါစ-ပြီ။ (ဘဂိနိ-နှမ ။ပ။ အာကိရ-လောင်းလိုက်ပါလော့)

==========================

အာကာရ(အတ္ထတော်)ဗဟိကရဏအနက်ပေးနည်း

အနက်ပေးပုံ။ အထခေါ-၌၊ အာယသ္မာ သုဒိန္နော-သည်၊ တံ ဉာတိဒါသိံ-ကို၊ အဝေါစ-ဆိုပြီ၊ ကိံ-အဘယ်သို့၊ အဝေါစ-သနည်း၊ (ဘဂိနိ-နှမ ။ပ။ အာကိရ-လောင်းလိုက်ပါလော့) ဣတိ-သို့၊ တံ ဝစနံ-ကို၊ အဝေါစ-ဆိုပြီ)။

နိယံ။ (ဣတိ-သဒ္ဒါ၊ အာကာရတ္ထ၊ နောက်၌ပြမူ၊ ဝါစကပုစ္ဆာ၊ ကိံ-သဒ္ဒါကို၊ ရှေ့မှာစွက်၍ အနက်သမ္ဗန်မြဲ)။ (ဘုရားကြီးနိယံ၊ပဒ။၁၄၁)

==========================

ဝါကျပရိဝတ္တန(ဝါကျအပြန်အလှန်)အနက်ပေးနည်း

(၁) ဖလ ကာရဏဝါကျများ။
(၂) ဒဋ္ဌိယ ဒဋ္ဌိကရဏဝါကျများ။
(၃) နိယမ အနိယမဝါကျများ။
(၄) ဥပမာန ဥပမေယျဝါကျများကို ဝါကျအပြန်အလှန် အနက်ပေးနိုင်သည်။

အနက်ပေးရာ၌ (၁) ဖလ ၊ ဒဋ္ဌိယဝါကျများကို ဦးစွာ အနက်ပေး။
(၂) ကသ္မာ-စသည် ပုစ္ဆာထုတ်၍ အနက်ပေး။
(၃) ကာရဏ ၊ ဒဋ္ဌိကရဏဝါကျများ၌ ယသ္မာ-ထည့်၍ အနက်ပေး။
(၄) တသ္မာ-ထည့်၍ မူလ ဖလ၊ ဒဋ္ဌိယဝါကျများကို ပြန်၍အနက်ပေး။

နိယံ။ (ဟေတုပိဋ္ဌိ၊ ဖြစ်လေဘိက၊ ရှေးရှိဖိုလ်မှာ၊ ကသ္မာ ကေန၊ ပုစ္ဆာပြလျက်၊ဟိတ်နှင့်ယှဉ်ပါ၊ ပြီးဆုံးခါ ဖိုလ်မှာလည်၍သတ်)

==========================

ဧသောဝနယော

နိယံ။ (ဧသောဝနယော၊ပုဒ်သဘောမှာ၊ထင်စွာဧဝ,ဣဝ၊နှစ်ချက်ခွဲ၍၊သမ္ဗန်မြဲ)(ဘုရားကြီးနိယံ၊ရ၁)

ပုံစံ။ (ဧသောဝနယော ဧသော ဧဝ နယော-ဤနည်းကိုသာလျှင် (ဧသော + ဧဝ)
(ဧသောဝနယော ဧသော ဣဝ နယော-ဤနည်းကဲ့သို့သော နည်းတည်း။(ဧသော+ဣဝ)

http://www.dhammadownload.com

ဓမ္မသင်္ဂဏီပါဠိတော် ပို့ချချက် (၁၁)

(နမူနာ အစိုးရဓမ္မာစရိယမေးခွန်း)

==============================

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

ဓမ္မာစရိယစာမေးပွဲ

ဓမ္မသင်္ဂဏီပါဠိအဋ္ဌကထာ။ ပဌမနေ့မေးခွန်း (၁၃၆၂-ခုနှစ်)

=====================

အောက်ဖော်ပြပါ ပါဠိတော်တို့ကို ကျနစွာ အနက်ယောဇနာပါ-

၁။ (က) ယာ တသ္မိံ သမယေ ဝိညာဏက္ခန္ဓဿ လဟုတာ လဟုပရိဏာမတာ အဒန္ဓနတာ အဝိတ္ထနတာ။

(ခ) ယာ တသ္မိံ သမယေ ဝိညာဏက္ခန္ဓဿ ဥဇုတာ ဥဇုကတာ အဇိမှတာ အဝင်္ကတာ အကုဋိလတာ။

၂။ (က) ယသ္မိံ သမယေ ရူပူပပတ္တိယာ မဂ္ဂံ ဘာဝေတိ ရူပီ ရူပါနိ ပဿတိ။

(ခ) ယာ တသ္မိံ သမယေ တေသံ ဓမ္မာနံ အနုညာတာနံ အဒိဋ္ဌာနံ အပတ္တာနံ အဝိဒိတာနံ အသစ္ဆိကတာနံ သစ္ဆိကိရိယာယ ပဇာနနာ ဓမ္မဝိစယော ဝေဘဗျာ။

၃။ ယာ ကုသလစိတ္တဿ ဝါ အကုသလစိတ္တဿ ဝါ အဗျာကတစိတ္တဿ ဝါ ဝါစာ ဂိရာ ဗျပ္ပထော ဥဒီရဏံ ဃောသော ဃောသကမ္မံ ဝါစာ ဝစီဘေဒေါ။ အယံ ဝုစ္စတိ ဝါစာ။

၄။ ကတ္ထ ကတမော လောဘော။ ယော အနုရောဓော သဥ္စနနီ ဇာလိနီ သရိတာ ဝိသတ္တိကာ သုတ္တံ ဝိသဋာ ပုစ္ဆဋ္ဌိကတာ ဝေဝိစ္ဆံ။

၅။ ဧတ္ထ စ နတ္ထိ အဘိနန္ဒိတဗ္ဗံ အဘိဝဒိတဗ္ဗံ အဇ္ဈောသိတဗ္ဗံ၊ ဧသေဝန္တော ရာဂါနုသယာနံ-ကို ဧတ္ထ-အစွဲမလွဲစေဘဲ ပကတိကတ္တား,ကရိဏ်းစုံလင်စွာထည့်၍ အနက်ယောဇနာပါ။

၆။ တဿ သမ္မသတော ဓမ္မံ၊ ဗုဒ္ဓဘူမိံ အသေသတော။
တေနာယံ ကမ္မိတာ ပထဝီ၊ ဒသသဟဿီ သဒေဝကေ-ကို နိသျှည်းကျကျ အနက်ပေးပါ။

၇။ ကန္တာရခိန္နဿ ဝနန္တောဒကဒဿနသဝနေသု ဝိယ ပီတိ၊ ဝနစ္ဆာယာပဝေသနဥဒကပရိဘောဂေသု ဝိယ သုခံ-ကို ပါဌသေသစုံလင်စွာ ထည့်စွက်၍ ဥပမာန , ဥပမေယျ ကွဲပြားအောင် အနက်ပေးပါ။

http://www.dhammadownload.com

ဓမ္မသင်္ဂဏီပါဠိတော် ပို့ချချက် (၁၂)

၈။ ကေဝလဥ္စ ဣမေသု ဝေဒနာပရိဝတ္တနဠေ ပီတိပရိဟာနဠ ဟောတိ၊ သေသံ သဒ္ဒိံ ဥပ္ပတ္တိနယေန တာဒိသမေဝ-ကို သဗ္ဗနာမ်ပုဒ်၏အစွဲ မှန်ကန်စေ၍ တာဒိသမေဝ-၌ အဓိပ္ပါယတ္ထ ထင်ရှားစေလျက် အနက်ပေးပါ။

၉။ ယထေဝ ဟိ မတသရီရံ ဇဝံ ဓိဝမာနကမ္ပိ အသုဘမေဝ၊ အသုဘလက္ခဏံ ပနေတ္ထ အာဂန္တုကေန အလင်္ကာရေန ပဋိစ္ဆန္နတ္တာ န ပညာယတိ-ကို "န ပညာယတိ"၌ သမ္ဗန္ဒါန်ပုဒ် ထည့်၍ အနက်ပေးပါ။

၁၀။ တသေ့ဝ သတ္တအကုသလစိတ္တသဟဇာတော သင်္ကပ္ပေါ အတ္ထိ၊ တေဟေဝ စိတ္တေဟိ ဝါစင်္ဂစောပနံ အတ္ထိ၊ ကာယင်္ဂစောပနံ အတ္ထိ၊ ပစ္စယပရိဘောဂေါ အတ္ထိ၊ သဟဇာတ-ဝါယာမော အတ္ထိ-ကို "သတ္တအကုသလစိတ္တသဟဇာတော"၌ သရူပတ္ထ ထင်ရှားစေလျက် အနက်ပေးပါ။

တစ်ပုဒ်လျှင် (၁၀)မှတ်စီ

http://www.dhammadownload.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

==========================

တိကမာတိကာ

၁။ ကုသလတိက်

၁။ <u>ကုသလာ ဓမ္မာ</u>

ကုသလာ- ကုသိုလ်မည်ကုန်သော (နာမသတ်)၊

(ဝါ) စက်ဆုတ်ဖွယ် အကုသိုလ်တရားတို့ကို ပဟာန်သုံးပါးတို့ဖြင့် လှုပ်ရှားစေတတ် ဖျက်ဆီးတတ်ကုန်သော၊ (ဌ၊ ပ-နည်းအဖွင့်)။

(ဝါ) ကုသမည်သော အကုသိုလ်တရားတို့ကို ဖြတ်တတ်ကုန်သော၊ (ဌ၊ ဒု-နည်းအဖွင့်)။

(ဝါ) ကုသမည်သော ဉာဏ်သည် ယူအပ် ဖြစ်စေအပ်ကုန်သော၊ (ဌ၊ တ-နည်းအဖွင့်)။

(ဝါ) သမန်းမြက်ပမာ နှစ်ဘက်သော ကိလေသာတို့ကို ဖြတ်တတ်ကုန်သော၊ (ဌ၊ စ-နည်းအဖွင့်)။

(ဝါ) အနာမရှိကုန်သော၊ (ဝါ) အပြစ်ကင်းကုန်သော၊ (ဝါ)ကောင်းသော အကျိုးရှိကုန်သော၊(သွာဃမိဓ အာရောဂျေ-စသော ဌ- အဖွင့်)။ ဓမ္မာ သံဝိဇ္ဇန္တိ။

၂။ <u>အကုသလာ ဓမ္မာ</u>

အကုသလာ-ကုသိုလ်မဟုတ်ကုန်သော၊(ဝါ)ကုသိုလ်၏ဆန့်ကျင်ဘက်ဖြစ်ကုန်သော၊ (အ-သည် ဝိရုဒ္ဓ (ပဋိပက္ခ) အနက်)၊ ဓမ္မာ သံဝိဇ္ဇန္တိ။

၃။ <u>အဗျာကတာ ဓမ္မာ</u>

အဗျာကတာ- ကုသိုလ် အကုသိုလ်တို့၏အဖြစ်အားဖြင့်ကား မဟောကြားအပ်ကုန် တစ်ပါးသောအဖြစ်အားဖြင့်သာ ဟောကြားအပ်ကုန်သော၊(အ-သည် အညအနက်)၊ ဓမ္မာ သံဝိဇ္ဇန္တိ။

http://www.dhammadownload.com

၂။ ဝေဒနာတိက်

၁။ <u>သုခါယ ဝေဒနာယ သမ္ပယုတ္တာ ဓမ္မာ</u>

သုခါယ-သုခဖြစ်သော၊ ဝေဒနာယ-နှင့်၊ သမ္ပယုတ္တာ-အညီအညွတ် ကေုပ္ပါဒ အစရှိသော အပြားတို့ဖြင့် ယှဉ်ကုန်သော၊ ဓမ္မာ သံဝိဇ္ဇန္တိ။

၂။ <u>ဒုက္ခာယ ဝေဒနာယ သမ္ပယုတ္တာ ဓမ္မာ (အနက် ပေးလေ)</u>

၃။ <u>အဒုက္ခမသုခါယ ဝေဒနာယ သမ္ပယုတ္တာ ဓမ္မာ</u>

အဒုက္ခမသုခါယ-ဒုက္ခလည်းမဟုတ် သုခလည်းမဟုတ်သော၊ (ဝါ) ဒုက္ခမှလည်း တပါး သုခမှလည်း တပါးသော၊ ဝေဒနာယ-နှင့်၊ သမ္ပယုတ္တာ-ကုန်သော၊ ဓမ္မာ သံဝိဇ္ဇန္တိ။

၃။ ဝိပါကတိက်

၁။ <u>ဝိပါကာ ဓမ္မာ</u>

ဝိပါကာ-အချင်းချင်း ထူးကုန်သော ကုသိုလ် အကုသိုလ်တို့၏ အကျိုးဖြစ်ကုန်သော၊ ဓမ္မာ သံဝိဇ္ဇန္တိ။

၂။ <u>ဝိပါကဓမ္မဓမ္မာ</u>

ဝိပါကဓမ္မဓမ္မာ - အကျိုးကိုဖြစ်စေခြင်း သဘောရှိကုန်သော သတ္တလည်း မဟုတ် ဇီဝလည်း မဟုတ်ကုန်သော သဘောတရားတို့သည်၊ သံဝိဇ္ဇန္တိ။

၃။ <u>နေဝဝိပါကနဝိပါကဓမ္မဓမ္မာ</u>

နေဝဝိပါကနဝိပါကဓမ္မဓမ္မာ-အချင်းချင်းထူးကုန်သော ကုသိုလ်အကုသိုလ်တို့၏ အကျိုးလည်း မဟုတ်၊အကျိုးကိုဖြစ်စေခြင်း သဘောရှိသည်လည်း မဟုတ်ကုန်သော သတ္တလည်းမဟုတ် ဇီဝလည်းမဟုတ်ကုန်သော သဘောတရားတို့သည်၊ သံဝိဇ္ဇန္တိ။

၄။ ဥပါဒိန္နတိက်

၁။ <u>ဥပါဒိန္နုပါဒါနိယာ ဓမ္မာ</u>

ဥပါဒိန္နုပါဒါနိယာ-အာရုံပြုသောအားဖြင့် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော

http://www.dhammadownload.com

ကံသည် အကျိုး၏အဖြစ်ဖြင့် ယူအပ်ကုန်သည်ဖြစ်၍ ဥပါဒါန်တို့၏ အစီးအပွား ဖြစ်ကုန်သော၊ ဓမ္မာ သံဝိဇ္ဇန္တိ။

၂။ အနုပါဒိန္နုပါဒါနိယာ ဓမ္မာ

အနုပါဒိန္နုပါဒါနိယာ - အာရုံပြုသောအားဖြင့် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏အဖြစ်ဖြင့် မယူအပ်ကုန်သည်ဖြစ်၍ ဥပါဒါန်တို့၏ အစီးအပွားသာ ဖြစ်ကုန်သော၊ ဓမ္မာ သံဝိဇ္ဇန္တိ။

၃။ အနုပါဒိန္နအနုပါဒါနိယာ ဓမ္မာ

အနုပါဒိန္နအနုပါဒါနိယာ- အာရုံ ။ပ။ အဖြစ်ဖြင့် ယူအပ်ကုန်သည်လည်း မဟုတ်၊ ဥပါဒါန်တို့၏ အစီးအပွားလည်း မဟုတ်ကုန်သော၊ ဓမ္မာ သံဝိဇ္ဇန္တိ။

၅။ သံကိလိဋ္ဌတိက်

၁။ သံကိလိဋ္ဌသံကိလေသိကာ ဓမ္မာ

သံကိလိဋ္ဌသံကိလေသိကာ-ပူပန်စေတတ် နှိပ်စက်တတ်သော ကိလေသာတို့သည် ပူပန်စေအပ် နှိပ်စက်အပ်ကုန်သည်ဖြစ်၍၊ ပူပန်စေတတ် နှိပ်စက်တတ်သော ကိလေသာတို့ကို ရခြင်းငှာ ထိုက်ကုန်သော၊

(ဝါ) ကိလေသာနှင့်လည်းပြည့်စုံ-ကိလေသာ၌ အာရုံအဖြစ်ဖြင့်လည်း ယှဉ်ကုန်သော၊ ဓမ္မာ သံဝိဇ္ဇန္တိ။

၂။ အသံကိလိဋ္ဌသံကိလေသိကာ ဓမ္မာ

အသံကိလိဋ္ဌသံကိလေသိကာ - ပူပန် ။ ပ ။ နှိပ်စက်အပ်သည် မဟုတ်ကုန်သည် ဖြစ်၍ ပူပန်စေတတ် ။ ပ ။ ရခြင်းငှာသာ ထိုက်ကုန်သော။

(ဝါ) ကိလေသာတရားနှင့်ပြည့်စုံသည်ကား မဟုတ်၊ကိလေသာ၌ကား အာရုံအဖြစ်ဖြင့် ယှဉ်ကုန်သော၊ ဓမ္မာ သံဝိဇ္ဇန္တိ။

၃။ အသံကိလိဋ္ဌအသံကိလေသိကာ ဓမ္မာ

အသံကိလိဋ္ဌအသံကိလေသိကာ- ပူပန် ။ပ။ နှိပ်စက်အပ်ကုန်သည်လည်း မဟုတ်၊ ပူပန် ။ပ။ ရခြင်းငှာထိုက်သည်လည်း မဟုတ်ကုန်သော၊

http://www.dhammadownload.com

(ဝါ) ကိလေသာနှင့် ပြည့်စုံသည်လည်းမဟုတ်၊ ကိလေသာ၌ အာရုံအဖြစ်ဖြင့် ယှဉ်သည်လည်း မဟုတ်ကုန်သော၊ ဓမ္မာ သံဝိဇ္ဇန္တိ။

၆။ ဝိတက္ကတိက်

၁။ သဝိတက္ကသဝိစာရာ ဓမ္မာ

သဝိတက္ကသဝိစာရာ-ဝိတက်နှင့်လည်းတကွ ဝိစာရနှင့်လည်းတကွ ဖြစ်ကုန်သော၊ ဓမ္မာ သံဝိဇ္ဇန္တိ။

၂။ အဝိတက္ကဝိစာရမတ္တာ ဓမ္မာ

အဝိတက္ကဝိစာရမတ္တာ-ဝိတက်ကားမရှိ ဝိစာရမျှသာရှိကုန်သော၊ဓမ္မာ သံဝိဇ္ဇန္တိ။

၃။ အဝိတက္ကအဝိစာရာ ဓမ္မာ

အဝိတက္ကအဝိစာရာ-ဝိတက်လည်းမရှိ ဝိစာရလည်းမရှိကုန်သော၊ဓမ္မာ သံဝိဇ္ဇန္တိ။

၇။ ပီတိတိက်

၁။ ပီတိသဟဂတာ ဓမ္မာ

ပီတိသဟဂတာ-ပီတိနှင့်တကွ ဖြစ်ကုန်သော၊ (ဝါ) ပီတိနှင့်တကွ ကေုပ္ပါဒတာ အစရှိသောအဖြစ်သို့ရောက်ကုန်သော၊(ဝါ)ပီတိနှင့် ကေုပ္ပါဒတာအစရှိသော အစွမ်းဖြင့် နှီးနှောကုန်သော၊ ဓမ္မာ သံဝိဇ္ဇန္တိ။

၂။ သုခသဟဂတာ ဓမ္မာ

သုခသဟဂတာ - သုခဝေဒနာနှင့် (ကြွင်းတူ)။

၃။ ဥပေက္ခာသဟဂတာ ဓမ္မာ

ဥပေက္ခာသဟဂတာ - ဥပေက္ခာဝေဒနာနှင့် (ကြွင်းတူ)။

၈။ ဒဿနတိက်

၁။ ဒဿနေန ပဟာတဗ္ဗာ ဓမ္မာ

ဒဿနေန-သောတာပတ္တိမဂ်သည်၊ ပဟာတဗ္ဗာ-ပယ်အပ်ကုန်သော၊ ဓမ္မာ သံဝိဇ္ဇန္တိ

၂။ ဘာဝနာယ ပဟာတဗ္ဗာ ဓမ္မာ

ဘာဝနာယ-အထက်မဂ်သုံးခုသည် (ကြွင်းပေးလေ)။

http://www.dhammadownload.com

ဓမ္မသင်္ဂဏီပါဠိတော် ပိုဒ်ချုပ် (၁၇)

၃။ နေဝ ဒဿနေန န ဘာဝနာယ ပဟာတဗ္ဗာ ဓမ္မာ

နေဝ ဒဿနေန န ဘာဝနာယ ပဟာတဗ္ဗာ–သောတာပတ္တိမဂ်သည် ပယ်အပ် သည်လည်း မဟုတ်၊ အထက်မဂ်သုံးခုသည် ပယ်အပ်သည်လည်း မဟုတ်ကုန်သော၊ ဓမ္မာ သံဝိဇ္ဇန္တိ။

၉။ ဒဿနဟေတုတိက်

၁။ ဒဿနေန ပဟာတဗ္ဗဟေတုကာ ဓမ္မာ

ဒဿနေန ပဟာတဗ္ဗဟေတုကာ– သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ် ရှိကုန်သော၊ ဓမ္မာ သံဝိဇ္ဇန္တိ။ (ကြွင်း လွယ်ပြီ)။

၁၀။ အာစယဂါမိတိက်

၁။ အာစယဂါမိနော ဓမ္မာ

အာစယဂါမိနော – စုတိ ပဋိသန္ဓေသို့ ရောက်ကြောင်းဖြစ်ကုန်သော၊ ဓမ္မာ သံဝိဇ္ဇန္တိ။

၂။ အပစယဂါမိနော ဓမ္မာ

အပစယဂါမိနော– နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်ကုန်သော၊ ဓမ္မာ သံဝိဇ္ဇန္တိ။

၃။ နေဝါစယဂါမိနာပစယဂါမိနော ဓမ္မာ

နေဝါစယဂါမိနာပစယဂါမိနော– စုတိပဋိသန္ဓေသို့ ရောက်ကြောင်းလည်း မဟုတ် နိဗ္ဗာန်သို့ ရောက်ကြောင်းလည်း မဟုတ်ကုန်သော၊ ဓမ္မာ သံဝိဇ္ဇန္တိ။

၁၁။ သေက္ခတိက်

၁။ သေက္ခာ ဓမ္မာ

သေက္ခာ–သုံးပါးကုန်သော အဓိသီလသိက္ခာ အဓိစိတ္တသိက္ခာ အဓိပညာသိက္ခာတို့၌ ဖြစ်ကုန်သော၊ (၄၊ ပ–နည်း အဖွင့်)၊

(ဝါ) သေက္ခပုဂ္ဂိုလ်ခုနစ်ယောက်တို့၏ ဥစ္စာဖြစ်ကုန်သော၊ (၄၊ ဒု–နည်း အဖွင့်)။

(ဝါ) ကျင့်ဆဲဖြစ်ကုန်သော၊(၄၊ တ–နည်း အဖွင့်)။ (အပရိယောသိတသိက္ခတ္တာ–ဟု ဟိတ်ပုဒ်ထည့်)၊ ဓမ္မာ သံဝိဇ္ဇန္တိ။

၂။ အသေက္ခာ ဓမ္မာ

အသေက္ခာ–ကျင့်ဆဲမဟုတ်ကုန်သော၊(ဥပရိ သိက္ခိတဗ္ဗာဘာဝတော–ဟု ဟိတ်ပုဒ် ထည့်၊ဤ၌ အ–သည် အဗြာဟ္မဏော–၌ကဲ့သို့ သဒိသအနက်)၊(၄ ပ–နည်းအဖွင့်)

http://www.dhammadownload.com

ဓမ္မသင်္ဂဏီပါဠိတော် ပိုဒ်ချုပ် (၁၈)

(ဝါ) ကြီးပွားခြင်းသို့ ရောက်ကုန်သော၊(ဤ၌ အ-သည် ကမ္မာကမ္မာ ဖလာဖလံတို့၌ကဲ့သို့ ဝုဒ္ဓိအနက်)၊ (၄၊ ၃-နည်း အဖွင့်)။ ဓမ္မာ သံဝိဇ္ဇန္တိ။

၃။ နေဝသေက္ခာ နာသေက္ခာ ဓမ္မာ

နေဝသေက္ခာ နာသေက္ခာ-ကျင့်ဆဲလည်းမဟုတ် ကျင့်ပြီးလည်းမဟုတ်ကုန်သော၊ ဓမ္မာ သံဝိဇ္ဇန္တိ။

၁၂။ ပရိတ္တတိက်

၁။ ပရိတ္တာ ဓမ္မာ

ပရိတ္တာ-နည်းသော အာနုဘော်ရှိကုန်သော၊ ဓမ္မာ သံဝိဇ္ဇန္တိ။

၂။ မဟဂ္ဂတာ ဓမ္မာ

မဟဂ္ဂတာ-မြတ်သည်၏အဖြစ်သို့ ရောက်ကုန်သော၊ (ဝါ) မြတ်ကုန်သော ဈာန-လာဘီ ပုဂ္ဂိုလ်တို့သည် ရောက်အပ် ကျင့်အပ်ကုန်သော၊ ဓမ္မာ သံဝိဇ္ဇန္တိ။

၃။ အပ္ပမာဏာ ဓမ္မာ

အပ္ပမာဏာ-နှိုင်းယှဉ်ခြင်းကို ပြုတတ်ကုန်သော ရာဂအစရှိသော ကိလေသာ တရားတို့ မရှိကုန်သော၊ (ဝါ) နှိုင်းယှဉ်ခြင်းကို ပြုတတ်ကုန်သော ရာဂအစရှိသော ကိလေသာတရားတို့၏ ဆန့်ကျင်ဘက်ဖြစ်ကုန်သော၊ ဓမ္မာ သံဝိဇ္ဇန္တိ။

၁၅။ မိစ္ဆတ္တတိက်

၁။ မိစ္ဆတ္တနိယတာ ဓမ္မာ

မိစ္ဆတ္တနိယတာ - ဖောက်ပြန်သောသဘော ရှိကုန်သည်ဖြစ်၍ စုတိ၏ အခြားမဲ့၌ အကျိုးပေးသည်၏ အစွမ်းဖြင့် မြဲကုန်သော၊ ဓမ္မာ သံဝိဇ္ဇန္တိ။

၂။ သမ္မတ္တနိယတာ ဓမ္မာ

သမ္မတ္တနိယတာ-မဖောက်မပြန်သော သဘောရှိကုန်သည်ဖြစ်၍ မိမိ၏ အခြားမဲ့၌ အကျိုးပေးသည်၏ အစွမ်းဖြင့် မြဲကုန်သော၊ ဓမ္မာ သံဝိဇ္ဇန္တိ။

၃။ အနိယတာ ဓမ္မာ

အနိယတာ-နှစ်ပါးသော အခြင်းအရာတို့ဖြင့် မမြဲကုန်သော၊ ဓမ္မာ သံဝိဇ္ဇန္တိ။

http://www.dhammadownload.com

ဓမ္မသင်္ဂဏီပါဠိတော် မိုချုပ် (၁၉)

၁၆။ မဂ္ဂါရမ္မဏတိက်

၁။ မဂ္ဂါရမ္မဏာ ဓမ္မာ

မဂ္ဂါရမ္မဏာ–မဂ်လျှင်အာရုံရှိကုန်သော၊(ဝါ)မဂ်ကို အာရုံပြုကုန်သော၊ဓမ္မာ သံဝိဇ္ဇန္တိ

၂။ မဂ္ဂဟေတုကာ ဓမ္မာ

မဂ္ဂဟေတုကာ – မဂ်တည်းဟူသော အကြောင်းရှိကုန်သော၊

(ဝါ) မဂ်နှင့်ယှဉ်သော ဟိတ်ရှိကုန်သော၊

(ဝါ) မဂ်၌တည်သော ဟိတ်ရှိကုန်သော၊

(ဝါ) သမ္မာဒိဋ္ဌိမဂ္ဂင်ဟု ဆိုအပ်သော ဟိတ်ရှိကုန်သော၊ ဓမ္မာ သံဝိဇ္ဇန္တိ။

၃။ မဂ္ဂါဓိပတိနော ဓမ္မာ

မဂ္ဂါဓိပတိနော–မဂ်ဟုဆိုအပ်သော အာရမ္မဏာဓိပတိပစ္စည်းရှိကုန်သော၊

(ဝါ) မဂ်ဟုဆိုအပ်သော သဟဇာတာဓိပတိပစ္စည်းရှိကုန်သော၊

(ဝါ) မဂ်လျှင် သဟဇာတာဓိပတိပစ္စည်းဖြစ်ကုန်သော၊ ဓမ္မာ သံဝိဇ္ဇန္တိ။

၁၇။ ဥပ္ပန္နတိက်

၁။ ဥပ္ပန္နာ ဓမ္မာ

ဥပ္ပန္နာ–ဥပါဒ်မှသည် ဘင်တိုင်အောင် အထက်၌ ဖြစ်ကုန်သော၊ဓမ္မာ သံဝိဇ္ဇန္တိ။

၂။ အနုပ္ပန္နာ ဓမ္မာ

အနုပ္ပန္နာ – အလုံးစုံသော ဥပ္ပန္နမဟုတ်ကုန်သော၊ ဓမ္မာ သံဝိဇ္ဇန္တိ။

၃။ ဥပ္ပါဒိနော ဓမ္မာ

ဥပ္ပါဒိနော–အကြောင်းတစ်စိတ်ပြီးပြီးသည်၏အဖြစ်ကြောင့် မချွတ်ဖြစ်လတ္တံ့ ကုန်သော၊ ဓမ္မာ သံဝိဇ္ဇန္တိ။

၁၈။ အတီတတိက်

၁။ အတီတာ ဓမ္မာ

အတီတာ–မိမိသဘောသို့(ဝါ) ဥပါဒ် စသော ခဏသို့ရောက်ပြီး၍ လွန်ကုန်သော၊ ဓမ္မာ သံဝိဇ္ဇန္တိ။

၂။ အနာဂတာ ဓမ္မာ

အနာဂတာ–နှစ်ပါးစုံသို့ မရောက်ကုန်သေးသော၊ ဓမ္မာ သံဝိဇ္ဇန္တိ။

ဓမ္မသင်္ဂဏီပါဠိတော် ပိုဒ်ချုပ် (၂၀)

၃။ <u>ပစ္စုပ္ပန္နာ ဓမ္မာ</u>

ပစ္စုပ္ပန္နာ–ထိုသို့သော အကြောင်းကိုစွဲ၍ ဖြစ်ဆဲဖြစ်ကုန်သော၊ ဓမ္မာ သံဝိဇ္ဇန္တိ။

၂၀။ အဇ္ဈတ္တတိက်

၁။ အဇ္ဈတ္တာ ဓမ္မာ

အဇ္ဈတ္တာ–မိမိကို အကြီးအမှူးတည်ရာပြု၍ ဖြစ်ကုန်သော၊ ဓမ္မာ သံဝိဇ္ဇန္တိ။

၂။ ဗဟိဒ္ဓါ ဓမ္မာ

ဗဟိဒ္ဓါ–မိမိမှ အပဖြစ်ကုန်သော၊ ဓမ္မာ သံဝိဇ္ဇန္တိ။

၃။ <u>အဇ္ဈတ္တဗဟိဒ္ဓါ ဓမ္မာ</u>

အဇ္ဈတ္တဗဟိဒ္ဓါ–မိမိကို အကြီးအမှူးတည်ရာပြု၍ဖြစ်ကုန်သော မိမိမှအပ ဖြစ်ကုန်သော၊ ဓမ္မာ သံဝိဇ္ဇန္တိ။

၂၂။ သနိဒဿနတိက်

၁။ <u>သနိဒဿနသပ္ပဋိဃာ ဓမ္မာ</u>

သနိဒဿနသပ္ပဋိဃာ – မြင်ခြင်းနှင့်လည်းတကွ ထိပါးခြင်းနှင့်လည်းတကွ ဖြစ်ကုန်သော (ဝါ) မြင်အပ်သည်၏ အဖြစ်နှင့်လည်းတကွ ထိပါးတတ်သည်၏ အဖြစ်နှင့်လည်းတကွ ဖြစ်ကုန်သော၊ (ဝါ)မြင်အပ်သည်နှင့်လည်းတကွ ထိပါးတတ်သည်နှင့်လည်းတကွ ဖြစ်ကုန်သော၊ ဓမ္မာ သံဝိဇ္ဇန္တိ။

၂။ <u>အနိဒဿနသပ္ပဋိဃာ ဓမ္မာ</u>

အနိဒဿနသပ္ပဋိဃာ– မြင်ခြင်းမရှိ ထိပါးခြင်းနှင့်တကွ ဖြစ်ကုန်သော၊ (ဝါ)မြင်အပ်သည်၏ အဖြစ်မရှိ ထိပါးတတ်သည်၏အဖြစ်နှင့်တကွဖြစ်ကုန်သော၊ (ဝါ)မြင်အပ်သည်မရှိ ထိပါးတတ်သည်နှင့်တကွ ဖြစ်ကုန်သော၊ ဓမ္မာ သံဝိဇ္ဇန္တိ။

၃။ <u>အနိဒဿနအပ္ပဋိဃာ ဓမ္မာ</u>

အနိဒဿနအပ္ပဋိဃာ–မြင်ခြင်းလည်းမရှိ ထိပါးခြင်းလည်းမရှိကုန်သော (တူပြီ)၊ ဓမ္မာ သံဝိဇ္ဇန္တိ။

==================================

http://www.dhammadownload.com

ဒုကမာတိကာ

မှတ်ချက်။ ဒုကမာတိကာ၌ ခက်ခဲသော ပုဒ်များကိုသာ ထုတ်နှုတ်ရေးသားပါသည်။

စူဠန္တရဒုက

=သပ္ပစ္စယာ - အကြောင်းနှင့်တကွ ဖြစ်ကုန်သော၊ ဓမ္မာ သံဝိဇ္ဇန္တိ။

=အပ္ပစ္စယာ - အကြောင်းမရှိကုန်သော။

=သင်္ခတာ - အကြောင်းတရားတို့သည် အညီအညွတ်စုဝေး၍ ပြုပြင်အပ်ကုန်သော။

=အသင်္ခတာ - အကြောင်းတရားတို့သည် အညီအညွတ် စုဝေး၍ ပြုပြင်အပ်ကုန်သည် မဟုတ်ကုန်သော။

=ရူပိနော - ဖောက်ပြန်ခြင်းရှိကုန်သော။

=လောကိယာ - လောက၌ ယှဉ်ကုန်သော။

=ကေနစိ - တစ်စုံတစ်ခု အမှတ်မရှိသော ဝိညာဏ်သည်၊ ဝိညေယျာ-သိအပ်ကုန်သော။

အာသဝဂေါစ္ဆက

=အာသဝါ - အာသဝမည်ကုန်သော၊(ဝါ) ဘုံအားဖြင့် ဘဝဂ်တိုင်အောင် ဓမ္မအားဖြင့် ဂေါတြဘုတိုင်အောင် ယိုစီးတတ်ကုန်သော။

သညောဇနဂေါစ္ဆက

=သညောဇနာ - သံယောဇဉ်မည်ကုန်သော၊(ဝါ)သံယောဇဉ်ရှိသောပုဂ္ဂိုလ်ကို ကမ္မ ကိလေသ ဝိပါကဟုဆိုအပ်သော ဝဋ်သုံးပါး၌ ယှဉ်စေတတ် ဖွဲ့တတ်ကုန်သော။

=သညောဇနိယာ - အာရုံအဖြစ်သို့ ကပ်ရောက်၍ သံယောဇဉ်တို့နှင့် စပ်ခြင်းကြောင့် သံယောဇဉ်တို့၏ အစီးအပွားဖြစ်ကုန်သော။

ဂန္ထဂေါစ္ဆက

=ဂန္ထာ - ကုန်သော၊ (ဝါ) မိမိဖြစ်ရာ ပုဂ္ဂိုလ်ကို စုတိ ပဋိသန္ဓေတို့၏အစွမ်းဖြင့် ဝဋ်သုံးပါး၌ ဖွဲ့တတ် ဆက်စပ်တတ်ကုန်သော။

=ဂန္ထနိယာ - အာရုံပြုသည်၏ အစွမ်းဖြင့် ဂန္ထတရားတို့သည် ဖွဲ့အပ်ကုန်သော။

ဩဃဂေါစ္ဆက

=ဩဃာ - ကုန်သော၊ (ဝါ) မိမိဖြစ်ရာပုဂ္ဂိုလ်ကို ဝဋ်သုံးပါး၌ပင် အောက်သို့ချ၍ ညှဉ်းဆဲတတ် နစ်မြုပ်စေတတ်ကုန်သော။

http://www.dhammadownload.com

ဓမ္မသင်္ဂဏီပါဠိတော် ပို့ချချက် (၂၂)

=ဩဃနိယာ - အာရုံပြု၍ လွှန်ကျူးကျော်နင်းအပ်သည်၏အဖြစ်ကြောင့် ဩဃတို့သည် လွှန်ကျူးကျော်နင်းအပ်ကုန်သော။

ယောဂဂေါစ္ဆက

=ယောဂါ - ကုန်သော၊ (ဝါ) မိမိဖြစ်ရာပုဂ္ဂိုလ်ကို ဝဋ်သုံးပါး၌ သစ်စေးကဲ့သို့ စေးကပ်ငြိတွယ်စေတတ်ကုန်သော။

နီဝရဏဂေါစ္ဆက

=နီဝရဏာ - ကုန်သော၊ (ဝါ) စိတ်ကို မြေးယှက်တတ်ကုန်သော။

ပရာမာသဂေါစ္ဆက

=ပရာမာသာ - ကုန်သော၊(ဝါ) ရုပ်နာမ်တရားတို့၏ ဟုတ်မှန်တိုင်းသော အနိစ္စစသော အခြင်းအရာကို ကျော်လွှန်၍ နိစ္စအစရှိသည်တို့၏အစွမ်းဖြင့် ဖြစ်ကုန်သည်ဖြစ်၍ အနိစ္စအစရှိသောအခြင်းအရာမှတပါး နိစ္စအစရှိသောအခြင်းအရာအားဖြင့် သုံးသပ်တတ်ကုန်သော။

=ပရာမဋ္ဌာ - ကုန်သော၊ (ဝါ) ပရာမာသတရားတို့သည် အာရုံပြုသည်၏အစွမ်းဖြင့် အနိစ္စစသော ဟုတ်မှန်သောသဘောမှတပါး နိစ္စစသော မဟုတ်မမှန်သော သဘောအားဖြင့် သုံးသပ်အပ်ကုန်သော။

မဟန္တရဒုက်

=သာရမ္မဏာ - အာရုံနှင့်တကွ ဖြစ်ကုန်သော။

=စိတ္တသံသဋ္ဌာ - ဥပါဒ်မှဘင်တိုင်အောင် စိတ်နှင့် နှီးနှောကုန်သော။

=စိတ္တသမုဋ္ဌာနာ - စိတ်လျှင်ဖြစ်ကြောင်းရှိကုန်သော။

=စိတ္တသံသဋ္ဌသမုဋ္ဌာနာ-စိတ်နှင့်လည်းနှီးနှော စိတ်လျှင် ဖြစ်ကြောင်းရှိသည်လည်းဖြစ်ကုန်သော။

=စိတ္တသံသဋ္ဌသမုဋ္ဌာနသဟဘုနော- စိတ်နှင့်လည်း နှီးနှောသော စိတ်လျှင် ဖြစ်ကြောင်းရှိသည်လည်းဖြစ်သော စိတ်နှင့်တကွလည်းဖြစ်ကုန်သော။

=အဇ္ဈတ္တိကာ - မြဲသော မိမိသန္တာန်၌ ဖြစ်ကုန်သော။

=ဥပါဒါ - မဟာဘုတ်တို့ကို စွဲလမ်းတတ်ကုန်သော။

ဥပါဒါန ဂေါစ္ဆက

=ဥပါဒါနာ- ကုန်သော၊ (ဝါ) ပြင်းစွာယူတတ် စွဲလမ်းတတ်ကုန်သော၊ (ဥပ-သဒ္ဒ ဒဠှတ္ထ)(ဝါ)မြဲမြံစွာ ယူအပ်သည်မည်လောက်အောင် ယူတတ်ကုန်သော၊ (ဝါ)မြဲမြံစွာ စွဲလမ်းခြင်းကို စွဲလမ်းတတ်ကုန်သော ။(အဓိပ္ပါယတ္ထ)။

http://www.dhammadownload.com

ဓမ္မသင်္ဂဏီပါဠိတော် ပို့ချချက် (၂၃)

ပိဋ္ဌိဒုက်

=ပရိယာပန္နာ - တေဘူမကဝဋ်ဆင်းရဲ၌ အကျုံးဝင်ကုန်သော။

=နိယျာနိကာ - ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်ကုန်သော၊ (ဝါ)ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်းဖြစ်ကုန်သော။

=နိယတာ - စုတိ၏ ငင်း မိမိ၏ ငင်း ဖြစ်ခြင်း၏ အခြားမဲ့၌ အကျိုးပေးခြင်း မြဲကုန်သော။

=သဥတ္တရာ - လောကုတ္တရာ တရားတို့နှင့်တကွ ဖြစ်ကုန်သော၊ (ဝါ) မိမိတို့မှ တစ်ပါးကုန်သော လောကီတရားတို့ကို လွန်မြောက်နိုင်ကုန်သော (သဒ္ဒတ္ထ) (ဝါ) မိမိတို့မှ တစ်ပါးကုန်သော လောကီတရားတို့ကို ပယ်စွန့်နိုင်ကုန်သော (**အဓိပ္ပါယတ္ထ**)၊ (ဝါ) မိမိဟူသောသဥတ္တရတရားကို လွန်မြောက်ခြင်းငှာ စွမ်းနိုင်ကုန်သော ဥတ္တရမည်သောတရားတို့နှင့် တကွဖြစ်ကုန်သော။

=သရဏာ - ရာဂစသော ကိလေသာတို့နှင့်တကွ ဖြစ်ကုန်သော၊ (ဝါ) သမ္ပယုတ်၏ အစွမ်းဖြင့်လည်းကောင်း, ပယ်အပ်သည်၏အဖြစ်ဖြင့် တစ်ဦးသောပုဂ္ဂိုလ်၏ အဖြစ်၌တည်သည်၏အဖြစ်နှင့် စပ်သဖြင့်လည်းကောင်း ငိုကြွေးကြောင်းဖြစ်သော ရာဂစသောကိလေသာတရားတို့နှင့် တကွဖြစ်တတ်ကုန်သော။

=အရဏာ - ငိုကြွေးကြောင်းဖြစ်သော ရာဂစသော ကိလေသာ မရှိကုန်သော။

သုတ္တန္တိက ဒုကမာတိကာ

=ဝိဇ္ဇာဘာဂိနော - သမ္ပယုတ်၏အစွမ်းဖြင့် (၈)ပါးသော ဝိဇ္ဇာသို့ ဆည်းကပ်တတ်ကုန်သော (ဝါ)အပေါင်း၏ အစိတ်ဖြစ်သော ဝိဇ္ဇာအဖို့၌ဖြစ်ကုန်သော၊ (ဝါ) ထို(၈)ပါးသော ဝိဇ္ဇာတို့နှင့် ယှဉ်ကုန်သော၊ (ဝါ) ဝိဇ္ဇာ (၈) ပါးအစု၌ ဖြစ်ကုန်သော။

=အဝိဇ္ဇာဘာဂိနော - သမ္ပယုတ်၏အစွမ်းဖြင့် သစ္စာ(၄)ပါးကို ဖုံးလွှမ်းတတ်ကုန်သော မောဟ (၄)ပါးသို့ ဆည်းကပ်တတ်ကုန်သော၊ (ဝါ) သစ္စာ(၄)ပါးကို ဖုံးလွှမ်းတတ်ကုန်သော မောဟအစု၌ ဖြစ်ကုန်သော၊ **ဓမ္မာ**–အကုသိုလ်စိတ် ဒွါဒသ **မောဟကြဉ်သော စေတသိက်ဆဗ္ဗိသတရားတို့သည် (အဘိဓေယျတ္ထ)** သံဝိဇ္ဇန္တိ။

=ဝိဇ္ဇူပမာ - လျှပ်စစ်ဥပမာရှိကုန်သော၊(ဝါ)လျှပ်စစ်နှင့်တူကုန်သော၊**ဓမ္မာ**–အောက်မဂ် **စိတ်(၃)ခု၌ရှိသော ပညာတရားတို့သည်(အဘိဓေယျတ္ထ)**၊ သံဝိဇ္ဇန္တိ

http://www.dhammadownload.com

ဓမ္မသင်္ဂဏီပါဠိတော် မှီချက် (၂၄)

=ဝဇိရူပမာ – မိုးကြိုးစက် ဥပမာရှိကုန်သော (ဝါ) မိုးကြိုးစက်နှင့် တူကုန်သော၊ ဓမ္မာ– **အရဟတ္တမဂ်စိတ်၌ရှိသော ပညာတရားတို့သည်။**

=ဗာလာ – မိုက်ကုန်သော၊ (ဝါ) သူမိုက်တို့၌ တည်ကုန်သော၊ဓမ္မာ–အကုသိုလ်စိတ် **ဒွါဒသ စေတသိက်သတ္တဝီသတရားတို့သည်။**

=ပဏ္ဍိတာ – ပညာရှိကုန်သော၊ (ဝါ) ပညာရှိတို့၌တည်ရှိကုန်သော၊ဓမ္မာ–ကုသိုလ်စိတ် **ဧကဝီသ စေတသိက်အဋ္ဌတိံသတရားတို့သည်။**

=ကဏှာ – မည်းညစ်ကုန်သော၊ (ဝါ) အပါယ်ဆင်းရဲ ဘုန်းနည်းခြင်းဟု ဆိုအပ်သော မည်းညစ်သောဇာတ်၏ အကြောင်းဖြစ်ကုန်သော။

=သုက္ကာ – ဖြူစင်ကုန်သော၊ (ဝါ)သုဂတိချမ်းသာဘုန်းကြီးခြင်းဟုဆိုအပ်သော ဖြူစင်သော ဇာတ်၏ အကြောင်းဖြစ်ကုန်သော။

=တပနီယာ – ပစ္စုပ္ပန် သံသရာနှစ်ပါး၌ ပူပန်စေတတ် ဆင်းရဲစေတတ်သော အကုသိုလ်ဟု ဆိုအပ်ကုန်သော။

=အတပနီယာ – ပစ္စုပ္ပန် သံသရာနှစ်ပါး၌ မပူပန်စေတတ် ချမ်းသာစေတတ်သော ကုသိုလ်ဟု ဆိုအပ်ကုန်သော။

=အဓိဝစနာ – သဒ္ဒါမျှကိုသာ အကြီးအမှူးပြု၍ဖြစ်သော သဒ္ဒပညတ်ဟု ဆိုအပ်ကုန်သော၊ (ဝါ) နာမ နာမကမ္မ နာမဓေယျ နာမနိရုတ္တိ နာမဗျဉ္ဇန နာမာဘိလာပ တည်းဟူသော သဒ္ဒပညတ်ဟု ဆိုအပ်ကုန်သော၊ **ဓမ္မာ–သုဏန္တပုဂ္ဂိုလ်တို့၏. အသိဉာဏ်အားတတ်သော သဒ္ဒပညတ်တရားတို့သည်။**

=အဓိဝစနပထာ – သဒ္ဒါမျှကိုသာ အကြီးအမှူးပြု၍ဖြစ်သော သဒ္ဒပညတ်တို့၏ အကြောင်းဖြစ်ကုန်သော၊ **ဓမ္မာ–ဝဒန္တပုဂ္ဂိုလ်တို့၏ အသိဉာဏ်အားတပ်သော အတ္ထပညတ်တရားတို့သည်၊ သံဝိဇ္ဇန္တိ။**

=နိရုတ္တိ – ထုတ်၍ဆိုအပ်ကုန်သော၊ (ဝါ) အနက်ကို ပြခြင်း၌ ဆုံးဖြတ်တတ်ကုန်သော သဒ္ဒါဖြစ်ကုန်သော။

=နိရုတ္တိပထာ – ထုတ်၍ဆိုအပ်သော သဒ္ဒါ၏ အကြောင်းဖြစ်ကုန်သော၊ (ဝါ) အနက်ကို ပြခြင်း၌ ဆုံးဖြတ်တတ်ကုန်သော။

=ပညတ္တိ – အပြားအားဖြင့် သိစေတတ်ကုန်သော။

=ပညတ္တိပထာ – အပြားအားဖြင့် သိစေတတ်သော သဒ္ဒါ၏ အကြောင်းဖြစ်ကုန်သော။

=နာမဥ္စ – ညွတ်ခြင်းကို ပြုတတ်သောတရားသည်လည်း၊(ဝါ)ညွတ်တတ်သော တရားသည်လည်း၊ (ဝါ) ညွတ်စေတတ်သော တရားသည်လည်း၊ အတ္ထိ–၏။

http://www.dhammadownload.com

ဓမ္မသင်္ဂဏီပါဠိတော် မှတ်ချက် (၂၅)

= ရူပဥ္ဇ - ဖောက်ပြန်တတ်သော တရားသည်လည်း၊ (ဝါ) အချမ်းအပူစသော ဆန့်ကျင်ဘက်အကြောင်းတို့ကြောင့် ဖောက်ပြန်ခြင်းသို့ ရောက်တတ်သော တရားသည်လည်း(ဝါ)အချမ်းအပူစသောဆန့်ကျင်ဘက်အကြောင်းတို့သည် ဖောက်ပြန်ခြင်းသို့ ရောက်စေတတ်သော တရားသည်လည်း၊ အတ္ထ-၏။

=အဝိဇ္ဇာစ - သစ္စာ(၄)ပါးကို ဖုံးလွှမ်းတတ်သော မောဟသည်လည်း၊ (ဝါ) သစ္စာ(၄)ပါးတို့၌ မသိခြင်းမောဟသည်လည်း၊ (ဝါ)သိအပ်သည်ကို မသိတတ်သော မောဟသည်လည်း၊ (ဝါ) မသိအပ်သည်ကို သိတတ်သော မောဟသည်လည်း။

=ဘဝဒိဋ္ဌိစ - သဿတအားဖြင့် ဖြစ်သော ဒိဋ္ဌိသည်လည်း။

=ဝိဘဝဒိဋ္ဌိစ - ဥစ္ဆေဒအားဖြင့် ဖြစ်သော ဒိဋ္ဌိသည်လည်း။

=သဿတဒိဋ္ဌိစ - သတ္တလောကသည် မြဲ၏ဟု ယူသော ဒိဋ္ဌိသည်လည်း။

=ဥစ္ဆေဒဒိဋ္ဌိစ - ဘဝပြတ်လတ္တံ့ဟု ယူသော ဒိဋ္ဌိသည်လည်း။

=ဒေါဝစဿတာစ- ဆင်းရဲစွာဆိုအပ်သောစကားရှိသောပုဂ္ဂိုလ်၏ အမူ၏အဖြစ်သည်လည်း။

=သောဝစဿတာစ- ချမ်းသာစွာဆိုအပ်သောစကားရှိသောပုဂ္ဂိုလ်၏ ။ပ။ အဖြစ်သည်လည်း။

=အဇ္ဇဝေါစ - ဖြောင့်မတ်သည်၏အဖြစ်သည်လည်း။

=မဒ္ဒဝေါစ - နူးညံ့သည်၏အဖြစ်သည်လည်း။

=သောရစ္စဉ္စ - တင့်တယ်သောအမှု၌ မွေ့လျော်သည်၏အဖြစ်သည်လည်း။

=သာခလျဉ္စ - နူးညံ့ပြေပြစ် ချစ်ဖွယ်သော စကားရှိသောသူ၏အဖြစ်သည်လည်း။

=ပဋိသန္ထာရောစ - အာမိသပဋိသန္ထာရ ဓမ္မပဋိသန္ထာရတို့ဖြင့် ပျူငှာလောကဝတ် အစေ့အစပ်ပြုခြင်းသည်လည်း။

=ဣန္ဒြိယေသု - ဣန္ဒြေ(၆)ပါးတို့၌၊ အဂုတ္တဒွါရတာစ-မစောင့်အပ်သော တံခါးရှိသောသူ၏ အဖြစ်သည်လည်း၊ (ဝါ) တံခါးကို မစောင့်သောသူ၏အဖြစ်သည်လည်း။

=မုဋ္ဌဿစ္စဉ္စ - လွတ်သော သတိရှိသောသူ၏အဖြစ်သည်လည်း။

=အသမ္ပဇညဉ္စ - ကောင်းစွာအပြားအားဖြင့်သိတတ်သော ပညာမရှိသောသူအဖြစ်သည်လည်း။

=ပဋိသင်္ခါနဗလဉ္စ - ပညာဟုဆိုအပ်သော အားသည်လည်း၊(ဝါ)ဆင်ခြင်ခြင်း၌ မတုန်မလှုပ်သည်ဖြစ်၍ ဆင်ခြင်သော ပညာသည်လည်း။

=ဘာဝနာဗလဉ္စ - ဗောဇ္ဈင်ကို ပွားစေတတ်သောပုဂ္ဂိုလ်၏အဖြစ်သည်လည်း၊ (ဝါ) ဝီရိယကို အရင်းမူသဖြင့် ဗောဇ္ဈင်(၇)ပါးကို ပွားစေသော ပုဂ္ဂိုလ်အား ဖြစ်သော မတုန်မလှုပ်ခြင်းသည်လည်း။

http://www.dhammadownload.com

ဓမ္မသင်္ဂဏီပါဠိတော် မှတ်ချက် (၂၆)

=သမထောစ - ဆန့်ကျင်ဘက် အကုသိုလ်တရားတို့ကို ငြိမ်းစေတတ်သော သမာဓိသည်လည်း။

=ဝိပဿနာစ - သင်္ခါရတရားတို့ကို အနိစ္စစသည်တို့၏အစွမ်းဖြင့် အထူးထူးသော အခြင်းအရာတို့ဖြင့် ရှုတတ်သော ပညာသည်လည်း။

=သမထနိမိတ္တဉ္စ - ရှေးသမထသည်ပင် နောက်သမထ၏ အကြောင်းသည်လည်း၊ (ဝါ) နောက်သမထ၏ အကြောင်းဖြစ်သော ရှေးသမထသည်လည်း။

=ပဂ္ဂါဟောစ - သမ္ပယုတ်တရားတို့ကို ချီးမြှောက်တတ်သော လုံ့လသည်လည်း။

=အဝိက္ခေပေါစ - မပျံ့လွင့် တည်ကြည်သော သမာဓိသည်လည်း။

=သီလဝိသုဒ္ဓိစ - သီလ၏ အထူးသဖြင့် စင်ကြယ်ခြင်းသည်လည်း၊(ဝါ)အထူးသဖြင့် စင်ကြယ်သော သီလသည်လည်း။

=ဒိဋ္ဌိဝိသုဒ္ဓိခေါပန - ကမ္မဿကတာဉာဏ်ဟုဆိုအပ်သော ပညာ၏ အထူးသဖြင့်စင်ကြယ်ခြင်းသည်လည်း။

=ယထာဒိဋ္ဌိဿ - ဝီရိယအား လျော်ကပ်သောပညာရှိသောပုဂ္ဂိုလ်၏၊ ပဓာနဉ္စ-ထိုပညာနှင့်ယှဉ်သော လုံ့လသည်လည်း။

=သံဝေဇနီယေသု ဌာနေသု-ထိတ်လန့်ခြင်းကို ဖြစ်စေတတ်သော ဇာတိဇရာဗျာဓိမရဏတည်းဟူသော အကြောင်းတို့ကြောင့် (ဝါ)တို့မှ၊ သံဝေဂေါ စ-ထိတ်လန့်ခြင်းသည်လည်း။

=သံဝိဂ္ဂဿစ - ဇာတိ ဇရာ ဗျာဓိ မရဏတို့မှ ထိတ်လန့်သော ပုဂ္ဂိုလ်၏၊ ယောနိသော-ပဓာနဉ္စ-အသင့်အားဖြင့် လုံ့လပြုခြင်းသည်လည်း။

=ကုံသလေသု - ကုန်သော၊ ဓမ္မေသု-တို့၌၊ အသန္တုဋ္ဌိတာစ-ဖြည့်ခြင်း၌ ရောင့်ရဲခြင်း မရှိသော ပုဂ္ဂိုလ်၏အဖြစ်သည်လည်း။

=ပဓာနသ္မိံ - လုံ့လပြုခြင်း၌၊ အပ္ပဋိဝါနိတာစ-အရဟတ္တဖိုလ်သို့ မရောက်မူ၍ ဆုတ်နစ်ခြင်းမရှိသည်၏အဖြစ်သည်လည်း။

=ဝိဇ္ဇာစ - မောဟကိုဖျက်ဆီး၍ ထင်စွာပြုတတ်သော ပညာသည်လည်း။

=ဝိမုတ္တိစ - ဆန့်ကျင်ဘက်နီဝရဏတို့မှ ကောင်းစွာလွတ်သော သမာပတ် (၈)ပါးသည်လည်း၊(ဝါ) အလုံးစုံသော ကိလေသာတို့မှ စင်စစ်လွတ်သော နိဗ္ဗာန်သည်လည်း။

=ခယေ - ကိလေသာတို့၏ ကုန်ခြင်းကိုပြုတတ်သောအရိယာမဂ်(၄)ခု၌၊ ဉာဏံ-သည်။

http://www.dhammadownload.com

=အနုပ္ပါဒေ - ပဋိသန္ဓေ၏အစွမ်းဖြင့် မဖြစ်ကြောင်းဖြစ်၍ဖြစ်သော ကိလေသာတို့၏ တစ်ဖန်မဖြစ်ပြန်ခြင်းကို ပြုတတ်သော မဂ်၏အဆုံး၌ဖြစ်သော အရိယဖိုလ်၌၊ ဉာဏဥ္စ-ဖြစ်သောဉာဏ်သည်လည်း၊ အတ္ထိ-ရှိ၏။

(မာတိကာ-ပို့ချချက် ပြီးဆုံးသည်)

==

စိတ္တုပ္ပါဒကဏ္ဍာ
ကာမာဝစရကုသလပဒဘာဇနီ

==========================

၁။ ကတမေ ဓမ္မာ ကုသလာ ။ ယသ္မိံ သမယေ ကာမာဝစရံ ကုသလံ စိတ္တံ ဥပ္ပန္နံ ဟောတိ သောမနဿသဟဂတံ ဉာဏသမ္ပယုတ္တံ ရူပါရမ္မဏံ ဝါ ။ပ။ ဓမ္မာရမ္မဏံ ဝါ ယံယံ ဝါ ပနာရဗ္ဘ။ (ပါ။၁၇။သျှ။၁၃။)

<u>အနက်ပေး</u>

ကတမေ-အဘယ်သို့ သဘောရှိကုန်သော၊ ဓမ္မာ-တရားတို့သည်၊ကုသလာ-ကုသိုလ်မည်ကုန်သနည်း။

- ယသ္မိံ သမယေ - အကြင်အခါ၌ (ဝါ) အကြင်လွန်နည်းစွာသောကာလ၌)(၄)(ကာလတ္ထ)။
  - (ဝါ) အကြင်စိတ်၏ဖြစ်ရာ ဖဿစသော သဘောတရားအပေါင်း၌ (သမူဟတ္ထ)။
  - (ဝါ) အကြင်ကိုးခုတို့၏ ပြည့်ကြောင်းဖြစ်သော ဗုဒ္ဓုပ္ပါဒခဏ စတုစက္ကသမ္ပတ္တိခဏဟု ဆိုအပ်သော ကုသိုလ်ဖြစ်ခြင်း၏ အခွင့်သည်(ခဏတ္ထ)၊ သတိ-ရှိသော်။
  - (ဝါ) အကြင်ဆက်ဆံသောအကျိုးကို ပြီးစေတတ်သော အကြောင်း၏အဖြစ်ဖြင့် တည်သော အကြောင်း၏ညီညွတ်ခြင်းသည် (ဝါ) စက္ခုပသာဒ, ရူပါရုံ, အလင်း, နှလုံးသွင်းခြင်းဟုဆိုအပ်သော အကြောင်း၏ညီညွတ်ခြင်းသည်(သမဝါယတ္ထ)(၄)။

သတိ-သော်။ (ဝါ) အကြင်နိုသောမနသိကာရအစရှိသော ပြဓာန်းသော အကြောင်းသည် (ဟေတွတ္ထ)(၄)၊ သတိ-သော်၊ ကာမာဝစရံ-မည်သော၊ ကုသလံ-လည်းမည်သော၊ သောမနဿသဟဂတံ-သောမနဿဝေဒနာနှင့်တကွ ကေပ္ပါဒတာအစရှိသောအဖြစ်သို့ ရောက်သော၊ (ဝါ)သောမနဿဝေဒနာနှင့် ကေပ္ပါဒတာအစရှိသောအစွမ်းဖြင့် နှီးနှောသော၊ ဉာဏသမ္ပယုတ္တံ-ဉာဏ်နှင့် အညီအညွတ်ကေပ္ပါဒတာအစရှိသောအပြားတို့ဖြင့် ယှဉ်သော၊

http://www.dhammadownload.com

စိတ္တံ-သည်၊ ရူပါရမ္မဏံဝါ-ရူပါရုံကိုမူလည်း။ ပ။ အာရဗ္ဘ-အာရုံပြု၍။ ဥပ္ပန္နံ-ဥပါဒ်ဆဲသည် (ဝါ) ခဏတ္တယသို့ ရောက်ဆဲသည်၊ ဟောတိ-၏။

(တစ်နည်း) ကာမာဝစရံ-သော၊ ကုသလံ-သော၊ သောမနဿသဟဂတံ-သော၊ ဉာဏသမ္ပယုတ္တံ-သော၊ ရူပါရမ္မဏံဝါ-ရူပါရုံရှိသည်လည်းဖြစ်သော။ ပ။ ဓမ္မာရမ္မဏံဝါ-ဓမ္မာရုံရှိသည်လည်းဖြစ်သော၊ စိတ္တံ-သည်၊ ဥပ္ပန္နံ-သည်၊ ဟောတိ-၏။ (ဤကား အနိယတ်ဝါကျ နှစ်နည်းပေးပုံတည်း)၊ ယံယံဝါပန - အကြင်အကြင်သို့သော ရူပါရုံ စသည်တို့တွင် အမှတ်မရှိ တစ်ပါးပါးသော အာရုံကိုမူလည်း၊ အာရဗ္ဘ-၍၊ စိတ္တံ-သည်၊ ဥပ္ပန္နံ-သည်၊ ဟောတိ-၏။

= ယေ ဝါ ပန တသ္မိံ သမယေ အညေပိ အတ္ထိ ပဋိစ္စသမုပ္ပန္နာ အရူပိနော ဓမ္မာ။ ဣမေ ဓမ္မာ ကုသလာ။ (ပါ။ ၁၇။ သျှ။ ၃၅။)

အနက်ပေး

အညေပိ-ဖဿစသည်မှ တပါးလည်းဖြစ်ကုန်သော၊ ပဋိစ္စသမုပ္ပန္နာ-မိမိအားလျှော်က်ပတ်သော အကြောင်းကိုစွဲ၍ ဖြစ်ကုန်သော၊ အရူပိနော-နာမ်ဖြစ်ကုန်သော၊ ယေဝါပန ဓမ္မာ-အကြင် သဘောအားဖြင့် ရအပ်ကုန်သော ဆန္ဒ အဓိမောက္ခစသောတရားတို့သည်၊ အတ္ထိ သန္တိ-ကုန်၏၊ သဗ္ဗေ-ကုန်သော၊ ဣမေ ဓမ္မာ-ဤသို့သဘောအားဖြင့် ရအပ်ကုန်သော ဆန္ဒ အဓိမောက္ခ အစရှိကုန်သော တရားတို့သည်၊ ကုသလာ-ကုသိုလ်မည်ကုန်၏။

၂။ ကတမော တသ္မိံ သမယေ ဖဿော ဟောတိ။ ယော တသ္မိံ သမယေ ဖဿော ဖုသနာ သမ္ဖုသနာ သမ္ဖုသိတတ္တံ ။ အယံ တသ္မိံ သမယေ ဖဿော ဟောတိ။ (ပါ။ ၁၈။ သျှ။ ၃၅။) (၄။ ၁၈၀)။

အနက်ပေး

ယသ္မိံ သမယေ-၌။ ကာမာဝစရံ-သော ။ပ။ မဟာစိတ္တံ-ပဌမကာမာဝစရ မဟာကုသိုလ် စိတ်သည်၊ ဥပ္ပန္နံ-သည်၊ ဟောတိ-၏၊ တသ္မိံ သမယေ-၌၊ ယော ဖဿော-ကို၊ ဓမ္မုဒ္ဒေသေ-၌၊ မယာ -သည်၊ ဖဿော ဟောတီတိ-ဟူ၍၊ ဝုတ္တော-ပြီ၊ သော ဖဿော-သည်၊ ကတမော-အဘယ်နည်း။

မှတ်ချက် (အလုံးစုံသော ပုစ္ဆာတို့၌ ဤနည်းချည်း အနိယတ်ထည့်၍ ပေးပါ)။

- တသ္မိံ သမယေ-၌၊ ဖုသနကဝသေန-တွေ့သည်၏ အစွမ်းဖြင့်၊ ပဝတ္တော-ဖြစ်သော၊ ယော ဖဿော-သည်၊ ဟောတိ-၏။

-တသ္မိံ သမယေ-၌၊ ယာ ဖုသနာ-အကြင်တွေ့သော အခြင်းအရာသည်၊ ဟောတိ-၏။ 5B

ဓမ္မသင်္ဂဏီပါဠိတော် ပိုချချက် (၂၉)

-တသ္မိံ သမယေ-၌၊ ယာ သံဖုသနာ-အကြင်တွေ့သော အခြင်းအရာသည်၊ (ဝါ) အကြောင်းအညီအညွတ် စုဝေးသောအားဖြင့် တွေ့သောအခြင်းအရာသည်၊ ဟောတိ-၏။

-တသ္မိံ သမယေ-၌၊ ယံ သံဖုသိတတ္တံ-အကြင်တွေ့တတ်သော စိတ်၏အဖြစ်သည်၊ (ဝါ) အကြောင်းအာရုံကို အညီအညွတ်တွေ့တတ်သော စိတ်၏အဖြစ်သည်၊ ဟောတိ-၏။ တသ္မိံ သမယေ-၌၊ အယံဖဿော-ဤသို့သဘာရှိသော ဖဿသည်၊ ဟောတိ-၏။

(၄။၁၈၁။ပ-နည်းအဖွင့်)။

(တစ်နည်းကား) တသ္မိံ သမယေ-၌၊ဖုသနကဝသေန-ဖြင့်၊ဥပ္ပန္နော-သော၊ ယော ဖဿော-ကို၊ မယာ-သည်၊အညေန-တစ်ပါးသော၊ပရိယာယေနာပိ-ပရိယာယ်သဒ္ဒါဖြင့်လည်း၊ ဖုသနာ သံဖုသနာ သံဖုသိတတ္တန္တိ-ဟူ၍၊ ဝုတ္တော-ပြီ၊ **(ဖုသနာ-တွေ့သော အခြင်းအရာသည်၊သံဖုသနာ-သည်၊ သံဖုသိတတ္တံ-သည်၊ ဟောတိ-၏)**၊တသ္မိံ သမယေ-၌၊ အယံ ဖဿော-သည်၊ ဟောတိ-၏။

(၄၊ ၁၈၁၊၃-နည်းအဖွင့်)။

<u>မှတ်ချက်</u> <u>အလုံးစုံသောစေတသိက်တို့၏ ပဒဘာဇနီ၌ အထက်ပါအတိုင်း အနက် နှစ်နည်း ပေးနိုင်သည်။</u>

၃။ **<u>ဝေဒနာ ဟောတိ</u> ။ ယံ တသ္မိံ သမယေ တဇ္ဇာမနောဝိညာဏဓာတုသမ္ဖဿဇံ စေတသိကံ သာတံ စေတသိကံ သုခံ စေတောသမ္ဖဿဇံ သာတံ သုခံ ဝေဒယိတံ စေတောသမ္ဖဿဇာ သာတာ သုခါ ဝေဒနာ။ (ပါ။၁၈။သျှ။၃၇)**

<u>အနက်ပေး</u>

တသ္မိံ သမယေ-၌၊ တဇ္ဇာမနောဝိညာဏဓာတုသမ္ဖဿဇာ-ထိုသာတအား လျှောက်ပတ်သော မနောဝိညာဏဓာတ်၏ အတွေ့ကြောင့်ဖြစ်သော၊ (ဝါ)အတွေ့၌ ဖြစ်သော၊ စေတသိကံ-စိတ်၌မှီသော၊ ယံ သာတံ-အကြင်သာယာစေတတ်သော တရားသည်၊ ဟောတိ-၏။

-တသ္မိံ သမယေ-၌၊ တဇ္ဇာမနောဝိညာဏဓာတုသမ္ဖဿဇံ-ထိုသုခအား လျှောက်။ပ။ သော။ စေတသိကံ-သော၊ ယံသုခံ-အကြင်သုခဝေဒနာသည်၊ ဟောတိ-၏။

-တသ္မိံ သမယေ- ၌၊ စေတောသမ္ဖဿဇံ-စိတ်၏ အတွေ့ကြောင့်ဖြစ်သော၊ သာတံ-သာယာစေတတ်သော၊ သုခံ-သုခဖြစ်သော၊ ယံ ဝေဒယိတံ-အကြင်ခံစားတတ်သော စိတ်၏အဖြစ်သည်၊ (ဝါ) အကြောင်ခံစားခြင်းသည်၊ ဟောတိ-၏။

-တသ္မိံ သမယေ-၌၊ စေတောသမ္ဖဿဇာ-သော၊ သာတာ-သော၊ သုခါ-သော၊ ယာ ဝေဒနာ-သည်၊ဟောတိ-၏။

http://www.dhammadownload.com

၄။ <u>သညာ ဟောတိ။</u> ယာ တသ္မိံ သမယေ တဇ္ဇာမနောဝိညာဏဓာတုသမ္ဖဿဇာ သညာ သဉ္ဇာနနာ သဉ္ဇာနိတတ္တံ။ (ပါ။၁၈။သျှ။၃၈။)

<u>အနက်ပေး:</u>

တသ္မိံ သမယေ-၌၊ တဇ္ဇာမနောဝိညာဏဓာတုသမ္ဖဿဇာ-ထိုကုသိုလ်သညာအား လျောက်ပတ်သော မနောဝိညာဏဓာတ်၏ အတွေ့ကြောင့်ဖြစ်သော၊ သဉ္ဇာနနကဝသေန-အမှတ်ပြု၍ သိတတ်သည်၏အစွမ်းဖြင့်၊ ဥပ္ပန္နာ-သော=

- ယာ သညာ- အကြင်သညာသည်၊
- ယာ သဉ္ဇာနနာ- အကြင်အမှတ်ပြု၍ သိသောအခြင်းအရာသည်၊
- ယံ သဉ္ဇာနိတတ္တံ- အကြင်အမှတ်ပြု၍ သိသော်စိတ်၏အဖြစ်သည်၊ ဟောတိ-၏။

၅။ <u>စေတနာ ဟောတိ။</u> ယာ တသ္မိံ သမယေ တဇ္ဇာမနောဝိညာဏဓာတုသမ္ဖဿဇာ စေတနာ သဉ္စေတနာ စေတယိတတ္တံ။ (ပါ။၁၈။သျှ။၃၈။)

<u>အနက်ပေး:</u>

တသ္မိံ သမယေ-၌၊ တဇ္ဇာမနောဝိညာဏဓာတုသမ္ဖဿဇာ-ထိုကုသိုလ်စေတနာအား လျောက်ပတ်သော မနောဝိညာဏဓာတ်၏ အတွေ့ကြောင့်ဖြစ်သော၊ စေတနကဝသေန-စေ့ဆော်တတ်သည်၏အစွမ်းဖြင့်၊ ဥပ္ပန္နာ-သော=

- ယာ စေတနာ- အကြင်စေတနာသည်၊
- ယာ သဉ္စေတနာ- အကြင်စေ့ဆော်တတ်သော အခြင်းအရာသည်၊
- ယာ သဉ္စေတယိတတ္တံ- အကြင်စေ့ဆော်တတ်သောစိတ်၏အဖြစ်သည်၊ဟောတိ-၏။

၆။ <u>စိတ္တံ ဟောတိ။</u>ယံ တသ္မိံသမယေ စိတ္တံ မနော မာနသံ ဟဒယံ ပဏ္ဍရံ မနော မနာယတနံ မနိန္ဒြိယံ ဝိညာဏံ ဝိညာဏက္ခန္ဓော တဇ္ဇာမနောဝိညာဏဓာတု။ (ပါ။၈။သျှ။၃၈။)

<u>အနက်ပေး:</u>

တသ္မိံ သမယေ-၌=

- ယံ စိတ္တံ- အကြင်စိတ်သည်။
- ယောမနော-အကြင်အာရုံကို သိတတ်သော တရားသည်၊(မာနသံ-သဒ္ဒါပွား အနက်တူ)။
- ယံ ဟဒယံ- အကြင်စိတ်သည်၊
- ယံ ပဏ္ဍရံ- အကြင်ဖြူစင်သောတရားသည်။
- မနော-စိတ်ဟုဆိုအပ်သော၊ ယံ မနာယတနံ-အကြင်စိတ်သာလျှင်ဖြစ်သော အာယတနသည်၊

http://www.dhammadownload.com

- ယံ မနိန္ဒြိယံ- အကြင်စိတ်သာလျှင်ဖြစ်သော ဣန္ဒြေသည်၊
- ယံ ဝိညာဏံ- အကြင်အာရုံ၌ အထူးသဖြင့် သိတတ်သော တရားသည်၊
- ယော ဝိညာဏက္ခန္ဓော- အကြင်စိတ်သာလျှင်ဖြစ်သော ခန္ဓာသည်၊
- တဇ္ဇာမနောဝိညာဏဓာတု-ထိုဖဿစသည်တို့အား လျော်ပတ်သော မနောဝိညာဏဓာတ်သည်၊ ဟောတိ-၏။

ရ။ **<u>ဝိတက္ကော ဟောတိ။</u> ယော တသ္မိံ သမယေ တက္ကော ဝိတက္ကော သင်္ကပ္ပေါ အပ္ပနာ ဗျပ္ပနာ စေတသော အဘိနိရောပနာ သမ္မာသင်္ကပ္ပေါ။** (ပါ။၁၈။သျှ၊၃၉။)

<u>အနက်ပေး</u>

တသ္မိံ သမယေ-၌၊ ဝိတက္ကနဝသေန-ကြံသည်၏ အစွမ်းဖြင့်၊ ဥပ္ပန္နော-သော=

- ယော တက္ကော- အကြင်ကြံခြင်းသည်၊
- ယော ဝိတက္ကော- အကြင်အားကြီးသော ကြံခြင်းသည်၊
- ယော သင်္ကပ္ပေါ- အကြင်ကောင်းသော အကြံသည်၊
- ယာ အပ္ပနာ-အကြင်စိတ်ကိုအာရုံသို့ တင်တတ်သော တရားသည်၊ (ဗျာပ္ပနာ-အနက်တူ) (ဝါ) အကြင်အားရှိမြတ်သော အပ္ပနာသည်၊
- ယာ စေတသော အဘိနိရောပနာ-အကြင်စိတ်ကို အာရုံ၌ ရှေးရှုထားတတ်သော တရားသည်၊
- ယော သမ္မာသင်္ကပ္ပေါ-အကြင်အဟုတ်အဟတ် ချီးမွမ်းအပ်သော အကြံသည်၊ဟောတိ-၏။

၈။ **<u>ဝိစာရော ဟောတိ။</u> ယော တသ္မိံ သမယေ စာရော ဝိစာရော အနုဝိစာရော ဥပဝိစာရော စိတ္တဿ အနုသန္ဓာနတာ အနုပေက္ခနတာ။**(ပါ။၁၈။သျှ။၃၉။)

<u>အနက်ပေး</u>

တသ္မိံ သမယေ-၌၊ ဝိစာရဏဝသေန-သုံးသပ်တတ်သည်၏ အစွမ်းဖြင့်၊ ဥပ္ပန္နော-သော၊

- ယော စာရော- အကြင်သုံးသပ်ခြင်းသည်၊
- ယော ဝိစာရော- အကြင်အားကြီးသော သုံးသပ်ခြင်းသည်၊
- ယော အနုဝိစာရော- အကြင်အစဉ်လိုက်၍ သုံးသပ်ခြင်းသည်၊
- ယော ဥပဝိစာရော- အကြင်အာရုံသို့ကပ်၍ သုံးသပ်ခြင်းသည်၊
- ယာ စိတ္တဿ အနုသန္ဓနတာ-အကြင်စိတ်ကို အာရုံ၌ထားသော အခြင်းအရာသည်၊
- ယာ အနုပေက္ခနတာ- အကြင်အာရုံကို အဘန်တလဲလဲငဲ့သကဲ့သို့ တည်တတ်သော တရားသည်၊ ဟောတိ-၏။

http://www.dhammadownload.com

ဓမ္မသင်္ဂဏီပါဠိတော် မှတ်စုချက် (၃၂)

၉။ ပီတိ ဟောတိ။ ယာ တသ္မိံ သမယေ ပီတိ ပါမောဇ္ဇံ အာမောဒနာ ပမောဒနာ ဟာသော ပဟာသော ဝိတ္တိ ဩဒဂျံ အတ္တမနတာ စိတ္တဿ။ (ပါ။၁၈။သျှ။၃၉-၄၀)

အနက်ပေး

တသ္မိံ သမယေ-၌၊ ပီနနကဝသေန-ပျို့သည်၏ အစွမ်းဖြင့်၊ ဥပ္ပန္နာ-သော၊

- ယာ ပီတိ- အကြင်ပီတိသည်၊
- ယံ ပါမောဇ္ဇံ- အကြင်ဝမ်းမြောက်သော ပုဂ္ဂိုလ်၏အဖြစ်သည်၊
- ယာ အာမောဒနာ- အကြင်တကွနက် ပြုံးခြင်းသည်၊
- ယာ ပမောဒနာ- အကြင်အပြားအားဖြင့် တကွနက် ပြုံးခြင်းသည်၊
- ယော ဟာသော- အကြင်ရွှင်စေတတ်သော တရားသည်၊
- ယော ပဟာသော- အကြင်အပြားအားဖြင့် ရွှင်စေတတ်သော တရားသည်၊
- ယာ ဝိတ္တိ- အကြင်ဥစ္စာကဲ့သို့ ဝမ်းမြောက်ကြောင်းသည်၊
- ယံ ဩဒဂျံ- အကြင်တက်ကြွသော ကိုယ်စိတ်ရှိသော ပုဂ္ဂိုလ်၏အဖြစ်သည်၊
- စိတ္တဿ-၏၊ ယာ အတ္တမနတာ-အကြင်မိမိစိတ်၏အဖြစ်သည်၊ ဟောတိ-၏။

၁၀။ သုခံ ဟောတိ။ (ဝေဒနာ-နှင့် တူ၏)။

၁၁။ စိတ္တဿေကဂ္ဂတာ ဟောတိ။ ယာ တသ္မိံ သမယေ စိတ္တဿ ဌိတိ သဏ္ဌိတိ အဝဋ္ဌိတိ အဝိသာဟာရော အဝိက္ခေပေါ အဝိသာဟဋမာနသတာ သမထော သမာဓိန္ဒြိယံ သမာဓိဗလံ သမ္မာသမာဓိ။ (ပါ။၁၉။သျှ။၄၀။)

အနက်ပေး

တသ္မိံ သမယေ-၌၊ စိတ္တဿ-၏=

- ယာ ဌိတိ - အကြင်မတုန်မလှုပ်တည်တတ်သောတရားသည်၊ (သဏ္ဌိတိ၊အဝဋ္ဌိတိ၊တူ)

(ဝါ)ယာ သဏ္ဌိတိ - အကြင်အာရုံ၌ ပေါင်း၍ တည်သော တရားသည်၊

- ယာ အဝဋ္ဌိတိ - အကြင်အာရုံသို့ ဝင်၍တည်သော တရားသည်၊
- ယော အဝိသာဟာရော- အကြင်ပျံ့လွင့်ယုံမှားခြင်း၏ ဆန့်ကျင်ဘက် တရားသည်၊
- ယော အဝိက္ခေပေါ - အကြင်ပျံ့လွင့်ခြင်းမရှိသော တရားသည်၊
- ယာ အဝိသာဟဋမာနသတာ - အကြင်ရွေ့ခြင်းမရှိသော စိတ်၏အဖြစ်သည်၊
- ယော သမထော - အကြင်ငြိမ်းစေတတ်သော တရားသည်၊
- ယံ သမာဓိန္ဒြိယံ - အကြင်သမာဓိသာလျှင်ဖြစ်သော ဣန္ဒြေသည်၊

http://www.dhammadownload.com

- ယံ သမာဓိဗလံ - အကြင်သမာဓိသာလျှင်ဖြစ်သော ဗိုလ်သည်၊
- ယော သမ္မာသမာဓိ-အကြင်အဟုတ်အဟတ်ချီးမွမ်းအပ်သောတည်ကြည်ခြင်းသည်၊ဟောတိ

၁၂။ သဒ္ဓိန္ဒြိယံ ဟောတိ။ ယာ တသ္မိံ သမယေ သဒ္ဓါ သဒ္ဒဟနာ ဩကပ္ပနာ အဘိပ္ပသာဒေါ သဒ္ဓါ သဒ္ဓိန္ဒြိယံ သဒ္ဓါဗလံ။ (ပါ။၁၉။သျ။၄၁)

အနက်ပေး

တသ္မိံ သမယေ-၌၊ သဒ္ဒဟနကဝသေန-ယုံကြည်သည်၏ အစွမ်းဖြင့်၊ ဥပ္ပန္နာ-သော၊

- ယာ သဒ္ဓါ - အကြင်သဒ္ဓါသည်၊
- ယာ သဒ္ဒဟနာ - အကြင်ယုံကြည်သော အခြင်းအရာသည်၊
- ယာ ဩကပ္ပနာ- အကြင်သက်ဝင်တတ်သော တရားသည်၊ (ဝါ) အကြင်ခွဲသကဲ့သို့ ဝင်တတ်သော တရားသည်၊
- ယော အဘိပ္ပသာဒေါ- အကြင်အလွန်ကြည်တတ်သော တရားသည်၊
- သဒ္ဓါ-သဒ္ဓါဟုဆိုအပ်သော၊ ယံ သဒ္ဓိန္ဒြိယံ-အကြင်သဒ္ဓါသာလျှင်ဖြစ်သော ဣန္ဒြေသည်၊
- ယံ သဒ္ဓါဗလံ - အကြင်သဒ္ဓါသာလျှင်ဖြစ်သော ဗိုလ်သည်၊ ဟောတိ-၏။

၁၃။ ဝီရိယိန္ဒြိယံ ဟောတိ။ ယော တသ္မိံ သမယေ စေတသိကော ဝီရိယာရမ္ဘော နိက္ကမော ပရက္ကမော ဥယျာမော ဝါယာမော ဥဿာဟော ဥဿောဠှီ ထာမော ဓိတိ အသိထိလပရက္ကမတာ အနိက္ခိတ္တဆန္ဒတာ အနိက္ခိတ္တဓုရတာ ဓုရသမ္ပဂ္ဂါဟော ဝီရိယံ ဝီရိယိန္ဒြိယံ ဝီရိယဗလံ သမ္မာဝါယာမော။ (ပါ။၁၉။သျ။၄၁။)

အနက်ပေး

တသ္မိံ သမယေ-၌၊ စေတသိကော-စိတ်၌မှီသော၊

- ယော ဝီရိယာရမ္ဘော - အကြင်ဝီရိယဟု ဆိုအပ်သော အားထုတ်ခြင်းသည်၊
- ယော နိက္ကမော - အကြင်ပျင်းခြင်းမှ ထွက်မြောက်ခြင်းသည်၊
- ယော ပရက္ကမော - အကြင်အဆင့်ဆင့် မြင့်သောအရာသို့ ရောက်ခြင်းသည်၊
- ယော ဥယျာမော - အကြင် အထက်သို့ တက်၍ လုံ့လပြုခြင်းသည်၊
- ယော ဝါယာမော - အကြင်လုံ့လသည်၊
- ယော ဥဿာဟော - အကြင်အားထုတ်ခြင်းသည်၊
- ယော ဥဿောဠှီ - အကြင် လွန်စွာ အားထုတ်ခြင်းသည်၊

http://www.dhammadownload.com

- ယော ထာမော - အကြင်ခိုင်ခံ့ခြင်းသည်၊
- ယော ဓိတိ - အကြင်ဆောင်တတ်သော တရားသည်၊
- ယာ အသိထိလပရက္ကမတာ- အကြင်မလျော့သော လုံ့လရှိသော ပုဂ္ဂိုလ်၏အဖြစ်သည်၊
- ယာ အနိက္ခိတ္တဆန္ဒတာ - အကြင်မချသော အလိုရှိသော ပုဂ္ဂိုလ်၏အဖြစ်သည်၊
- ယာ အနိက္ခိတ္တဓုရတာ - အကြင်မချသော အားထုတ်ခြင်းရှိသော ပုဂ္ဂိုလ်၏အဖြစ်သည်၊
- ယော ဓုရသမ္ပဂ္ဂါဟော - အကြင်အဦးကို ချီးမြှောက်ခြင်းသည်၊
- ဝီရိယံ-ဝီရိယဟုဆိုအပ်သော၊ယံ ဝီရိယိန္ဒြိယံ-အကြင်ဝီရိယသာလျှင်ဖြစ်သော ဣန္ဒြေသည်၊
- ယံ ဝီရိယဗလံ - အကြင်ဝီရိယသာလျှင်ဖြစ်သော ဗိုလ်သည်၊
- ယော သမ္မာဝါယာမော- အကြင်အဟုတ်အဟတ် ချီးမွမ်းအပ်သော လုံ့လသည်၊ (ဝါ) အကြင်သံသရာမှ ထုတ်တတ်သောလုံ့လသည်၊(ဝါ)အကြင်ကုသိုလ်လုံ့လသည်၊ ဟောတိ-၏။

၁၄။ <u>သတိန္ဒြိယံ ဟောတိ။</u> ယာ တသ္မိံ သမယေ သတိ အနုဿတိ ပဋိဿတိ သတိ သရဏတာ ဓာရဏတာ အပိလာပနတာ အသမ္မုဿနတာ သတိ သတိန္ဒြိယံ သတိဗလံ သမ္မာသတိ။ (ပါ။၁၉။သျှ။၄၂။)

<u>အနက်ပေး</u>

တသ္မိံ သမယေ-၌၊ သရဏဝသေန-အောက်မေ့သည်၏ အစွမ်းဖြင့်၊ ဥပ္ပန္နာ-သော၊
- ယာ သတိ - အကြင်သတိသည်၊
- ယာ အနုဿတိ - အကြင် အဖန်တလဲလဲ အောက်မေ့ခြင်းသည်၊
- ယာ ပဋိဿတိ - အကြင်အာရုံသို့ ရှေးရှုသွားသကဲ့သို့ အောက်မေ့ခြင်းသည်၊
- သတိ-သတိဟုဆိုအပ်သော၊ ယာ သရဏတာ-အကြင်အောက်မေ့သော အခြင်းအရာသည်၊
- ယာ ဓာရဏတာ - အကြင်ဆောင်တတ်သည်၏အဖြစ်သည်၊
- ယာ အပိလာပနတာ - အကြင်မလျှပ်ပေါ်သောအဖြစ်သည်၊
- ယာ အသမ္မုဿနတာ- အကြင်မေ့လျော့ခြင်း မရှိသည်၏အဖြစ်သည်၊
- သတိ-သတိဟု ဆိုအပ်သော၊ ယံ သတိန္ဒြိယံ-သည်၊
- ယံ သတိဗလံ-သည်၊ ယာ သမ္မာသတိ-အကြင်အဟုတ်အဟတ် ချီးမွမ်းအပ်သော အောက်မေ့ခြင်းသည်၊ ဟောတိ-၏။

၁၅။ <u>သမာဓိန္ဒြိယံ ဟောတိ။</u> (စိတ္တဿေကဂ္ဂတာ-နှင့် တူ၏)။

http://www.dhammadownload.com

၁၆။ <u>ပညိန္ဒြိယံ ဟောတိ။</u> ယာ တသ္မိံ သမယေ ပညာ ပဇာနနာ ဝိစယော ပဝိစယော ဓမ္မဝိစယော သလ္လက္ခဏာ ဥပလက္ခဏာ ပစ္စုပလက္ခဏာ ပဏ္ဍိစ္စံ ကောသလ္လံ နေပုညံ ဝေဘဗျာ စိန္တာ ဥပပရိက္ခာ ဘူရီ မေဓာ ပရိဏာယိကာ ဝိပဿနာ သမ္ပဇညံ ပတောဒေါ ပညာ ပညိန္ဒြိယံ ပညာဗလံ ပညာသတ္ထံ ပညာပါသာဒေါ ပညာအာလောကော ပညာဩဘာသော ပညာပဇ္ဇောတော ပညာရတနံ အမောဟော ဓမ္မဝိစယော သမ္မာဒိဋ္ဌိ။ (ပါ။၁၉။သျ။၄၃-၄၄။)

<u>အနက်ပေး</u>

တသ္မိံ သမယေ-၌၊ ပဇာနနကဝသေန-အပြားအားဖြင့် သိတတ်သည်၏အစွမ်းဖြင့်၊ ဥပ္ပန္နာ-သော=

- ယာ ပညာ- အကြင်ပညာသည်၊
- ယာ ပဇာနနာ - အကြင် အပြားအားဖြင့် သိသော အခြင်းအရာသည်၊
- ယော ဝိစယော - အကြင် အနိစ္စစသည်တို့ကို စိစစ်တတ်သော တရားသည်၊ (ပဝိစယော - အနက်တူ)၊
- ယော ဓမ္မဝိစယော - အကြင် သစ္စာတရားတို့ကို စိစစ်တတ်သော တရားသည်၊
- ယာ သလ္လက္ခဏာ - အကြင် ကောင်းစွာ မှတ်ခြင်းသည်၊
- ယာ ဥပလက္ခဏာ - အကြင် ကပ်၍ မှတ်ခြင်းသည်၊
- ယာ ပစ္စုပလက္ခဏာ - အကြင် ရှေးရှုကပ်၍ မှတ်ခြင်းသည်၊
- ယံ ပဏ္ဍိစ္စံ - အကြင် ပညာရှိသော ပုဂ္ဂိုလ်၏အဖြစ်သည်၊
- ယံ ကောသလ္လံ - အကြင် လိမ္မာသော ပုဂ္ဂိုလ်၏အဖြစ်သည်၊
- ယံ နေပုညံ - အကြင်နူးညံ့သော ပုဂ္ဂိုလ်၏အဖြစ်သည်၊
- ယာ ဝေဘဗျာ - အကြင် ထင်ရှားခြင်းသည်၊
- ယာ စိန္တာ - အကြင်ကြံစေတတ်သော တရားသည်၊
- ယာ ဥပပရိက္ခာ - အကြင် ကပ်၍ စုံစမ်းတတ်သော တရားသည်၊
- ယာ ဘူရီ-အကြင်မြေကြီးကဲ့သို့ ပြန့်တတ်သောတရားသည်၊(ဝါ)အကြင်ဟုတ်မှန်သော အနက်၌ မွေ့လျော်တတ်သော တရားသည်၊
- ယာ မေဓာ - အကြင် ကိလေသာတို့ကို နှိပ်စက်တတ်သော တရားသည်၊
- ယာ ပရိဏာယိကာ - အကြင် ထိုးထွင်း၍ သိခြင်း၌ ညွှတ်တတ်သော တရားသည်၊
- ယာ ဝိပဿနာ - အကြင် အနိစ္စ စသည်တို့ဖြင့် ရှုတတ်သော တရားသည်၊
- ယံ သမ္ပဇညံ- အကြင်ကောင်းစွာအပြားအားဖြင့် သိတတ်သော တရားသည်၊ (ဝါ) အကြင် ကောင်းစွာအပြားအားဖြင့် သိတတ်သောပုဂ္ဂိုလ်၏အဖြစ်သည်၊

http://www.dhammadownload.com

- ယော ပတောဒေါ - အကြင် လှံတန်ကဲ့သို့သော ပညာသည်၊
- ပညာ-ပညာဟုဆိုအပ်သော၊ ယံ ပညိန္ဒြိယံ-အကြင်ပညာသာလျှင်ဖြစ်သော ဣန္ဒြေသည်၊
- ယံ ပညာဗလံ-သည်၊ ယံ ပညာသတ္ထံ-အကြင်ပညာဟူသော ဓားလက်နက်သည်၊
- ယော ပညာပါသာဒေါ-အကြင်ပညာဟူသော ပြာသာဒ်သည်၊ ယော ပညာအာလောကော-အကြင်ပညာဟူသော အလင်းသည်၊ ယော ပညာဩဘာသော-ဟူသော အရောင်သည်၊ ယော ပညာပဇ္ဇောတော-ဟူသော ထွန်းပခြင်းသည်၊ ယံ ပညာရတနံ-ဟူသော ရတနာသည်၊
- ဓမ္မဝိစယော-ဟုဆိုအပ်သော၊ယော အမောဟော-အကြင်တွေဝေခြင်းမရှိသော တရားသည်၊
(ဝါ) အကြင်မောဟ၏ ဆန့်ကျင်ဘက်ဖြစ်သော တရားသည်၊
- ယာ သမ္မာဒိဋ္ဌိ- အကြင်အဟုတ်အဟတ် ချီးမွမ်းအပ်သော အမြင်သည်၊ဟောတိ-၏။

၁၇။ <u>မနိန္ဒြိယံ ဟောတိ။</u> (စိတ္တံ-နှင့် တူ၏)။

၁၈။ <u>သောမနဿိန္ဒြိယံ ဟောတိ။</u> (ဝေဒနာ-နှင့် တူ၏)။

၁၉။ <u>ဇီဝိတိန္ဒြိယံ ဟောတိ။</u> ယော တေသံ အရူပီနံ ဓမ္မာနံ အာယု ဌိတိ ယပနာ ယာပနာ ဣရိယနာ ဝတ္တနာ ပါလနာ ဇီဝိတံ ဇီဝိတိန္ဒြိယံ။ (ပါ။၂၀။သျှ။၄၅။)

<u>အနက်ပေး:</u>

တသ္မိံ သမယေ-၌၊အရူပီနံ-နာမ်ဖြစ်ကုန်သော၊ တေသံ ဓမ္မာနံ-ထိုသဘော တရားတို့၏=
- ယော အာယု - အကြင် အသက်သည်၊
- ယာ ဌိတိ - အကြင် တည်ကြောင်းသည်၊
- ယာ ယပနာ - အကြင် မျှကြောင်း တရားသည်၊ (ယာပနာ - တူ)။
- ယာ ဣရိယနာ - အကြင် ပွားကြောင်း တရားသည်၊
- ယာ ဝတ္တနာ - အကြင် ဖြစ်ကြောင်း တရားသည်၊
- ယာ ပါလနာ - အကြင် စောင့်ကြောင်း တရားသည်။
- ယံ ဇီဝိတံ - အကြင် တည်ကြောင်း တရားသည်။
- ယံ ဇီဝိတိန္ဒြိယံ - အကြင်အသက်သာလျှင် ဖြစ်သော ဣန္ဒြေသည်၊ ဟောတိ-၏။

၂၀။ <u>သမ္မာဒိဋ္ဌိ ဟောတိ။</u> (ပညိန္ဒြေ-နှင့် တူ၏)။

၂၁။ သမ္မာသင်္ကပ္ပေါ ဟောတိ။ (ဝိတက္ကော-နှင့် တူ၏)။

<u>မှတ်ချက်။</u> ပါဠိတော်လာ ပုဒ်တူများကို ညှိ၍ ချန်လှပ်ခဲ့ပါမည်။

http://www.dhammadownload.com

၃၀။ <u>ဟိရီဗလံ ဟောတိ။</u> ယံ တသ္မိံ သမယေ ဟိရီယတိ ဟိရိယိတဗ္ဗေန ဟိရီယတိ ပါပကာနံ အကုသလာနံ ဓမ္မာနံ သမာပတ္တိယာ။ (ပါ။၂၂။သျှ။၅၂။)

<u>အနက်ပေး</u>

တသ္မိံ သမယေ-၌၊ ယံ ယော ဓမ္မော-အကြင် သဘောတရားသည်၊ ဟိရိယိတဗ္ဗေန-စက်ဆုပ်အပ်သော ကာယဒုစရိုက်စသည်ကို၊ ဟိရီယတိ-စက်ဆုပ်တတ်၏၊ ပါပကာနံ-ကုန်သော၊ အကုသလာနံ-ကုန်သော၊ ဓမ္မာနံ-သဘောတရားတို့သို့၊ သမာပတ္တိယာ-ရောက်ခြင်းကို၊ (တစ်နည်းကား) ဓမ္မာနံ-တို့၏၊ သမာပတ္တိယာ-ပြည့်စုံခြင်းကို၊ ဟိရီယတိ-စက်ဆုပ်တတ်၏၊ <u>(ဟိရီယတိ-စက်ဆုပ်အပ်သည်၊ဟောတိ-၏) (ပါ၊ သျှ)။</u>

၃၁။ <u>ဩတ္တပ္ပဗလံ ဟောတိ။</u> ယံ တသ္မိံ သမယေ ဩတ္တပ္ပတိ ဩတ္တပ္ပိတဗ္ဗေန ဩတ္တပ္ပတိ ပါပကာနံ အကုသလာနံ ဓမ္မာနံ သမာပတ္တိယာ။(ပါ။၂၂။သျှ။ ၅၂။)

<u>အနက်ပေး</u>

တသ္မိံ သမယေ-၌၊ယံ ယော ဓမ္မော-သည်၊ဩတ္တပ္ပိတဗ္ဗေန-ထိတ်လန့်ကြောင်းဖြစ်သော ကာယဒုစရိုက်စသောတရားကြောင့်၊ ဩတ္တပ္ပတိ - ထိတ်လန့်တတ်၏၊ (ဝါ)၊ ထိတ်လန့်တတ်သည်၊ ဟောတိ-၏၊ ပါပကာနံ-ကုန်သော၊ အကုသလာနံ- ကုန်သော၊ ဓမ္မာနံ-တို့သို့၊ သမာပတ္တိယာ-ရောက်ခြင်းကြောင့်၊ (ဝါ) ဓမ္မာနံ-တို့၏၊ သမာပတ္တိယာ-ပြည့်စုံခြင်းကြောင့်၊ ဩတ္တပ္ပတိ-၏၊ (ဝါ)သည်၊ ဟောတိ-၏။

၃၂။ <u>အလောဘော ဟောတိ။</u> ယော တသ္မိံ သမယေ အလောဘော အလုဗ္ဘနာ အလုဗ္ဘိတတ္တံ အသာရာဂေါ အသာရဇ္ဇနာ အသာရဇ္ဇိတတ္တံ အနဘိဇ္ဈာ အလောဘော ကုသလမူလံ ။ (ပါ။၂၂။သျှ။၅၂။)

အနက်ပေး

- ယော အလောဘော- အကြင်အလောဘသည်၊
- ယာ အလုဗ္ဘနာ - အကြင်မတပ်မက်သော တရားသည်၊
- ယံ အလုဗ္ဘိတတ္တံ - အကြင်တပ်မက်ခြင်းမရှိသော ပုဂ္ဂိုလ်၏အဖြစ်သည်၊
- ယော အသာရာဂေါ- အကြင်တပ်မက်ခြင်းနှင့်တကွဖြစ်သော ရာဂ၏ ဆန့်ကျင်ဘက်သည်၊
- ယာ အသာရဇ္ဇနာ- အကြင်တပ်မက်ခြင်းနှင့်တကွဖြစ်သောရာဂမရှိသောအခြင်းအရာသည်၊
- ယံ အသာရဇ္ဇိတတ္တံ- အကြင်တပ်မက်ခြင်းနှင့်တကွဖြစ်သောရာဂမရှိသောပုဂ္ဂိုလ်၏အဖြစ်သည်၊

http://www.dhammadownload.com

- ယာ အနဘိဇ္ဈာ - အကြင်အလိုမကြီးတတ်သော တရားသည်၊
- အလောဘော-အလောဘဟုဆိုအပ်သော၊ ယံ ကုသလမူလံ-အကြင်ကုသိုလ်တို့၏မူလသည်၊ ဟောတိ-၏။

၃၃။ <u>အဒေါသော ဟောတိ။</u> ယော တသ္မိံ သမယေ အဒေါသော အဒုဿနာ အဒုဿိ-တတ္တံ အဗျာပါဒေါ အဗျာပဇ္ဇော အဒေါသော ကုသလမူလံ။ (ပါ။၂၂။သျှ။၅၃။)

<u>အနက်ပေး</u>

- ယော အဒေါသော - အကြင်အဒေါသသည်၊
- ယာ အဒုဿနာ - အကြင်မပြစ်မှားသော အခြင်းအရာသည်၊
- ယံ အဒုဿိတတ္တံ - အကြင်မပြစ်မှားတတ်သော ပုဂ္ဂိုလ်၏အဖြစ်သည်၊
- ယော အဗျာပါဒေါ - အကြင်ဒေါသ၏ ဆန့်ကျင်ဘက်သည်၊
- ယော အဗျာပဇ္ဇော - အကြင်အမျက်၏ ဆန့်ကျင်ဘက်သည်၊
- အဒေါသော-အဒေါသဟုဆိုအပ်သော၊ ယံ ကုသလမူလံ-သည်၊ ဟောတိ-၏။

၄၀။ <u>ကာယပဿဒ္ဓိ ဟောတိ။</u> ယာ တသ္မိံ သမယေ ဝေဒနာက္ခန္ဓဿ သညာက္ခန္ဓဿ သင်္ခါရက္ခန္ဓဿ ပဿဒ္ဓိ ပဋိပဿဒ္ဓိ ပဿမ္ဘနာ ပဋိပဿမ္ဘနာ ပဋိပဿမ္ဘိတတ္တံ။ (ပါ။၂၃။သျှ။၅၆။)

<u>အနက်ပေး</u>

ဝေဒနက္ခန္ဓဿ-၏ ။ပ။ သင်္ခါရက္ခဿ-၏၊

- ယာ ပဿဒ္ဓိ - အကြင် ငြိမ်းကြောင်းသည်၊ (ပဋိပဿဒ္ဓိ-တူ)၊
- ယာ ပဿမ္ဘနာ - အကြင် ငြိမ်းသောအခြင်းအရာသည်၊ (ပဋိပဿမ္ဘနာ-တူ)၊
- ယံ ပဋိပဿမ္ဘိတတ္တံ- အကြင်ငြိမ်းသော ခန္ဓာသုံးပါးအပေါင်း၏အဖြစ်သည်၊ ဟောတိ-၏။

၄၁။ <u>စိတ္တပဿဒ္ဓိ ဟောတိ</u>။ ။ပ။ဝိညာဏက္ခန္ဓဿ။ပ။ပဋိပဿမ္ဘိတတ္တံ။(ပါ။၂၃။သျှ။၅၇။)

<u>အနက်ပေး</u>

- ယံ ပဋိပဿမ္ဘိတတ္တံ- အကြင်ငြိမ်းသော ဝိညာဏက္ခန္ဓာ၏အဖြစ်သည်။ (ကြွင်း တူ)

၄၂။ <u>ကာယလဟုတာ ဟောတိ</u> ။ ယာ တသ္မိံ သမယေ။ပ။ လဟုတာ လဟုပရိ-ဏာမတာ အဒန္ဓနတာ အဝိတ္ထနတာ ။ (ပါ။၂၄။သျှ။၅၇။)

http://www.dhammadownload.com

အနက်ပေး:

- ယာ လဟုတာ - အကြင်လျင်သော အခြင်းအရာသည်၊
- ယာ လဟုပရိဏာမတာ-အကြင်လျင်သောအပြန်ရှိသော ခန္ဓာသုံးပါးအပေါင်း၏အဖြစ်သည်၊
- ယာ အဒန္ဓနတာ - အကြင်မလေးသည်၏အဖြစ်သည်၊
- ယာ အဝိတ္ထနတာ - အကြင်ကိလေသာတည်းဟူသော ဝန်မရှိသော ခန္ဓာသုံးပါးတို့၏ အဖြစ်သည်၊ ဟောတိ-၏။

၄၄။ ကာယမုဒုတာ ဟောတိ။ပ။ မုဒုတာ မဒ္ဒဝတာ အကက္ခဠတာ အကထိနတာ။ (ပါ။၂၄။သျ။၅၇။)

အနက်ပေး:

- ယာ မုဒုတာ - အကြင်နူးညံ့သည်၏အဖြစ်သည်၊
- ယာ မဒ္ဒဝတာ - အကြင်ပြေပြစ်သည်၏အဖြစ်သည်၊
- ယာ အကက္ခဠတာ - အကြင်မကြမ်းတမ်းသည်၏အဖြစ်သည်၊
- ယာ အကထိနတာ - အကြင်မခက်မာသည်၏အဖြစ်သည်၊ ဟောတိ-၏။

၄၆။ ကာယကမ္မညတာ ဟောတိ ။ပ။ ကမ္မညတာ ကမ္မညတ္တံ ကမ္မညဘာဝေါ။ (ပါ။၂၄။သျ။၅၈။)

အနက်ပေး:

- ယာ ကမ္မညတာ-အကြင်အမှု၌ ခံ့သည်၏အဖြစ်သည်၊ဟောတိ-၏။(ကြွင်းသဒ္ဒါပွား အနက်တူ)

၄၈။ ကာယပါဂုညတာ ဟောတိ ။ပ။ ပဂုဏတာ ပဂုဏတ္တံ ပဂုဏဘာဝေါ။ (ပါ။၂၄။သျ။၅၈။)

အနက်ပေး:

- ယာ ပဂုဏတာ- အကြင်အနာမရှိသော ခန္ဓာသုံးပါးတို့၏အဖြစ်သည်၊ဟောတိ-၏။ (ကြွင်း သဒ္ဒါပွား အနက်တူ)။

၅၀။ ကာယဇုကတာ ဟောတိ ။ပ။ ဥဇုတာ ဥဇုကတာ အဇိမှတာ အဝင်္ကတာ အကုဋိလတာ။(ပါ။၂၄။သျ။၅၉)

အနက်ပေး:

- ယာ ဥဇုတာ - အကြင်ဖြောင့်သော အခြင်းအရာအားဖြင့် ဖြစ်သောအဖြစ်သည်။

http://www.dhammadownload.com

- ယာ ဥဇုကတာ- အကြင်ဖြောင့်သောအခြင်းအရာအားဖြင့်ဖြစ်သောခန္ဓာသုံးပါးတို့၏အဖြစ်သည်။
- ယာ အဇိမှတာ - အကြင်နွားကျင်ရေးကဲ့သို့ မကောက်သည်၏အဖြစ်သည်၊
- ယာ အဝင်္ကတာ - အကြင်လရေးကဲ့သို့ မကောက်သည်၏အဖြစ်သည်၊
- ယာ အကုဋိလတာ- အကြင်ထွန်ရေးကဲ့သို့ မကောက်သည်၏အဖြစ်သည်၊ဟောတိ- ၏။

မှတ်ချက်။ ကာယပဿဒ္ဓိ စိတ္တပဿဒ္ဓိ စသည်၌ - ကာယ ၊ စိတ္တအထူးမှာ = ကာယသည် <u>ဝေဒနာ သညာ သင်္ခါရဟူသော နာမ်ခန္ဓာသုံးပါး</u>။ စိတ္တသည် <u>ဝိညာဏက္ခန္ဓာ</u> ဤမျှသာ ထူး၏။

ရ၂။ မနောသမ္ဘေတနာဟာရော ဟောတိ။ (စေတနာ-နှင့် တူ၏)။

<u>မှတ်ချက်။ ပါဠိတော်လာ ပုဒ်များမှ အရကောက်တူသော ပရိယာယ်ပုဒ်များ</u>

သမထ ၊ အဝိက္ခေပ-သည် သမာဓိ-နှင့် တူ၏ ။

သမ္မဒိဋ္ဌိ ၊ ဝိပဿနာ-ပုဒ်များသည် ပညာ-နှင့် တူ၏ ။

ပဂ္ဂါဟ-သည် ဝီရိယ-နှင့် တူ၏ ။

<u>ကောဋ္ဌာသဝါရ</u>

၁၁၄။ ယေ ဝါ ပန တသ္မိံ သမယေ အညေပိ အတ္ထိ ပဋိစ္စသမုပ္ပန္နာ အရူပိနော ဓမ္မာ ။ (ပါ။၃၄။သျ။၈၆။)

<u>အနက်ပေး</u>

ဝေဒနာက္ခန္ဓ-ကို၊ ဌပေတွာ-၍ ။ပ။ အညေပိ-ဆိုအပ်ပြီးသည်မှ တစ်ပါးလည်းဖြစ်ကုန်သော၊ ပဋိစ္စသမုပ္ပန္နာ-မိမိ မိမိအား လျော်ကပ်သော အကြောင်းကိုစွဲ၍ ဖြစ်ကုန်သော၊ အရူပိနော-နာမ်ဖြစ်ကုန်သော၊ ယေဝါပနဓမ္မာ-အကြင်သို့ သဘောရှိကုန်သော ဖဿအစရှိကုန်သော တရားတို့သည်၊ အတ္ထိ သန္တိ-ရှိကုန်၏ ။ပ။ အယံသင်္ခါရက္ခန္ဓော-သည်၊ ဟောတိ-၏။

ကာမာဝစရကုသလ (ပဌမစိတ္တ)

၁၅၂။ <u>ဝေဒနာ(ဥပေက္ခာ)ဟောတိ။</u> ယံ တသ္မိံ သမယေ တဇ္ဇာမနောဝိညာဏဓာတု-သမ္ဖဿဇံ စေတသိကံ နေဝ သာတံ နာသာတံ စေတောသမ္ဖဿဇံ အဒုက္ခမသုခံ ဝေဒယိတံ စေတောသမ္ဖဿဇာ အဒုက္ခမသုခါ ဝေဒနာ။ (ပါ။၄၁။သျ။၉၅)

http://www.dhammadownload.com

အနက်ပေး:

-တဇ္ဇာမနောဝိညာဏဓာတုသမ္ဖဿဇံ-ထိုနေဝသာတနာသာတအား လျော်ကပ်သော မနောဝိညာဏဓာတ်၏ အတွေ့ကြောင့်ဖြစ်သော၊ စေတသိကံ-စိတ်၌မှီသော၊ နေဝသာတံ-သာယာ တတ်သည်လည်း မဟုတ်သော၊ နာသာတံ-သာယာစေတတ်သည်လည်း မဟုတ်သော။

(-တဇ္ဇာမနောဝိညာဏဓာတုသမ္ဖဿဇံ - ထိုဥပေက္ခာဝေဒနာအား လျော်ကပ်သော မနောဝိညာဏဓာတ်၏ အတွေ့ကြောင့်ဖြစ်သော၊ စေတသိကံ-သော၊ ယံ အဒုက္ခအသုခံ-အကြင် အဒုက္ခမသုခဝေဒနာသည်။) (ဤသျှသည် ပါဠိတော်၌ မပါ၊ ပါ-နိဿယ၌သာ ပါသည်။)

-စေတောသမ္ဖဿဇံ-စိတ်၏အတွေ့ကြောင့်ဖြစ်သော၊ အဒုက္ခမသုခံ-ဒုက္ခလည်း မရှိ သုခလည်း မရှိသော၊ ယံ ဝေဒယိတံ-အကြင်ခံစားတတ်သောစိတ်၏အဖြစ်သည်။

-စေတောသမ္ဖဿဇာ-စိတ်၏အတွေ့ကြောင့်ဖြစ်သော၊ အဒုက္ခမသုခါ-အဒုက္ခ မသုခ အမည်ရှိသော၊ ယာ ဝေဒနာ-အကြင်ဝေဒနာသည်၊ ဟောတိ-၏။ (ကြွင်းပုဒ်များ တူ၏)။

(ကာမာဝစရကုသလစိတ္တပြီးပြီ)

==================================

ရူပါဝစရကုသလစိတ္တ

၁၆၀။ ယသ္မိံ သမယေ ရူပူပပတ္တိယာ မဂ္ဂံ ဘာဝေတိ ဝိဝိစ္စေဝ ကာမေဟိ ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ သဝိတက္ကံ သဝိစာရံ ဝိဝေကဇံ ပီတိသုခံ ပဌမံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ ပထဝီကသိဏံ။ (ပါ။၄၄။သျှ။၉၉။)

အနက်ပေး:

ယသ္မိံ သမယေ-၌၊ ရူပူပပတ္တိယာ-ရူပဘုံ၌ ပဋိသန္ဓေဖြစ်ခြင်း၏၊(ဝါ)ငှါ၊ မဂ္ဂံ-အကြောင်း ဖြစ်သော ဈာန်ကို၊ ဘာဝေတိ-ပွားစေ၏၊ ကာမေဟိ-ဝတ္ထုကာမ ကိလေသကာမတို့မှ၊ ဝိဝိစ္စေဝ-ကင်းသည်ဖြစ်၍သာလျှင်၊ အကုသလေဟိ-ကုန်သော၊ ဓမ္မေဟိ-တို့မှ၊ ဝိဝိစ္စေဝ-သာလျှင်၊ သဝိတက္ကံ-ဝိတက်နှင့်တကွဖြစ်သော၊ သဝိစာရံ-ဖြစ်သော၊ ဝိဝေကဇံ-နီဝရဏတို့မှ ကင်းခြင်းကြောင့်ဖြစ်သော၊ (ဝါ)နီဝရဏကင်းသော သမ္ပယုတ်တရား၌ ဖြစ်သော၊ ပီတိသုခံ-ပီတိသုခဖြစ်သော၊(ဝါ)ဝိဝေကဇံ-ပီတိသုခံ-နီဝရဏကင်းခြင်းကြောင့်ဖြစ်သော ပီတိသုခရှိသော၊ ပထဝီကသိဏံ-ပထဝီကသိုဏ်းဟု ဆိုအပ်သော၊ (ဝါ) ပထဝီကသိုဏ်း အာရုံရှိသော၊ ပဌမံ-ရှေးဦးစွာသော၊ ဈာနံ- ဈာန်သို့၊ ဥပသမ္ပဇ္ဇ-ကပ်၍၊ (ဝါ) ဈာနံ-ဈာန်ကို၊ ဥပသမ္ပဇ္ဇ-ပြည့်စုံစေ၍၊ ဝိဟရတိ-နေ၏။

http://www.dhammadownload.com

ဓမ္မသင်္ဂဏီပါဠိတော် ပို့ချချက် (၄၂)

၁၆၁။ ယသ္မိံ သမယေ ရူပူပပတ္တိယာ မဂ္ဂံ ဘာဝေတိ ဝိတက္ကဝိစာရာနံ ဝူပသမာ အဇ္ဈတ္တံ သမ္ပသာဒနံ စေတသော ဧကောဒိဘာဝံ အဝိတက္ကံ အဝိစာရံ သမာဓိဇံ ပီတိသုခံ ဒုတိယံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ ပထဝီကသိဏံ။(ပါ။၄၄။သျှ။၁၀၀)

<u>အနက်ပေး</u>

ယသ္မိံ သမယေ-၌ ။ပ။ ဘာဝေတိ-၏၊ ဝိတက္ကဝိစာရာနံ-တို့ကို၊ဝူပသမာ-လွန်မြောက်ခြင်းကြောင့်၊ (ဝါ) ဝိတက္ကဝိစာရာနံ-တို့၏၊ ဝူပသမာ-ငြိမ်းခြင်းကြောင့်၊အဇ္ဈတ္တံ-မိမိသန္တာန်၌ဖြစ်သော၊ သမ္ပသာဒနံ-မည်သော၊ စေတသော-စိတ်၏။ ဧကောဒိဘာဝံ-ဧကောဒိမည်သောသမာဓိကို ပွားစေတတ်သော၊ အဝိတက္ကံ-ဝိတက်မရှိသော၊ အဝိစာရံ-ဝိစာရမရှိသော၊ သမာဓိဇံ-ပဌမဈာန် သမာဓိကြောင့်ဖြစ်သော၊(ဝါ)သမ္ပယုတ်သမာဓိကြောင့်ဖြစ်သော၊ ပီတိသုခံ-ပီတိသုခရှိသော၊ ပထဝီကသိဏံ-သော၊ ဒုတိယံ-နှစ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော ။ပ။ ဝိဟရတိ-နေ၏။

၁၆၃။ ယသ္မိံ သမယေ ရူပူပပတ္တိယာ မဂ္ဂံ ဘာဝေတိ ပီတိယာ စ ဝိရာဂါ ဥပေက္ခကော စ ဝိဟရတိ သတော စ သမ္ပဇာနော သုခဉ္စ ကာယေန ပဋိသံဝေဒေတိ။ (ပါ။၄၅။သျှ။၁၀၁။)

<u>အနက်ပေး</u>

ယသ္မိံ သမယေ-၌ ။ပ။ ပီတိယာ-ကို၊ ဝိရာဂါ-လွန်ခြင်းကြောင့်၊ ဝိတက္ကဝိစာရာနဉ္စ-တို့ကိုလည်း၊ ဝူပသမာ-လွန်ခြင်းကြောင့်၊ သတောစ-သတိရှိသည်ဖြစ်၍လည်း၊ သမ္ပဇာနော-ပညာအဆင်အခြင်ရှိသည်ဖြစ်၍လည်း၊ ဥပေက္ခကော စ-အသင့်အားဖြင့်ရှုတတ်သော တတြမဇ္ဈတ္တုပေက္ခာနှင့် ပြည့်စုံသည်ဖြစ်၍လည်း၊ ဝိဟရတိ-၏၊ ကာယေန-ကာယဝိညာဏ်ဖြင့်၊ သုခံ-ကာယိကသုခကို၊ ပဋိသံဝေဒေတိ-ခံစား၏။

= ယံ တံ အရိယာ အာစိက္ခန္တိ ဥပေက္ခကော သတိမာ သုခဝိဟာရီတိ တတိယံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ ပထဝီကသိဏံ။ (ပါ။၄၅။သျှ။၁၀၁။)

<u>အနက်ပေး</u>

ယံ တတိယဈ္ဈာနံ-အကြင်တတိယဈာန်ဟူသော အကြောင်းကြောင့်၊ တံ တတိယဈ္ဈာန-သမင်္ဂီပုဂ္ဂလံ-ထိုတတိယဈာန်နှင့်ပြည့်စုံသော ပုဂ္ဂိုလ်ကို၊ အရိယာ-ဘုရားအစရှိသော အရိယာသူတော်ကောင်းတို့သည်၊ ဥပေက္ခကော သတိမာ သုခဝိဟာရီတိ-ဟူ၍၊ အာစိက္ခန္တိ - ချီးမွမ်းကုန်၏၊ ပထဝီကသိဏံ-သော ။ပ။ ဝိဟရတိ-နေ၏။

http://www.dhammadownload.com

ဓမ္မသင်္ဂဏီပါဠိတော် ပို့ချချက် (၄၃)

၁၆၅။ ယသ္မိံ သမယေ ရူပူပပတ္တိယာ မဂ္ဂံ ဘာဝေတိ သုခဿ စ ပဟာနာ ဒုက္ခဿ စ ပဟာနာ ပုဗ္ဗေဝ သောမနဿဒေါမနဿာနံ အတ္ထင်္ဂမာ အဒုက္ခမသုခံ ဥပေက္ခာသတိပါရိသုဒ္ဓိံ စတုတ္ထံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ။(ပါ။၄၅။သျှ။၁၀၃)

အနက်ပေး

ယသ္မိံ သယေ-၌ ။ပ။ပုဗ္ဗေဝ-ရှေးဦးကလျှင်၊ သုခဿစ-ကာယိကသုခကိုလည်း၊ ပဟာနာ-ပယ်ခြင်းကြောင့်၊ ဒုက္ခဿ စ-ကာယိကဒုက္ခကိုလည်း၊ ပဟာနာ-ပယ်ခြင်းကြောင့်၊ သောမနဿ-ဒေါမနဿာနံ-စေတသိကသုခ စေတသိကဒုက္ခတို့၏၊ ပုဗ္ဗေဝ-ရှေးဦးကလျှင်၊ အတ္ထင်္ဂမာ-ချုပ်ခြင်းကြောင့်၊ အဒုက္ခမသုခံ-ဥပေက္ခာဝေဒနာရှိသော၊ဥပေက္ခာသတိပါရိသုဒ္ဓိံ -တတြမဇ္ဈတ္တုပေက္ခာသည် ဖြစ်စေအပ်သော သတိ၏ ထက်ဝန်းကျင်စင်ကြယ်ခြင်းရှိသော၊ ပထဝီကသိဏ်-သော၊ စတုတ္ထံ-လေးခုတို့၏ ပြည့်ကြောင်းဖြစ်သော၊ ဈာနံ-သို့ ။ပ။ ဝိဟရတိ-၏။

၁၈၆။ စတသော ပဋိပဒါ။ (ပါ။၅၀၊သျှ။၁၀၃။)

<u>အနက်ပေး</u>

= ဒုက္ခပဋိပဒံ- ဆင်းရဲသောအကျင့်ရှိသော။
= ဒန္ဓာဘိညံ- နှေးသော အဘိညာဏရှိသော။ (ကြွင်းပုဒ်များ လွယ်ပြီ)။

၁၈၁။ စတ္တာရိ အာရမ္မဏာနိ ။ (ပါ။၅၁။သျှ။၁၀၄။)

အနက်ပေး

= ပရိတ္တံ - မလေ့လာအပ်သော၊ (ဝါ) နည်းသောအာနုဘော်ရှိသော ။
= ပရိတ္တာရမ္မဏံ- ကျဉ်းသောစကောခွက်မျှသော အာရုံရှိသော။
= အပ္ပမာဏံ - လေ့လာအပ်ပြီးသော၊(ဝါ)ကောင်းစွာပွားစေအပ်ပြီးသော၊(ဝါ) မနှိုင်းယှဉ်အပ် ကြီးမားသော အာနုဘော်ရှိသော။
= အပ္ပမာဏာရမ္မဏံ- မနှိုင်းယှဉ်အပ် ကြီးပွားသော အာရုံရှိသော။

အဘိဘာယတနာနိ ပရိတ္တာနိ။

၂၀၄။ ယသ္မိံ သမယေ ရူပူပပတ္တိယာ မဂ္ဂံ ဘာဝေတိ အဇ္ဈတ္တံ အရူပသညီ ဗဟိဒ္ဓါ ရူပါနိ ပဿတိ ပရိတ္တာနိ တာနိ အဘိဘုယျ ဇာနာမိ ပဿာမိတိ။ (ပါ။၅၅။သျှ။၁၀၇)

ဓမ္မသင်္ဂဏီပါဠိတော် မိုချချက် (၄၄)

အနက်ပေး:

– ရူပူပပတ္တိယာ–၄ါ (ဝါ)၏၊ မဂ္ဂံ–ကို၊ အဇ္ဈတ္တံ – မိမိသန္တာန်၌ (ဝါ) အတွင်းသန္တာန်၌၊ အရူပသညီ–ရုပ်၌ပရိကမ္မသညာကင်းသည်ဖြစ်၍၊ ဗဟိဒ္ဓါ–အပ၌၊ ပရိတ္တာနိ–မပွားစေအပ်ကုန်သော၊ (ဝါ) နည်းသောအာနုဘော်ရှိကုန်သော၊ ရူပါနိ–ရုစ်ပါးသော ကသိုဏ်းရုပ်တို့ကို၊ ပဿတိ–ရှု၏၊ ပရိတ္တာနိ–မပွားစေအပ်ကုန်သော (ဝါ) နည်းသော အာနုဘော်ရှိကုန်သော၊ တာနိ ရူပါနိ–ထိုရုစ်ပါးသော ကသိုဏ်းရုပ်တို့ကို၊ အဘိဘုယျ–နှိပ်စက်၍၊ ဇာနာမိ–သိအံ့၊ ပဿာမိ–မြင်အံ့၊ ဣတိမနသိကတွာ–ဤသို့နှလုံးသွင်း၍၊ ဘာဝေတိ–ပွားစေ၏။

၂၄၆။ သောဠသကန္ဒတ္တုကာနိ ။ (ပါ။၆၄။သျ။၁၁၂။)

အနက်ပေး:

- နီလာနိ– ညိုကုန်သော၊
- နီလဝဏ္ဏာနိ– ညိုသောအဆင်းရှိကုန်သော၊
- နီလနိဘာသာနိ– ညိုသောအရောင်နှင့်ယှဉ်ကုန်သော၊ ရူပါနိ–တို့ကို၊ ပဿတိ–၏။

တီဏိ ဝိမောက္ခာနိ

၂၄၈။ ယသ္မိံ သမယေ ရူပူပပတ္တိယာ မဂ္ဂံ ဘာဝေတိ ရူပီ ရူပါနိ ပဿတိ။
(ပါ။၆၅။သျ။၁၁၄)

အနက်ပေး:

–မဂ္ဂံ–ကို၊ ရူပီ –မိမိသန္တာန်၌ဖြစ်သော ဆံပင်စသည်တို့၌ ဖြစ်စေအပ်သော ရူပဈာန်ရှိသော ပုဂ္ဂိုလ်သည်၊ ရူပါနိ–အပ၌ နီလအစရှိသော ကသိုဏ်းရုပ်တို့ကို၊ ဈာနစက္ခုနာ– ဈာန်တည်းဟူသော မျက်စိဖြင့်၊ ပဿတိ–၏၊ ပဿိတွာ–၍၊ ဘာဝေတိ–၏။

၂၅၁။ စတ္တာရိ ဗြဟ္မဝိဟာရဈာနာနိ။ (ပါ။၆၆။သျ။၁၁၅။)

အနက်ပေး:

= မေတ္တာသဟဂတံ – မေတ္တာနှင့်ပြည့်စုံသော။
= ဥပေက္ခာသတဂတံ – တတြမဇ္ဈတ္တုပေက္ခာနှင့်ပြည့်စုံသော။

၂၆၃။ အသုဘဈာန်။ (ပါ။၆၇။သျ။၁၁၅)

အနက်ပေး:

= ဥဒ္ဓုမာတကသညာသဟဂတံ–ဥဒ္ဓုမာတကနိမိတ်၌ အပ္ပနာ၏အစွမ်းဖြင့် ဖြစ်သော သညာနှင့်တကွဖြစ်သော၊ (ဝါ) သညာနှင့်ယှဉ်သော။ (ကြွင်း တူ၏)

http://www.dhammadownload.com

အရူပါဝစရကုသလစိတ္တ

၂၆၅။ ယသ္မိံ သမယေ အရူပူပပတ္တိယာ မဂ္ဂံ ဘာဝေတိ သဗ္ဗသော ရူပသညာနံ သမတိက္ကမာ ပဋိဃသညာနံ အတ္ထင်္ဂမာ နာနတ္တသညာနံ အမနသိကာရာ အာကာသာနဉ္စာယတနသညာသဟဂတံ သုခဿ စ ပဟာနာ။ပ။စတုတ္ထံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ ဥပေက္ခာသဟဂတံ။ (ပါ။၆၈။သျှ။၁၁၇)

အနက်ပေး

-အရူပူပပတ္တိယာ-ငါ(ဝါ)၏၊ မဂ္ဂံ-ကို၊ ဘာဝေတိ-၏၊ သဗ္ဗသော-ခပ်သိမ်းသောအပြား အားဖြင့်၊(ဝါ) အလုံးစုံသော၊ ရူပသညာနံ-ရူပါဝစရဈာန်သညာတို့ကို၊ သမတိက္ကမာ-လွန်ခြင်းကြောင့်၊ ပဋိဃသညာနံ-စက္ခုပသာဒ ရူပါရုံစသည်တို့၏ ထိပါးခြင်းကြောင့်ဖြစ်သောသညာတို့၊ အတ္ထင်္ဂမာ-ချုပ်ခြင်းကြောင့်၊ နာနတ္တသညာနံ-အထူးထူးသော အာရုံ၌ဖြစ်သော သညာတို့ကို၊ အမနသိကာရာ-နလုံးမသွင်းခြင်းကြောင့်၊ အာကာသာနဉ္စာယတနသညာသဟဂတံ-အာကာသာနဉ္စာယတန၌ အပ္ပနာသို့ရောက်သော သညာနှင့်တကွဖြစ်သော၊ သုခဿစ-စေတသိကသုခ ကာယိကသုခ ဝေဒနာကိုလည်း၊ ပဟာနာ-ပယ်ခြင်းကြောင့်၊ (ကြွင်း လွယ်ပြီ)။

လောကုတ္တရကုသလစိတ္တ

၂၇၇။ ယသ္မိံ သမယေ လောကုတ္တရံ ဈာနံ ဘာဝေတိ နိယျာနိကံ အပစယဂါမိံ ဒိဋ္ဌိဂတာနံ ပဟာနာယ ပဌမာယ ဘူမိယာ ပတ္တိယာ ဝိဝိစ္စေဝ ကာမေဟိ ။ပ။ ပဌမံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ ဒုက္ခပဋိပဒံ ဒန္ဓာဘိညံ။(ပါ။ရ၂။သျှ။၁၂၂)

<u>အနက်ပေး</u>

-နိယျာနိကံ-ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော၊ အာစယဂါမိံ- စုတိ ပဋိသန္ဓေတို့ကို ဖျက်ဆီးလျက် သွားတတ်သော၊ လောကုတ္တရံ-မည်သော၊ ဈာနံ-ကို၊ ဒိဋ္ဌိဂတာနံ-ဒိဋ္ဌိ ဒိဋ္ဌိနှင့်တူသော ဖြစ်ခြင်းရှိကုန်သော ဝိစိကိစ္ဆာစသော အကုသိုလ်တရားတို့ကို၊ ပဟာနာယ-သမုစ္ဆေဒပဟာန် အားဖြင့် ပယ်ခြင်းငှာ၊ ပဌမာယ-ရှေးဦးစွာဖြစ်သော၊ ဘူမိယာ- သောတာပတ္တိဖိုလ်သို့၊ ပတ္တိယာ-ငှာ၊ (ဝါ) ဘူမိယာ-သောတာပတ္တိဖိုလ်ကို၊ ပတ္တိယာ-ရခြင်းငှာ၊ ဘာဝေတိ-၏။

၂၉၆။ <u>အနညာတညဿာမီတိန္ဒြိယံ ဟောတိ။</u> ယာ တေသံ ဓမ္မာနံ အနညာတာနံ အဒိဋ္ဌာနံ အပ္ပတ္တာနံ အဝိဒိတာနံ အသစ္ဆိကတာနံ သစ္ဆိကိရိယာယ ပညာ။ (ပါ။ရ၅။သျှ။၁၃၀။)

http://www.dhammadownload.com

အနက်ပေး

–အညာတာနံ–ဉာဏ်ဖြင့် မသိဘူးကုန်သော၊ တေသံ ဓမ္မာနံ–ထိုတရားတို့ကို၊ ဉာဏာယ–သိခြင်းငှာ၊ အဒိဋ္ဌာနံ–ဉာဏ်ဖြင့်မမြင်အပ်ကုန်သေးသော၊ တေသံ ဓမ္မာနံ–တို့ကို၊ပတ္တိယာ–ရခြင်းငှာ၊ အဝိဒိတာနံ–မထင်အပ်ကုန်သေးသော၊ တေသံ ဓမ္မာနံ–တို့ကို၊ ဝိဒိတာယ–ထင်ရှားခြင်းငှာ၊ အသစ္ဆိကတာနံ–မျက်မှောက်မပြုအပ်ကုန်သေးသော၊ တေသံဓမ္မာနံ–တို့ကို၊ သစ္ဆိကိရိယာယ–မျက်မှောက်ပြုခြင်းငှာ၊ ယာ ပညာ–အံကြင်ပညာသည်။ (ကြွင်း ပညာအတိုင်း)

၂၉၉။ သမ္မာဝါစာ ဟောတိ။ ယာ တသ္မိံ သမယေ စတူဟိ ဝစီဒုစ္စရိတေဟိ အာရတိ ဝိရတိ ပဋိဝိရတိ ဝေရမဏီ အကိရိယာ အကရဏံ အနဇ္ဈာပတ္တိ ဝေလာအန–တိက္ကမော သေတုဃာတော သမ္မာဝါစာ မဂ္ဂင်္ဂံ မဂ္ဂပရိယာပန္နံ။ (ပါ။ရ၆။သျ။၁၃၀)

အနက်ပေး

–စတူဟိ–ကုန်သော၊ဝစီဒုစ္စရိတေဟိ–တို့မှ=

- ယာ အာရတိ– အကြင်ဝေးစွာ ကြဉ်တတ်သော တရားသည်၊
- ယာ ဝိရတိ– အကြင်ကင်း၍ ကြဉ်တတ်သော တရားသည်၊
- ယာ ပဋိဝိရတိ– အကြင်ဆုတ်နစ်၍ ကင်း၍ ကြဉ်တတ်သော တရားသည်၊
- ယာ ဝေရမဏီ– အကြင်ဒုစရိုက်ကို ဖျက်ဆီးတတ်သော တရားသည်၊
- ယာ အကရိယာ – အကြင်ဒုစရိုက်ကို ပြုခြင်းကို မပေးတတ်သော တရားသည်၊ (ဝါ) အကြင်ပြုခြင်း၏အကြောင်းကို ဖြတ်တတ်သော တရားသည်၊

(အကရဏံ–တူ)၊

- ယာ အနဇ္ဈာပတ္တိ – အကြင်လွန်ကျူး၍ ကျင့်ခြင်းငှာ မပေးတတ်သော တရားသည်၊
- ယော ဝေလာအနတိက္ကမော–အကြင်ဝစီသုစရိုက်တည်းဟူသော အပိုင်းအခြားကို လွန်ကျူးခြင်းကို မပေးတတ်သော တရားသည်၊ (ဝါ)အကြင်ဒုစရိုက်ကို ဖျက်ဆီးတတ်သော အကျိုးစီးပွားကို မလွန်တတ်သော တရားသည်။
- ယော သေတုဃာတော– အကြင်ဒုစရိုက်၏ အကြောင်းကို သတ်တတ်သော တရားသည်၊
- ယာ သမ္မာဝါစာ– အကြင်အဟုတ်အဟုတ် ချီးမွမ်းအပ်သော စကားသည်၊
- ယံ မဂ္ဂင်္ဂံ – အကြင်မဂ်၏ အဖို့သည်၊
- ယံ မဂ္ဂပရိယာပန္နံ – အကြင်မဂ်၌ အကျုံးဝင်သော တရားသည်၊ ဟောတိ–၏။

http://www.dhammadownload.com

ဓမ္မသင်္ဂဏီမြန်မာ့တော်ပို့ချချက် (၅၇)

၃၀၁။ သမ္မာအာဇီဝေါ ဟောတိ။ (ပါဠိတူ) (ပါ။ ၇၆။ သျှ။ ၁၃၂။)

<u>အနက်ပေး</u>

- ယာ အနဝဇ္ဇာပတ္တိ - အကြင်လွန်ကျူး၍ကျင့်ခြင်းငှာ မပေးတတ်သော တရားသည်၊
- ယော ဝေလာအနတိက္ကမော- အကြင်သမ္မာအာဇီဝတည်းဟူသော အပိုင်းအခြားကို လွန်ခြင်းကို မပေးတတ်သော တရားသည်၊
- ယော သေတုဃာတော- အကြင်မိစ္ဆာဇီဝ၏ အကြောင်းကို သတ်တတ်သော တရားသည်၊
- ယော သမ္မာအာဇီဝေါ- အကြင်ကောင်းသော အသက်မွေးခြင်းသည်၊
- ယံ မဂ္ဂင် - အကြင်မဂ်၏အဖို့သည် ။ပ။ ဟောတိ။ (ပုဒ်ထူးကိုသာ ပေး၏)

ဒွါဒသ အကုသလစိတ္တ

၃၈၁။ မိစ္ဆာဒိဋ္ဌိ ဟောတိ။ ယာ တသ္မိံ သမယေ ဒိဋ္ဌိ ဒိဋ္ဌိဂတံ ဒိဋ္ဌိဂဟနံ ဒိဋ္ဌိကန္တာရော ဒိဋ္ဌိဝိသူကာယိကံ ဒိဋ္ဌိဝိပ္ဖန္ဒိတံ ဒိဋ္ဌိသညောဇနံ ဂါဟော ပတိဋ္ဌာဟော အဘိနိဝေသော ပရာမာသော ကုမ္မဂ္ဂေါ မိစ္ဆာပထော မိစ္ဆတ္တံ တိတ္ထာယတနံ ဝိပရိယာသဂ္ဂါဟော။ (ပါ။ ၈၃။ သျှ။ ၁၄၆။)

<u>အနက်ပေး</u>

- ယာ ဒိဋ္ဌိ - အကြင်ဒိဋ္ဌိသည်၊
- ယံ ဒိဋ္ဌိဂတံ - အကြင်ခြောက်ဆယ့်နှစ်ပါးသော မိစ္ဆာအယူ၌ အကျုံးဝင်သော တရားသည်၊
- ယံ ဒိဋ္ဌိဂဟနံ - အကြင်ဒိဋ္ဌိတည်းဟူသော တောသည်၊
- ယော ဒိဋ္ဌိကန္တာရော - အကြင်ဒိဋ္ဌိတည်းဟူသော ခရီးခဲသည်၊
- ယံ ဒိဋ္ဌိဝိသုကာယိကံ- အကြင်သမ္မာဒိဋ္ဌိကို ဖျက်ဆီးတတ်သော တရားသည်၊(ဝါ)အကြင်သမ္မာဒိဋ္ဌိ၏ ဆန့်ကျင်ဘက်ဖြစ်သော တရားသည်၊
- ယံ ဒိဋ္ဌိဝိပ္ဖန္ဒိတံ - အကြင်ဒိဋ္ဌိ၏ ဖောက်ပြန်သော တုန်လှုပ်ခြင်းသည်၊
- ယံ ဒိဋ္ဌိသံယောဇနံ - အကြင်ဒိဋ္ဌိသာလျှင်ဖြစ်သော သံယောဇဉ်သည်၊
- ယော ဂါဟော - အကြင်မြဲမြံစွာ အာရုံကို ဖမ်းယူတတ်သော တရားသည်၊

(ပဋိဂ္ဂါဟော တူ)၊

- ယော အဘိနိဝေသော- အကြင်နိစ္စစသည်ဖြင့် နှလုံးသွင်းတတ်သော တရားသည်၊

http://www.dhammadownload.com

- ယော ပရာမာသော- အကြင်တရားသဘောကို လွန်၍ မှားသောအားဖြင့် သုံးသပ်တတ်သော တရားသည်။
- ယော ကုမ္မဂ္ဂေါ - အကြင်စက်ဆုပ်အပ်သော ခရီးသည်၊ (ဝါ) အကြင်စက်ဆုပ်အပ်ကုန်သော အပါယ်လေးပါးတို့၏ ခရီးသည်။
- ယော မိစ္ဆာပထော- အကြင်အဟုတ်အဟတ်မဟုတ်သော ခရီးသည်၊
- ယံ မိစ္ဆတ္တံ - အကြင်ဖောက်ပြန်သော သဘောသည်၊
- ယံ တိတ္ထာယတနံ-အကြင်ဆိပ်ဟုဆိုအပ်သော အကျိုးမရှိသောတရားတို့၏ တည်ရာသည်။
- ယော ဝိပရိယာသဂ္ဂါဟော-အကြင်ဖောက်ပြန်သောအားဖြင့် ရှာမှီး၍ ယူခြင်းသည် ။ပ။

၃၈၉။ လောဘော ဟောတိ။ ယော တသ္မိံ သမယေ လောဘော လုဗ္ဘနာ လုဗ္ဘိတတ္တံ သာရာဂေါ သာရဇ္ဇနာ သာရဇ္ဇိတတ္တံ အဘိဇ္ဈာ လောဘော အကုသလမူလံ။ (ပါ။၉၄။သျ။၁၄၈။)

အနက်ပေး:

- ယော လောဘော - အကြင်လောဘသည်၊
- ယာ လုဗ္ဘနာ - အကြင်တပ်မက်သော အခြင်းအရာသည်၊
- ယံ လုဗ္ဘိတတ္တံ - အကြင်တပ်မက်သော ပုဂ္ဂိုလ်၏အဖြစ်သည်၊
- ယော သာရာဂေါ - အကြင်တပ်မက်ခြင်းနှင့်တကွဖြစ်သော တရားသည်၊
- ယာ သာရဇ္ဇနာ - အကြင်တပ်မက်ခြင်းနှင့်တကွဖြစ်သော အခြင်းအရာသည်၊
- ယံ သာရဇ္ဇိတတ္တံ - အကြင်တပ်မက်ခြင်းနှင့်တကွဖြစ်သော ရာဂရှိသော စိတ်၏၊ (ဝါ) ပုဂ္ဂိုလ်၏အဖြစ်သည်၊
- ယာ အဘိဇ္ဈာ - အကြင်ရှေးရှုကြံတတ်သော တရားသည်၊
- လောဘော-လောဘဟုဆိုအပ်သော၊ ယံ အကုသလမူလံ-အကြင်အကုသိုလ်တို့၏မူလသည်၊ ဟောတိ-၏။

၃၉၀။ မောဟော ဟောတိ။ ယံ တသ္မိံ သမယေ အညာဏံ အဒဿနံ အနဘိသမယော အနနုဗောဓော အသမ္ဗောဓော အပ္ပဋိဝေဓော အသံဂါဟနာ အပရိယောဂါဟနာ အသမပေက္ခနာ အပစ္စဝေက္ခနာ အပစ္စက္ခကမ္မံ ဒုမ္မေဇ္ဈံ ဗာလျံ အသမ္ပဇညံ မောဟော ပမောဟော သမ္မောဟော အဝိဇ္ဇာ အဝိဇ္ဇောဃော အဝိဇ္ဇာယောဂေါ အဝိဇ္ဇာနုသယော အဝိဇ္ဇာပရိယုဋ္ဌာနံ အဝိဇ္ဇာလင်္ဂီ မောဟော အကုသလမူလံ (ပါ။၉၄။သျ။၁၄၈။)

http://www.dhammadownload.com

ဓမ္မသင်္ဂဏီပါဠိတော် ပို့ချချက် (၅၉)

<u>အနက်ပေး</u>

- ယံ အညာဏံ - အကြင်သိတတ်သောဉာဏ်၏ ဆန့်ကျင်ဘက်သည်၊
- ယံ အဒဿနံ - အကြင်မြင်တတ်သောပညာ၏ ဆန့်ကျင်ဘက်သည်၊
- ယော အနဘိသမယော-အကြင်ရှေးရှုဖြစ်၍ တရားတို့ကို ကောင်းစွာ မသိတတ်သော တရားသည်၊
- ယော အနနုဗောဓော- အကြင်အလျော်အားဖြင့် တရားတို့ကို သိတတ်သော ပညာ၏ ဆန့်ကျင်ဘက်သည်။
- ယော အသမ္ဗောဓော- အကြင်အနိစ္စစသည်တို့နှင့် ယှဉ်၍ တရားကို မသိတတ်သော တရားသည်၊
- ယော အပ္ပဋိဝေဓော - အကြင်သစ္စာလေးပါးတရားကို ထိုးထွင်း၍ မသိတတ်သော တရားသည်၊
- ယာ အသံဂါဟနာ - အကြင်ရုပ်စသည်တို့၌ တစ်ခုသောတရားကိုမျှလည်း အနိစ္စစသော သာမညအားဖြင့် မသိမ်းဆည်းတတ်သော တရားသည်။
- ယာ အပရိယောဂါဟနာ-အကြင်သစ္စာတရားသို့ မသက်ဝင်တတ်သော တရားသည်။
- ယာ အသမပေက္ခနာ- အကြင်အညီအညွတ် မရှုတတ်သော တရားသည်။
- ယာ အပစ္စဝေက္ခဏာ- အကြင်ရုပ်စသောတရားတို့၏ သဘောကို စွဲ၍ မရှုတတ်သော တရားသည်၊
- ယံ အပစ္စက္ခကမ္မံ - အကြင်မျက်မှောက်ပြုအပ်သော တစ်စုံတစ်ခုသောကံမျှ မရှိသော တရားသည်၊
- ယံ ဒုမ္မေဇ္ဈံ - အကြင်ဖြူစင်သော စိတ်အစဉ်ကို ဖျက်စီးတတ်သော တရားသည်၊
- ယံ ဗာလျံ - အကြင်မလိမ်မာသောသူ၏အဖြစ်သည်၊
- ယံ အသမ္ပဇညံ - အကြင်ကောင်းစွာအပြားအားဖြင့် မသိတတ်သော တရားသည်၊
- ယော မောဟော - အကြင် တွေဝေတတ်သော တရားသည်၊
- ယော ပမောဟော - အကြင် လွန်စွာတွေဝေတတ်သော တရားသည်၊
- ယော သမ္မောဟော - အကြင် ထက်ဝန်းကျင့်မှ တွေဝေတတ်သော တရားသည်၊
- ယာ အဝိဇ္ဇာ - အကြင်ပညာ၏ ဆန့်ကျင်ဘက်သည်၊
- ယော အဝိဇ္ဇောဃော - အကြင် မောဟတည်းဟူသော ဩဃသည် ။ ပ ။ အနုသယသည်၊
- ယံ အဝိဇ္ဇာပရိယုဋ္ဌာနံ- အကြင် မောဟတည်းဟူသော နှိပ်စက်တတ်သော တရားသည်၊
- ယော အဝိဇ္ဇာလင်္ဂီ- အကြင်မောဟတည်းဟူသော တံခါးကျည်သည်၊(ဝါ)အကြင်မောဟ တည်းဟူသော ခွင်းတတ်သော တရားသည်၊ (ကြွင်း လွှ်ယ်ပြီ)

http://www.dhammadownload.com

ဓမ္မသင်္ဂဏီပါဠိတော် ပို့ချချက် (၅၀)

၄၁၅။ <u>ဝေဒနာ ဟောတိ (ဒေါမနဿဝေဒနာ)။</u> ယံ တသ္မိံ သမယေ တဇ္ဇာမနော- ဝိညာဏဓာတုသမ္ဖဿဇံ စေတသိကံ အသာတံ စေတသိကံ ဒုက္ခံ စေတော- သမ္ဖဿဇံ အသာတံ ဒုက္ခံ ဝေဒယိတံ စေတောသမ္ဖဿဇာ အသာတာ ဒုက္ခာ ဝေဒနာ။ (ပါ။၁၀၀။သျှ။၁၅၁။)

<u>အနက်ပေး</u>

-တဇ္ဇာမနောဝိညာဏဓာတုသမ္ဖဿဇံ-ထို **အသာတအား** လျော်ကပတ်သော မနောဝိညာဏဓာတ်၏ အတွေ့ကြောင့်ဖြစ်သော၊ စေတသိကံ-သော၊ ယံ အသာတံ-အကြင် မသာယာစေတတ်သော တရားသည်။

- တဇ္ဇာမနောဝိညာဏဓာတုသမ္ဖဿဇံ-**ထိုဒုက္ခဝေဒနာအား**လျော်ကပတ်သော မနောဝိညာဏ ဓာတ်၏အတွေ့ကြောင့် ဖြစ်သော၊ စေတသိကံ - သော၊ ယံ ဒုက္ခံ - အကြင်ဒုက္ခဝေဒနာသည်၊

- စေတောသမ္ဖဿဇံ-**ဒေါသမူစိတ်**၏အတွေ့ကြောင့် ဖြစ်သော၊ အသာတံ-သာယာ စေတတ်သည် မဟုတ်သော၊ (ဝါ) မသာယာစေတတ်သော၊ ဒုက္ခံ-ဒုက္ခမည်သော၊ ယံ ဝေဒယိတံ- အကြင်ခံစားတတ်သော စိတ်၏အဖြစ်သည်၊ (ဝါ) အကြင်ခံစားခြင်းသည်၊

- စေတောသမ္ဖဿဇာ - **ဒေါသမူစိတ်**၏အတွေ့ကြောင့်ဖြစ်သော၊ အသာတာ-သော၊ ယာ ဒုက္ခာဝေဒနာ-အကြင်ဒုက္ခဝေဒနာသည်၊ ဟောတိ-၏။

၄၁၈။ <u>ဒေါသော ဟောတိ။</u> ယော တသ္မိံ သမယေ ဒေါသော ဒုဿနာ ဒုဿိတတ္တံ ဗျာပတ္တိ ဗျာပဇ္ဇနာ ဗျာပဇ္ဇိတတ္တံ ဝိရောဓော ပဋိဝိရောဓော စဏ္ဍိက္ကံ အသုရောပေါ အနတ္တမနတာ စိတ္တဿ။ (ပါ။၁၀၁။သျှ။၁၅၂။)

<u>အနက်ပေး</u>

- ယော ဒေါသော - အကြင်ဒေါသသည်၊
- ယာ ဒုဿနာ - အကြင်ဖျက်ဆီးသော အခြင်းအရာသည်၊
- ယံ ဒုဿိတတ္တံ - အကြင်ဖျက်ဆီးတတ်သော စိတ်၏ (ဝါ) ပုဂ္ဂိုလ်၏အဖြစ်သည်၊
- ယာ ဗျာပတ္တိ - အကြင်ပကတိသဘောကိုစွန့်၍ ဖောက်ပြန်ပျက်စီးခြင်းသည်၊
- ယာ ဗျာပဇ္ဇနာ - အကြင်ပကတိသဘောကို စွန့်သော အခြင်းအရာသည်၊
- ယံ ဗျာပဇ္ဇိတတ္တံ - အကြင်ပကတိသဘောကို စွန့်သော ပုဂ္ဂိုလ်၏အဖြစ်သည်၊
- ယော ဝိရောဓော - အကြင်ဆန့်ကျင်သော တရားသည်၊
- ယော ပဋိဝိရောဓော - အကြင်အဖန်တလဲလဲ ဆန့်ကျင်သော တရားသည်၊

http://www.dhammadownload.com

- ယံ စဏ္ဍိက္ကံ - အကြင်ကြမ်းတမ်းသော ပုဂ္ဂိုလ်၏အဖြစ်သည်၊
- ယော အသုရောပေါ- အကြင်မကောင်းသဖြင့် ဆိုအပ်သော စကားသည်၊(ဝါ) မပြည့်စုံသော စကားသည်၊
- စိတ္တဿ-၏၊ ယာ အနတ္တမနတာ-အကြင် မိမိစိတ် မဟုတ်သည်၏အဖြစ်သည်၊

၄၂၅။ ဝိစိကိစ္ဆာ ဟောတိ။ ယာ တသ္မိံ သမယေ ကင်္ခါ ကင်္ခါယနာ ကင်္ခါယိတတ္တံ ဝိမတိ ဝိစိကိစ္ဆာ ဒွေဠှကံ ဒွေဓာပထော သံသယော အနေကံသဂ္ဂါဟော အာသပ္ပနာ ပရိသပ္ပနာ အပရိယောဂါဟနာ ထမ္ဘိတတ္တံ စိတ္တဿ မနောဝိလေခေါ (ပါ။၁၀၂။သျှ။၁၅၃။)

အနက်ပေး

- ယာ ကင်္ခါ - အကြင်ယုံမှားခြင်းသည်၊
- ယာ ကင်္ခါယနာ- အကြင်နောက်နောက်ဖြစ်သော ယုံမှားခြင်းကို ဆောင်တတ် ဖြစ်စေတတ်သော တရားသည်။
- ယံ ကင်္ခါယိတတ္တံ - အကြင်ယုံမှားသော စိတ်၏အဖြစ်သည်၊
- ယာ ဝိစိကိစ္ဆာ- အကြင်အာရုံကို ဆုံးဖြတ်ခြင်းငှာ မတတ်နိုင်သည်ဖြစ်၍ ပင်ပန်းကြောင်း တရားသည်၊
- ယံ ဒွေဠှကံ - အကြင်နှစ်ပါးအပြားဖြင့်တုန်လှုပ်တတ် ဖြစ်တတ်သော တရားသည်၊
- ယော ဒွေဓာပထော - အကြင်နှစ်မြွာသော ခရီးကဲ့သို့ နှစ်မြွာဖြင့် ဖြစ်ခြင်းသည်၊
- ယော သံသယော - အကြင်ထက်ဝန်းကျင်မှ ယုံမှားခြင်းဖြစ်တတ်သော တရားသည်၊
- ယော အနေကံသဂ္ဂါဟော-အကြင်တစ်ခုသောအဘို့ကို ယူခြင်းငှာ မစွမ်းနိုင်သော တရားသည်။
- ယာ အာသပ္ပနာ - အကြင်အာရုံမှ ဆုတ်နစ်တတ်သော တရားသည်၊
- ယာ ပရိသပ္ပနာ - အကြင်ထက်ဝန်းကျင်မှ ရွေ့တတ်သော တရားသည်၊
- ယာ အပရိယောဂါဟနာ-အကြင်သက်ဝင်၍ ယူခြင်းငှာ မတတ်နိုင်သည်၏အဖြစ်သည်၊
- စိတ္တဿ-၏၊ယံ ထမ္ဘိတတ္တံ-အကြင်ခက်တရော်ရှိသည်၏အဖြစ်သည်။
- ယော မနောဝိလေခေါ- အကြင်စိတ်ကို ရေးခြစ်သကဲ့သို့ ဖြစ်တတ်သော တရားသည်၊

၄၂၆။ ဥဒ္ဓစ္စံ ဟောတိ။ ယံ တသ္မိံ သမယေ စိတ္တဿ ဥဒ္ဓစ္စံ အဝူပသမော စေတသော ဝိက္ခေပေါ ဘန္တတ္တံ စိတ္တဿ ။ (ပါ။၁၀၃။သျှ။၁၅၄။)

http://www.dhammadownload.com

အနက်ပေး

- စိတ္တဿ-၏၊ ယံ ဥဒ္ဒစ္စံ-အကြင်အထက်၌ ဘုန်လှုပ်သောစိတ်၏ အမူအရာသည်၊
- ယော အဝူပသမော - အကြင်မငြိမ်သက်သော တရားသည်၊
- ယော စေတသော အဝိက္ခေပေါ-အကြင်စိတ်ကို အထူးထူးသော အာရုံ၌ ပစ်ချတတ်သော တရားသည်၊
- စိတ္တဿ - ၏၊ ယံ ဘန္တတ္တံ - အကြင်တုန်လှုပ်တတ်သည်၏အဖြစ်သည်၊ ဟောတိ - ၏။

အဗျာကတဝိပါက
ကုသလဝိပါက ပဉ္စဝိညာဏ

၄၃၁။ အဗျာကတာ။ ယသ္မိံ သမယေ ကာမာဝစရဿ ကုသလဿ ကမ္မဿ ကတတ္တာ ဥပစိတတ္တာ ဝိပါကံ စက္ခုဝိညာဏံ ဥပ္ပန္နံ ဟောတိ ဥပေက္ခာသဟဂတံ ရူပါရမ္မဏံ။ (ပါ။၁၀၄။သျှ။၁၅၅။)

အနက်ပေး

ယသ္မိံ သမယေ-၌၊ ကာမာဝစရဿ-သော၊ ကုသလဿ-သော၊ ကမ္မဿ-ကံ၏ (ဝါ)ကို၊ ကတတ္တာ-ပြုအပ်သည်၏အဖြစ်ကြောင့်၊ ဥပစိတတ္တာ-ပွားစေအပ်သည်၏အဖြစ်ကြောင့်၊ ဝိပါကံ-အကျိုးဖြစ်သော၊(ဝါ)ဝိပါက်မည်သော၊ဥပေက္ခာသဟဂတံ-ဥပေက္ခာဝေဒနာနှင့်သမ္ပယောဂအားဖြင့် တကွဖြစ်သော၊ စက္ခုဝိညာဏံ-စက္ခုဝိညာဏ်စိတ်သည်၊ ရူပါရမ္မဏံ-ပစ္စုပ္ပန်ရူပါရုံကို၊ အာရဗ္ဘ-၍၊ ဥပ္ပန္နံ-သည်၊ ဟောတိ-၏။

၄၅၅။ အဗျာကတာ (ကုသလဝိပါကမနောဓာတု)။ ယသ္မိံ သမယေ ကာမာဝစရဿ ကုသလဿ ကမ္မဿ ကတတ္တာ ဥပစိတတ္တာ ဝိပါကာ မနောဓာတု ဥပ္ပန္နာ ဟောတိ ဥပေက္ခာသဟဂတာ ရူပါရမ္မဏာ ဝါ ။ပ။ ဖောဋ္ဌဗ္ဗာရမ္မဏာ ဝါ ယံ ယံ ဝါ ပနာရဗ္ဘ။ (ပါ။၁၀၈။သျှ။၁၆၀။)

အနက်ပေး

ယသ္မိံ သမယေ-၌ ။ပ။ ရူပါရမ္မဏာဝါ-ရူပါရုံရှိသည်လည်းဖြစ်သော ။ပ။ ဝိပါကာ-သော၊ မနောဓာတု-သည်၊ ဥပ္ပန္နာ-သည်၊ ဟောတိ-၏။ ယံ ယံ ဝါပန-အကြင်အကြင်သို့သော သဘောရှိသောရူပါရုံစသော ငါးပါးသော ပစ္စုပ္ပန်အာရုံတို့တွင် အမှတ်မရှိ တစ်ပါးပါးသောအာရုံကို၊ အာရဗ္ဘ-၍၊ ဥပ္ပန္နာ-သည်၊ ဟောတိ-၏။

http://www.dhammadownload.com

လောကုတ္တရဝိပါက-ပဌမမဂ္ဂဝိပါက

၅၀၅။ တသေ့ဝ လောကုတ္တရဿ ကုသလဿ ဈာနဿ ကတတ္တာ ဘာဝိတတ္တာ ဝိပါကံ ဝိဝိစ္စေဝ ကာမေဟိ ။ပ။ ပဌမံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ ဒုက္ခပဋိပဒံ ဒန္ဓာဘိညံ သုညတံ။ (ပါ။၁၁၈။သျ။၁၇၆)

<u>အနက်ပေး:</u>

- လောကုတ္တရဿ-မည်သော၊ ကုသလဿ-ကုသိုလ်ဖြစ်သော၊ တသေ့ဝ ကမ္မဿ- ထိုကံကို သာလျှင်၊ ကတတ္တာ-ကြောင့်၊ ဘာဝိတတ္တာ-ပွားစေအပ်သည်၏အဖြစ်ကြောင့်၊ ကာမေဟိ-ဝတ္ထု ကာမဂုဏ်တို့မှ၊ ဝိဝိစ္စေဝ-ပဋိပ္ပဿဒ္ဓိနအားဖြင့် ကင်းသည်ဖြစ်၍သာလျှင်၊ ဒုက္ခပဋိပဒံ-ဆင်းရဲ ငြိုငြင်သော အကျင့်ရှိသော၊ ဒန္ဓာဘိညံ-နှေးသော အဘိညာဏ်ရှိသော၊ သုညတံ-သုညတမည်သော၊ ပဌမံ-ရှေးဦးစွာသော ။ပ။ ဝိဟရတိ-၏။

ရူပါဝစရကိရိယာ

၅၇၇။ ယသ္မိံ သမယေ ရူပါဝစရံ ဈာနံ ဘာဝေတိ ကိရိယံ နေဝ ကုသလံ နာကုသလံ န စ ကမ္မဝိပါကံ ဒိဋ္ဌဓမ္မသုခဝိဟာရံ ဝိဝိစ္စေဝ ကာမေဟိ ။ပ။ ပဌမံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ ပထဝီကသိဏံ။ (ပါ။၁၄၂။သျ။၂၁၃။)

<u>အနက်ပေး:</u>

- ကိရိယံ-ကိရိယာမည်သော၊(ဝါ)ပြုကာမျှဖြစ်သော၊ နေဝ ကုသလံ-ကုသိုလ်၏ အကြောင်း မရှိသော၊ (ဝါ) ကုသိုလ် မဟုတ်သော၊ နာကုသလံ-အကုသိုလ်၏ အကြောင်း မရှိသော၊(ဝါ) အကုသိုလ် မဟုတ်သော၊ နေဝကမ္မဝိပါကံ-ကုသိုလ် အကုသိုလ်ကံတို့၏ အကျိုး မဟုတ်သော၊ ဒိဋ္ဌဓမ္မသုခဝိဟာရံ-မျက်မှောက်သောကိုယ်၏အဖြစ်၌ ချမ်းသာစွာနေခြင်းမျှဖြစ်သော၊ ရူပါဝစရံ-ရူပါဝစရမည်သော၊ ဈာနံ-ကို၊ ဘာဝေတိ-၏။

ရူပကဏ္ဍ

၅၈၃။ ယေ စ ဓမ္မာ ကိရိယာ နေဝ ကုသလာ နာ ကုသလာ န စ ကမ္မဝိပါကာ။ သဗ္ဗဉ္စ ရူပံ အသင်္ခတာ စ ဓာတု။ (ပါ။၁၄၅။သျ။၂၁၆။).

အနက်ပေး:

-ယေ စ ဓမ္မာ-တို့သည်လည်း၊ ကိရိယာ - မည်ကုန်သည်၊ နေဝကုသလာ - ကုသိုလ်တို့၏ အကြောင်း မရှိကုန်သည်၊ နာကုသလာ-အကုသိုလ်တို့၏အကြောင်း မရှိကုန်သည်၊ ဟောန္တိ-ကုန်၊ သဗ္ဗံ-သော၊ ယံ ရူပဉ္စ-သည်လည်း၊ ဟောတိ-၏၊ အသင်္ခတာ-ကံစိတ်ဥတုအာဟာရ တည်းဟူသောအကြောင်းတို့သည် အညီအညွတ် စုဝေး၍ မပြုပြင်အပ်သော၊ ဓာတု စ-နိဗ္ဗာနဓာတ်သည်လည်း၊ အတ္ထိ-ရှိ၏။

http://www.dhammadownload.com

ဒုက

၅၈၄။ အတ္ထိ ရူပံ စက္ခုသမ္ဖဿဿ ဝတ္ထု ၊ အတ္ထိ ရူပံ စက္ခုသမ္ဖဿ န ဝတ္ထု။
(ပါ။၁၄၆။သျှ၊၂၁၇။)

အနက်ပေး:

-စက္ခုသမ္ဖဿဿ-၏၊ ဝတ္ထု-မှီရာဖြစ်သော၊ ရူပံ-သည်၊ အတ္ထိ-ရှိ၏၊ စက္ခုသမ္ဖဿဿ-၏၊ န ဝတ္ထု-မှီရာမဟုတ်သော၊ ရူပံ-ရုပ်သည်၊ အတ္ထိ-ရှိ၏။ (ကြွင်းပုဒ်များ ဤနည်းမှီးလေ)။

တိက

၅၈၅။ ယံ တံ ရူပံ အဇ္ဈတ္တိကံ တံ ဥပါဒါ၊ ယံ တံ ရူပံ ဗာဟိရံ တံ အတ္ထိ ဥပါဒါ၊
အတ္ထိ နော ဥပါဒါ။ (ပါ။၁၄၈။သျှ။၂၂၄။)

အနက်ပေး:

-ယံ တံ ရူပံ-အကြင်ရုပ်သည်၊ အဇ္ဈတ္တိကံ-မိမိသန္တာန်၌ဖြစ်၏(ဝါ)အတွင်းသန္တာန်၌ ဖြစ်၏၊ (ဝါ)မိမိကို စွဲ၍ ဖြစ်၏၊ တံ ရူပံ-ထိုရုပ်သည်၊ ဥပါဒါ-ဥပါဒါမည်၏၊

-ယံ တံ ရူပံ-သည်၊ ဗာဟိရံ-အပ၌ဖြစ်၏၊ တံ ရူပံ-သည်၊ ဥပါဒါ-ဥပါဒါမည်သော ရုပ်သည်လည်း၊ အတ္ထိ-ရှိ၏၊ နော ဥပါဒါ-ဥပါဒါမမည်သော ရုပ်သည်လည်း၊ အတ္ထိ-ရှိ၏။

= ယံ တံ ရူပံ အဇ္ဈတ္တိကံ တံ ဥပါဒိန္နံ၊ ယံ တံ ဗာဟိရံ တံ အတ္ထိ ဥပါဒိန္နံ၊ အတ္ထိ အနုပါဒိန္နံ။ (ပါ။၁၄၈။သျှ။၂၂၄)

အနက်ပေး:

-ယံ တံ ရူပံ-သည်၊ အဇ္ဈတ္တိကံ-ဖြစ်၏၊ တံ ရူပံ-သည်၊ ဥပါဒိန္နံ-တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏အဖြစ်ဖြင့် ယူအပ်၏။

- ယံ တံ ရူပံ-သည်၊ ဗာဟိရံ-ဖြစ်၏၊ တံ ရူပံ-သည်၊ ဥပါဒိန္နံ-သည်လည်း၊ အတ္ထိ-၏၊ အနုပါဒိန္နံ-တဏှာဒိဋ္ဌိတို့သည် ။ပ။ ရုပ်သည်လည်း၊ အတ္ထိ-၏။

တိက၌ ထူးရာပုဒ်များ အနက်

= ဥပါဒိန္နုပါဒါနိယာ-တဏှာဒိဋ္ဌိတို့သည် ။ပ။ ယူအပ်သော ဥပါဒါန်တရားတို့၏ အာရုံဖြစ်သော ရုပ်မည်၏။

= အနိဒဿနံ - မြင်အပ်သော သဘောမရှိသော ရုပ်မည်၏။

http://www.dhammadownload.com

= သနိဒဿနံ - မြင်အပ်သောသဘောနှင့် တကွဖြစ်သော ရုပ်သည်လည်း။
= သပ္ပဋိဃံ - ထိပါးခြင်းနှင့် တကွဖြစ်သော ရုပ်သည်။
= ဣန္ဒြိယံ - ဣန္ဒြိယရုပ်မည်သော ရုပ်သည်။
= န မဟာဘူတံ - မဟာဘုတ်မမည်သော ရုပ်မည်၏။
= နစိတ္တသမုဋ္ဌာနံ - စိတ်ကြောင့် မဖြစ်သော ရုပ်မည်၏။
= နစိတ္တသဟဘု - စိတ်နှင့်တကွ မဖြစ်သော ရုပ်မည်၏။
= နစိတ္တာနုပရိဝတ္တိ - စိတ်သို့ အစဉ်မလိုက်တတ်သော ရုပ်မည်၏။

မှတ်ချက် - <u>ထူးရာပုဒ်များကိုသာ အနက်ပေးထားပါသည်။ ရှေ့နည်းကို မှီ၍ ပေးလေ။</u>

စတုက္က

၅၈၆။ ယံ တံ ရူပံ ဥပါဒါ တံ အတ္ထိ ဥပါဒိဏ္ဏံ၊ အတ္ထိ အနုပါဒိဏ္ဏံ။ ယံ တံ ရူပံ နော ဥပါဒါ တံ အတ္ထိ ဥပါဒိဏ္ဏံ၊ အတ္ထိ အနုပါဒိဏ္ဏံ။ (ပါ။၁၅၂။သျှ။၂၂၈။)

<u>အနက်ပေး</u>

- ယံ တံ ရူပံ-သည်၊ ဥပါဒါ-မည်၏၊ တံ ရူပံ-သည်၊ ဥပါဒိဏ္ဏံ-သည်လည်း၊ အတ္ထိ-၏၊ အနုပါဒိဏ္ဏံ-သည်လည်း၊ အတ္ထိ-၏။

- ယံ တံ ရူပံ-သည်၊ နော ဥပါဒါ-ဥပါဒါရုပ် မမည်၊ တံ ရူပံ-သည်၊ ဥပါဒိဏ္ဏံ-သည်လည်း၊ အတ္ထိ-၏၊ အနုပါဒိဏ္ဏံ-သည်လည်း၊ အတ္ထိ-၏။ (ကြွင်းပုဒ်များ ဤနည်းကို မှီးလေ)။

ဒုက နိဒ္ဒေသ

၅၉၆။ <u>စက္ခာယတနံ။</u> ယံ စက္ခု စတုန္နံ မဟာဘူတာနံ ဥပါဒါယ ပသာဒေါ အတ္တဘာဝပရိယာပန္နော အနိဒဿနော သပ္ပဋိဃော၊ ယေန စက္ခုနာ အနိဒဿနေန သပ္ပဋိဃေန ရူပံ သနိဒဿနံ သပ္ပဋိဃံ ပဿိ ဝါ ပဿတိ ဝါ ပဿိဿတိ ဝါ ပဿေ ဝါ။ (ပါ။၁၅၇။သျှ။၂၃၇။)

<u>အနက်ပေး</u>

-ယံ စက္ခု-အကြင်စက္ခုပသာဒသည်၊ စတုန္နံ-ကုန်သော၊ မဟာဘူတာနံ-တို့ကို၊ ဥပါဒါယ-၍၊ ပသာဒေါ-မဟာဘုတ်တို့ကို ကြည်စေတတ်၏။
- အတ္တဘာဝပရိယာပန္နော-အတ္တဘောဥ် အကျုံးဝင်၏။
- အနိဒဿနော - မြင်အပ်သောသဘော မရှိ။

ဓမ္မသင်္ဂဏီပါဠိတော် ပို့ချချက် (၅၆)

- သပ္ပဋိဃော- ထိပါးခြင်းနှင့် တကွဖြစ်၏။

(တစ်နည်း:)ယံစက္ခု-သည်၊ စတုန္နံ-ကုန်သော၊ မဟာဘူတာနံ-တို့ကို၊ ဥပါဒါယ-၍၊သ=

- ယော ပသာဒေါ - အကြင်မဟာဘုတ်တို့ကို ကြည်စေတတ်သော ရုပ်သည်။
- ယော အတ္တဘာဝပရိယာပန္နော-ရုပ်သည်၊(ဝါ)အကြင်အတ္တဘော၌ မှီတတ်သော ရုပ်သည်။
- ယော အနိဒဿနော- အကြင်မြင်တတ်သောသဘော မရှိသော ရုပ်သည်။
- ယော သပ္ပဋိဃော - အကြင်ထိပါးခြင်းနှင့် တကွဖြစ်သော ရုပ်သည်၊ ဟောတိ-၏။

အနိဒဿနေန-မရှိသော၊ သပ္ပဋိဃေန-တကွဖြစ်သော၊ ယေန စက္ခုနာ-ဖြင့်၊ သတ္တော-သည်၊ သနိဒဿနံ-မြင်အပ်သောသဘောနှင့်တကွဖြစ်သော၊ သပ္ပဋိဃံ - ထိပါးခြင်းနှင့်တကွဖြစ်သော၊ ရူပံ-ရူပါရုံကို၊ ပဿိ ဝါ-မြင်လည်း မြင်ပြီ၊ပဿတိ ဝါ-မြင်လည်း မြင်ဆဲ၊ ပဿိဿတိ ဝါ-မြင်လည်း မြင်လတ္တံ့၊ ပဿေ ဝါ-မြင်လည်း မြင်ရာ၏။

= **စက္ခုပေတံ စက္ခာယတနံပေတံ စက္ခုဓာတုပေသာ စက္ခုန္ဒြိယံပေတံ လောကော-ပေသော ဒွါရာပေသာ သမုဒ္ဒေါပေသော ပဏ္ဍရံပေတံ ခေတ္တံပေတံ ဝတ္ထုံပေတံ နေတ္တံပေတံ နယနံပေတံ ဩရိမံ တီရံပေတံ သုညော ဂါမောပေသော။ (ပါ။၁၅၇။သျှ။၂၃၈။)**

<u>အနက်ပေး</u>

-ဧတံ-ဤစက္ခုပသာဒသည်၊ စက္ခုပိ-မြင်ခြင်းသို့ ညွှတ်စေတတ်သော အနက်ကြောင့်၊ (ဝါ) ရူပါရုံကို ထင်စွာပြတတ်သောအနက်ကြောင့် စက္ခုလည်းမည်၏။

-ဧတံ-သည်၊ စက္ခာယတနံ-စက္ခုသည်ပင်လျှင် ဖဿအစရှိသော သဘောတရားတို့၏ စုဝေးရာဖြစ်သော အနက်ကြောင့် စက္ခာယတနလည်းမည်၏။

-ဧသော-သည်၊ စက္ခုဓာတုပိ-စက္ခုသည်ပင်လျှင် အတ္တမှ ဆိတ်သောအနက်,သဘောဟူသော အနက်,သတ္တမဟုတ်သော အနက်ကြောင့် စက္ခုဓာတ်လည်းမည်၏။

-ဧတံ-သည်၊ စက္ခုန္ဒြိယံပိ-စက္ခုသည်ပင်လျှင် မြင်ခြင်းလက္ခဏာ၌ အစိုးရသည်၏အဖြစ်ကို ပြုတတ်သော အနက်ကြောင့်--မည်၏။

- ဧသော-သည်၊ လောကောပိ-အဖန်တလဲလဲ ပျက်တတ်သောကြောင့် -- မည်၏။
- ဧသာ-သည်၊ ဒွါရာပိ-သုံးဆောင်ရာအနက်ကြောင့် -- မည်၏။
- ဧသော-သည်၊ သမုဒ္ဒေါပိ-မပြည့်သောအနက်ကြောင့် -- မည်။
- ဧတံ-သည်၊ ပဏ္ဍရံပိ-ဖြူစင်တတ်သော အနက်ကြောင့် -- မည်၏။

http://www.dhammadownload.com

- တေ်-သည်၊ ခေတ္တံပိ-ဖဿစသောတရားတို့၏ ရောက်ရာအနက်ကြောင့် -- မည်၏။
- တေံ - သည်၊ ဝတ္ထုံပိ-ဖဿ စသော တရားတို့၏ တည်ရာအနက်ကြောင့် --မည်၏။
- တေံ-သည်၊ နေတ္တံပိ-ညီညွတ် မညီညွတ်သောအဖြစ်ကို ရှုလျှက် အတ္တဘောကို ဆောင်တတ်သော အနက်ကြောင့် -- မည်၏။
- တေံ-သည်၊ နယန်ပိ-အတ္တဘောကို ဆောင်တတ်သော အနက်ကြောင့် -- မည်၏။
- တေံ-သည်၊ ဩရိမံတီရံပိ-သက္ကာယ၌ အကျုံးဝင်သော အနက်ကြောင့် -- မည်၏။
- ဧသော-သည်၊ သုညောဂါမောပိ-များသောဖဿအစရှိသော တရားတို့နှင့် ဆက်ဆံခြင်း အလျဉ်းမရှိခြင်းအနက်ကြောင့်-မည်၏။(ကြွင်းသောတ-စသည်ပုဒ်များ နည်းမှီး၍ ပေးလေ)။

၆၁၆။ ရူပါယတနံ ။ ယံ ရူပံ စတုန္နံ မဟာဘူတာနံ ဥပါဒါယ ဝဏ္ဏနိဘာ သနိဒဿနံ သပ္ပဋိဃံ နီလံ ပီတကံ လောဟိတကံ ဩဒါတံ ကာဠကံ မဉ္ဇိဋ္ဌကံ ဟရိ ဟရိဝဏ္ဏံ အမ္ဗင်္ကုရဝဏ္ဏံ ဒီဃံ ရဿံ အဏုံ ထူလံ ဝဋ္ဋံ ပရိမဏ္ဍလံ စတုရံသံ ဆဠံသံ အဋ္ဌံသံ သောဠသံသံ နိန္နံ ထလံ ဆာယာ အာတပေါ အာလောကော အန္ဓကာရော အဗ္ဘာ မဟိကာ ဓူမော ရဇော စန္ဒမဏ္ဍလဿ ဝဏ္ဏနိဘာ သူရိယ-မဏ္ဍလဿ ဝဏ္ဏနိဘာ တာရကရူပါနံ ဝဏ္ဏနိဘာ အာဒါသမဏ္ဍလဿ ဝဏ္ဏ-နိဘာ မဏိသင်္ခမုတ္တာဝေဠုရိယဿ ဝဏ္ဏနိဘာ ဇာတရူပရဇတဿ ဝဏ္ဏနိဘာ (ပါ။၁၆၂။သျှ။၂၅၃။)

<u>အနက်ပေး</u>

ယံ ရူပံ-သည်၊ စတုန္နံ-ကုန်သော၊ မဟာဘူတာနံ-တို့ကို၊ ဥပါဒါယ-၍၊
- ဝဏ္ဏနိဘာ- အဆင်းသည်၊ (ဝါ) အဆင်းသာဖြစ်သော ထင်ခြင်းသည်၊ ဟောတိ-၏။
- နီလံ - အောင်မဲညိုပွင့်အဆင်းနှင့်တူသော ညိုသောအဆင်းသည်၊ ဟောတိ-၏။
- ပီတကံ - မဟာလှေကားပွင့်အဆင်းနှင့်တူသော ရွှေသောအဆင်းသည်။
- လောဟိတကံ- မိုးစွေပွင့်အဆင်းနှင့်တူသော နီသောအဆင်းသည်။
- ဩဒါတံ - သောက်ရှူးကြယ်အဆင်းနှင့်တူသော ဖြူသောအဆင်းသည်။
- ကာဠကံ - မီးသွေးအဆင်းနှင့် တူသော မည်းသောအဆင်းသည်။
- မဉ္ဇိဋ္ဌကံ - ရေဉနှဲပွင့် ခံတက်ပွင့်အဆင်းနှင့်တူသော မောင်းသော အဆင်းသည်။
- ဟရိ - စိမ်းညိုသောအဆင်းသည်၊
- ဟရိဝဏ္ဏံ - စိမ်းညိုသောသစ်ရွက်အဆင်းသည်။
- အမ္ဗကုရဝဏ္ဏံ - သရက်ညွန့်အဆင်းနှင့်တူသော အဆင်းသည်။

http://www.dhammadownload.com

- ဒီဃံ-ရှည်သည်၊ ရဿံ-တိုသည်၊အဏုံ-ငယ်သည်၊ထူလံ-ကြီးသည်၊ဝဋ္ဋံ-လုံးသည်၊ပရိမဏ္ဍလံ-အဝန်းသည်၊စတုရဿံ-လေးမြောင့်သည်၊ဆဠံသံ-ခြောက်မြောင့်သည်၊အဋ္ဌံသံ-ရှစ်မြောင့်သည်၊သောဠသံသံ-တစ်ဆယ့်ခြောက်မြောင့်သည်၊နိန္နံ-နိမ့်သည်၊ထူလံ-မြင့်သည်၊ဆာယာ-အရိပ်သည်၊အာတပေါ-နေပူသည်၊အာလောကော-အလင်းသည်။အန္ဓကာရော-အမိုက်တိုက်သည်၊အဗ္ဘာ-တိမ်သည်၊မဟိကာ-ဆီးနှင်းသည်၊ဓုမော-အခိုးသည်၊ရဇော-မြူသည်၊ စန္ဒမဏ္ဍလဿ-လဝန်း၏၊ဝဏ္ဏနိဘာ-အဆင်းသည် (ဝါ) အဆင်းသာလျှင်ဖြစ်သော ထင်ခြင်းသည်။
- သူရိယမဏ္ဍလဿ - နေဝန်း၏။
- အာဒါသမဏ္ဍလဿ - ကြေးမုံဝန်း၏။
- မဏိသင်္ခမုတ္တဝေဠုရိယဿ-ပတ္တမြား ခရုသင်း ပုလဲ ကြောင်မျက်ရွဲ၏။
- ဇာတရူပရဇတဿ-၏၊ ဝဏ္ဏနိဘာ-သည်၊ ဟောတိ-၏။

= ယံ ဝါ ပနညမ္ပိ အတ္ထိ ရူပံ စတုန္နံ မဟာဘူတာနံ ဥပါဒါယ ဝဏ္ဏနိဘာ သနိဒဿနံ သပ္ပဋိဃံ၊ ယံ ရူပံ သနိဒဿနံ သပ္ပဋိဃံ စက္ခုနာ အနိဒဿနေန သပ္ပဋိဃေန ပဿိ ဝါ ပဿတိ ဝါ ပဿိဿတိ ဝါ ပဿေ ဝါ ၊ ရူပံပေတံ ရူပါယတနံပေတံ ရူပဓာတုပေသာ။ (ပါ။၁၆၃။သျှ။၂၅၅)

<u>အနက်ပေး</u>

အညံပိ-ဆိုအပ်ပြီးသည်မှ တစ်ပါးလည်းဖြစ်ကုန်သော၊ စတုန္နံ-ကုန်သော၊ မဟာဘူတာနံ-တို့ကို၊ ဥပါဒါယ-၍၊ ဝဏ္ဏနိဘာ-ဖြစ်သော၊ သနိဒဿနံ-ဖြစ်သော၊ သပ္ပဋိဃံ-ဖြစ်သော၊ယံဝါပန ရူပံ-အကြင်သို့သဘောရှိသော သင်ဖြူး ပုဆိုး ခရုသင်း အချက်စသော ရုပ်တို့သည်၊ အတ္ထိ-၏။

-သနိဒဿနံ-သော၊ သပ္ပဋိဃံ-သော၊ ယံ ရူပံ-အကြင်ရူပါယတနကို၊ အနိဒဿနေန-သော၊ သပ္ပဋိဃေန-သော၊ စက္ခုနာ-စက္ခုဝိညာဏ်ဖြင့်၊ သတ္တော-ဆည် ။ပ။ ပဿေဝါ-ရာ၏။

-ဧတံ ရူပံ-ဤရူပါရုံသည်၊ ရူပဋ္ဌ-ဖောက်ပြန်တတ်သော အနက်ကြောင့် ရုပ်လည်းမည်၏။

-ဧတံ-သည်၊ ရူပါယတနံပိ-ရူပါရုံသည်ပင်လျှင် ဖဿစသည်တို့၏ စုဝေးရာဖြစ်သော အနက်ကြောင့် ရူပါယတနလည်းမည်၏။

-ဧတံ-သည်၊ ရူပဓာတုပိ-ရူပါရုံသည်ပင်လျှင် အတ္တမှဆိတ်သောအနက် ,သဘောဟူသော အနက်, သတ္တမဟုတ်သောအနက်ကြောင့် ရူပဓာတ်လည်းမည်၏။

၆၂၀။ <u>သဒ္ဒါယတနံ။</u> ယော သဒ္ဒေါ စတုန္နံ မဟာဘူတာနံ ဥပါဒါယ အနိဒဿနော သပ္ပဋိဃော ဘေရိသဒ္ဒေါ မုဒိင်္ဂသဒ္ဒေါ သင်္ခသဒ္ဒေါ ပဏဝသဒ္ဒေါ ဂီတသဒ္ဒေါ

ဓမ္မသင်္ဂဏီပါဠိတော် မှတ်ချက် (၅၉)

ဝါဒိတသဒ္ဒေါ သမ္မသဒ္ဒေါ ပါဏိသဒ္ဒေါ သတ္တာနံ နိဂ္ဃောသသဒ္ဒေါ ဓာတူနံ သန္နိဃာတသဒ္ဒေါ ဝါတသဒ္ဒေါ ဥဒကသဒ္ဒေါ မနုဿသဒ္ဒေါ အမနုဿသဒ္ဒေါ။ (ပါ။၁၆၄။သျှ။၂၅၇)

<u>အနက်ပေး</u>

- ဘေရိသဒ္ဒေါ - တီးသော စည်သံသည်၊ ဟောတိ-၏။
- မုဒိင်္ဂသဒ္ဒေါ - တီးသော မုရိုးစည်၏ အသံသည်။
- ပဏဝသဒ္ဒေါ - တီးသော ထက်စည်၏ အသံသည်။
- ဝါဒိတသဒ္ဒေါ - တီးမှုတ်သော စောင်းညှင်းအစရှိသည်တို့၏ အသံသည်။
- သမ္မသဒ္ဒေါ - တီးသော မောင်း ကြေးနင်း ခွက်ခွင်း အသံသည်။
- ပါဏိသဒ္ဒေါ - တီးသော လက်ခုတ် အသံသည်။
- သတ္တာနံ-စည်းဝေးသော သတ္တဝါတို့၏၊ နိဂ္ဃောသသဒ္ဒေါ-ကြွေးကြော်သော အသံသည်။
- ဓာတူနံ-ပထဝီစသောဓာတ်တို့၏၊ သန္နိဃာတသဒ္ဒေါ-အချင်းချင်း ထိခိုက်သော အသံသည်။
- ဥဒကသဒ္ဒေါ - စီးသော ရေ၏ အသံသည်။
- မနုဿသဒ္ဒေါ - လူတို့၏ စကားပြောဟောသော အသံသည်။
- အမနုဿသဒ္ဒေါ - လူမဟုတ်သော ဘီလူးတို့၏ အသံသည်၊ ဟောတိ-၏။

(ခက်ခဲသော ပုဒ်များကိုသာ အနက်ပေးထားသည်)

၆၂၄။ <u>ဂန္ဓာယတနံ။</u> ယော ဂန္ဓော စတုန္နံ မဟာဘူတာနံ ဥပါဒါယ အနိဒဿနော သပ္ပဋိဃော မူလဂန္ဓော သာရဂန္ဓော တစဂန္ဓော ပတ္တဂန္ဓော ပုပ္ဖဂန္ဓော ဖလဂန္ဓော အာမကဂန္ဓော ဝိဿဂန္ဓော သုဂန္ဓော ဒုဂ္ဂန္ဓော။ (ပါ။၁၆၅။သျှ။၂၅၉။)

<u>အနက်ပေး</u>

- မူလဂန္ဓော - အမြစ်ကို စွဲ၍ ဖြစ်သော အနံ့သည်။
- သာရဂန္ဓော - အနှစ်ကို စွဲ၍ ဖြစ်သော အနံ့သည်။
- တစဂန္ဓော - အခေါက်ကို စွဲ၍ ဖြစ်သော အနံ့သည်။
- ပတ္တဂန္ဓော - အရွက်ကို စွဲ၍ ဖြစ်သော အနံ့သည်။
- ပုပ္ဖဂန္ဓော - အပွင့်ကို စွဲ၍ ဖြစ်သော အနံ့သည်။
- ဖလဂန္ဓော - အသီးကို စွဲ၍ ဖြစ်သော အနံ့သည်။

http://www.dhammadownload.com

- အာမကဂန္ဓော - စိမ်းသောဟင်းရွက်အစရှိသည်တို့၏ အနံ့သည်။
- ဝိသဂန္ဓော - ငါးပုပ်၊ အမဲပုပ်အစရှိသည်တို့၏ အနံ့သည်။
- သုဂန္ဓော - အလိုရှိအပ်သော ကောင်းသော အနံ့သည်။
- ဒုဂ္ဂန္ဓော - အလိုမရှိအပ်သော မကောင်းသော အနံ့သည်၊ ဟောတိ-၏။

၆၂၈။ ရသာယတနံ။ ယော ရသော စတုန္နံ မဟာဘူတာနံ ဥပါဒါယ အနိဒဿနော သပ္ပဋိဃော မူလရသော ခန္ဓရသော တစရသော ပတ္တရသော ပုပ္ဖရသော ဖလရသော အမ္ဗိလံ မဓုရံ တိတ္တကံ ကဋုကံ လောဏိကံ ခါရိကံ လမ္ဗိလံ ကသာဝေါ သာဒု အသာဒု။ (ပါ။၁၆၇။သျှ။၂၆၁။)

အနက်ပေး

- အမ္ဗိလံ - ရက်တကရည်အစရှိသော ချဉ်သော ရသသည်။
- မဓုရံ - နွားနို့ ထောပတ်စသော မွန်မြတ်သော ရသသည်။
- တိတ္တကံ - တမာစသော ခါးသော ရသသည်။
- ကဋုကံ - ချင်းစသော စပ်သော ရသသည်။
- လောဏိကံ - ဆားငန် ရသသည်။
- ခါရိကံ - ဆပ်ပြာစသော ငန်သော ရသသည်။
- လမ္ဗိလံ - ဆီးသီးဖျော် သီးသီးဖျော်စသော ချိုချဉ် ရသသည်။
- ကသာဝေါ - သဖန်းခါးသီးစသော ဖန်သော ရသသည်။
- သာဒုရသော- ကောင်းသော ရသသည်၊
- အသာဒုရသော- မကောင်းသော ရသသည်၊ ဟောတိ-၏။

၆၂၉။ ဣတ္ထိန္ဒြိယံ။ ယံ ဣတ္ထိယာ ဣတ္ထိလိင်္ဂံ ဣတ္ထိနိမိတ္တံ ဣတ္ထိကုတ္တံ ဣတ္ထာကပ္ပေါ ဣတ္ထတ္တံ ဣတ္ထိဘာဝေါ ။ (ပါ။၁၆၈။သျှ။၂၆၄။)

အနက်ပေး

ယံ ယေန ကာရဏေန-အကြင်အကြောင်းကြောင့်၊ ဣတ္ထိယာ-၏=

- ယံ ဣတ္ထိလိင်္ဂံ- အကြင် လက် ခြေ စသော မိန်းမသဏ္ဌာန်သည်၊ ဟောတိ-၏။
- ယံ ဣတ္ထိနိမိတ္တံ - အကြင်သားမြတ်စသော မိန်းမဟု သိကြောင်းသည်။
- ယံ ဣတ္ထိကုတ္တံ - အကြင်မုတ်ဆိတ်ကြင်စွယ် မရောက်ခြင်း, ငယ်သောအခါ ဇန်းငယ် စကောငယ်တို့ဖြင့် ကစားခြင်းစသော မိန်းမ၏ အမူအရာသည်။

http://www.dhammadownload.com

- ယော ဣတ္ထာကပ္ပော- အကြင်မသန့်ရှင်းသော သွားခြင်း , ရပ်ခြင်းစသော မိန်းမ၏ အခြင်းအရာသည်။
- ယံ ဣတ္ထတ္တံ - အကြင်မိန်းမ၏အဖြစ်သည်။
- ယံ ဣတ္ထိဘာဝေါ- အကြင်မိန်း၏သဘောသည်၊ ဟောတိ-၏၊

တေန ကာရဏေန-ကြောင့်၊ ဣဒံ-ဤသို့သဘောရှိသော၊ တံ ရူပံ-ထိုရုပ်သည်၊ ဣတ္ထိန္ဒြိယံ-ဣတ္ထိန္ဒြေမည်၏။

၆၃၅။ ကာယဝိညတ္တိ။ ယာ ကုသလစိတ္တဿ ဝါ အကုသလစိတ္တဿ ဝါ အဗျာကတ-စိတ္တဿ ဝါ အဘိက္ကမန္တဿ ဝါ ပဋိက္ကမန္တဿ ဝါ အာလောကေန္တဿ ဝါ ဝိလောကေန္တဿ ဝါ သမိဉ္ဇေန္တဿ ဝါ ပသာရေန္တဿ ဝါ ကာယဿ ထမ္ဘနာ သန္ထမ္ဘနာ သန္ထမ္ဘိတတ္တံ ဝိညတ္တိ ဝိညာပနာ ဝိညာပိတတ္တံ။ (ပါ။၁၆၈။သျှ။၂၆၆)

အနက်ပေး

ကုသလစိတ္တဿဝါ-မဟာကုသိုလ် အဘိညာဏ်ကုသိုလ်အားဖြင့် ကိုးပါးသောကုသိုလ်စိတ်ဖြင့်လည်းကောင်း (ဝါ)ကြောင့်လည်းကောင်း၊ အကုသလစိတ္တဿဝါ-ဖြင့်လည်းကောင်း (ဝါ)ကြောင့်လည်းကောင်း၊ အဗျာကတစိတ္တဿဝါ-မဟာကြိယာ မနောဒွါရာဝဇ္ဇန်း ဟသိတုပ္ပါဒ် ကြိယာအဘိညာဏ်အားဖြင့် တစ်ဆယ့်တစ်ပါးသော အဗျာကတစိတ်ဖြင့်လည်းကောင်း (ဝါ) ကြောင့်လည်းကောင်း၊

- အဘိက္ကမန္တဿဝါ - ရှေ့သို့ တက်သောသူ၏လည်းကောင်း၊
- ပဋိက္ကမန္တဿဝါ - နောက်သို့ ဆုတ်သောသူ၏လည်းကောင်း၊
- အာလောကေန္တဿဝါ- တူရူကြည့်သောသူ၏လည်းကောင်း၊
- ဝိလောကေန္တဿဝါ - ထိုမှဤမှ ကြည့်သောသူ၏လည်းကောင်း၊၊
- သမိဉ္ဇေန္တဿဝါ- ကွေးသောသူ၏လည်းကောင်း၊
- ပသာရေန္တဿဝါ- ဆန့်သောသူ၏လည်းကောင်း၊
- ကာယဿ-ကိုယ်၏၊ ယာ ထမ္ဘနာ-အကြင်ခိုင်သည်ကိုပြုခြင်းသည်၊ (သန္ထမ္ဘနာ-တူ)

(ဝါ)သန္ထမ္ဘနာ- အကြင်အားကြီးစွာ ခိုင်သည်ကို ပြုတတ်သော တရားသည်။

- ယံ သန္ထမ္ဘိတတ္တံ - အကြင်ခိုင်ခဲ့သည်ကို ပြုတတ်သည်၏အဖြစ်သည်။
- ယာ ဝိညတ္တိ - အကြင်အလိုကို သိစေတတ်သော တရားသည်။
- ယာ ဝိညာပနာ - အကြင်အလိုကို သိစေတတ်သော အခြင်းအရာသည်။

ဓမ္မသင်္ဂဏီပါဠိတော် ပို့ချချက် (၆၂)

- ယံ ဝိညာပိတတ္တံ - အကြင်အလိုကို သိစေတတ်သည်၏အဖြစ်သည်၊ ဟောတိ-၏။
ဣဒံ-သော ။ပ။ ကာယဝိညတ္တိ-သည်၊ ဟောတိ-၏။

၆၃၆။ ဝစီဝိညတ္တိ။ ယာ ကုသလစိတ္တဿ ဝါ အကုသလစိတ္တဿ ဝါ အဗျာကတ-
စိတ္တဿ ဝါ ဝါစာ ဂိရာ ဗျပ္ပထော ဥဒီရဏံ ဃောသော ဃောသကမ္မံ ဝါစာ
ဝစီဘေဒေါ၊ အယံ ဝုစ္စတိ ဝါစာ ။ (ပါ။၁၆၈။သျှ။၂၆၇။)

အနက်ပေး

- ယာ ဝါစာ - အကြင်ဆိုအပ်သော စကားသည်။
- ယာ ဂိရာ - အကြင်ဆိုအပ်သော အသံသည်။
- ယော ဗျပ္ပထော- အကြင်စကားအပြားသည်၊(ဝါ)အကြင်စကားအပြားသာလျှင်ဖြစ်သော အကြောင်းသည်။
- ယံ ဥဒီရဏံ - အကြင်ရွတ်ဆိုအပ်သော စကားသည်။
- ယော ဃောသော - အကြင်ကြွေးကြော်တတ်သော အသံသည်။
- ယံ ဃောသကမ္မံ - အကြင်ကြွေးကြော်ခြင်းသာလျှင်ဖြစ်သော အမှုသည်။
- ဝါစာ-ဝါစာဟုဆိုအပ်သော၊ ယော ဝစီဘေဒေါ-အကြင်ဝစီဘေဒသည်၊ (ဝါ) အကြင် စကား မြွက်ခြင်းသည်၊ ဟောတိ-၏။ အယံ-ဤသည်ကို၊ ဝါစာဣတိ-ဝါစာမည်၏ဟူ၍၊ ဝုစ္စတိ-၏။
- ယာ ဝါစာ-အကြင်သဒ္ဒဝါစာကို၊ ဝါစာဂိရာဒိနာ-ဝါစာဂိရာအစရှိသည်ဖြင့်၊ဝုစ္စတိ -ဟောအပ်၏၊
တာယဝါစာယ - ထိုသဒ္ဒဝါစာဖြင့်=
- ယာ ဝိညတ္တိ - အကြင်အလိုကို သိစေခြင်းသည်။
- ယာ ဝိညာပနာ - အကြင်အလိုကို သိစေသောအခြင်းအရာသည်။
- ယံ ဝိညာပိတတ္တံ - အကြင်အလိုကို သိစေတတ်သည်၏အဖြစ်သည်၊ ဟောတိ-၏။

၆၃၇။ အာကာသဓာတု။ ယော အာကာသော အာကာသဂတံ အဃံ အဃဂတံ ဝိဝရော
ဝိဝရဂတံ အသမ္ဖုဋ္ဌံ စတူဟိ မဟာဘူတေဟိ ။(ပါ။ ၁၆၉။ သျှ။ ၂၆၇။)

အနက်ပေး

- ယော အာကာသော - အကြင်ကောင်းကင်သည်။
- ယံ အာကာသဂတံ - အကြင်ကောင်းကင်သည်။
- ယံ အဃံ - အကြင်မထိအပ်သော သဘောသည်။ (အဃဂတံ-တူ)။
- ယော ဝိဝရော - အကြင်ဟင်းလင်းသော အပေါက်သည်။ (ဝိဝရဂတံ-တူ)
- စတူဟိ-ကုန်သော၊ မဟာဘူတေဟိ-တို့ဖြင့်၊ ယံ အသံဖုဋ္ဌ-အကြင်မထိခြင်းသည်၊ဟောတိ-၏။

http://www.dhammadownload.com

၆၃၈။ <u>ရူပဿလဟုတာ။</u> ယာ ရူပဿ လဟုတာ လဟုပရိဏာမတာ အဒန္ဓနတာ အဝိတ္ထနတာ။(ပါ။၁၆၉။သျှ။၂၆၈။)

<u>အနက်ပေး:</u>

ရူပဿ–နိပ္ဖန္နရုပ်၏=

- ယာ လဟုတာ – အကြင်လျင်သော အခြင်းအရာသည်။
- ယာ လဟုပရိဏာမတာ–အကြင်လျင်သော အပြန်ရှိသော နိပ္ဖန္နရုပ်၏အဖြစ်သည်။
- ယာ အဒန္ဓနတာ – အကြင်မလေးသော နိပ္ဖန္နရုပ်၏အဖြစ်သည်။
- ယာ အဝိတ္ထနတာ – အကြင်ဝန်မရှိသော နိပ္ဖန္နရုပ်၏အဖြစ်သည်၊ ဟောတိ–၏။

၆၃၉။ <u>ရူပဿ မုဒုတာ။</u> ယာ ရူပဿ မုဒုတာ မဒ္ဒဝတာ အကက္ခဠတာ အကထိနတာ။ (ပါ။၁၆၉။သျှ။၂၆၉။)

<u>အနက်ပေး:</u>

ရူပဿ–နိပ္ဖန္နရုပ်၏=

- ယာ မုဒုတာ – အကြင်နူးညံ့သော အခြင်းအရာသည်။
- ယာ မဒ္ဒဝတာ – အကြင်ပြေပြစ်သည်၏အဖြစ်သည်။
- ယာ အကက္ခဠတာ – အကြင်မကြမ်းတမ်းသည်၏အဖြစ်သည်။
- ယာ အကထိနတာ – အကြင်မခက်မာသည်၏အဖြစ်သည်။ ဟောတိ–၏။

၆၄၀။ <u>ရူပဿ ကမ္မညတာ။</u> ယာ ရူပဿ ကမ္မညတာ ကမ္မညတ္တံ ကမ္မညဘာဝေါ။ (ပါ။၁၆၉။သျှ။၂၆၉)

<u>အနက်ပေး:</u>

ရူပဿ–နိပ္ဖန္နရုပ်၏၊

- ယာ ကမ္မညတာ– အကြင်အမှု၌ ကောင်းသော အခြင်းအရာသည်။
- ယံ ကမ္မညတ္တံ – အကြင်အမှု၌ ကောင်းသည်၏အဖြစ်သည်။ (ကမ္မညဘာဝေါ–တူ)

၆၄၁။ <u>ရူပဿ ဥပစယော။</u> ယော အာယတနာနံ အာစယော၊ သော ရူပဿ ဥပစယော။ (ပါ။၁၆၉။သျှ။၂၆၉။)

<u>အနက်ပေး:</u>

အာယတနာနံ–အဖန်တလဲလဲဖြစ်သော ၁၁–ပါးသော ရုပ်အာယတနတို့၏၊ ယော အာစယော–အကြင်ဖြစ်ခြင်းဥပါဒ်သည်၊ အတ္ထိ–ရှိ၏၊ သော အာစယော – ထို ဖြစ်ခြင်းဥပါဒ်သည်၊ ရူပဿ–စက္ခုဒသကရုပ်၏၊ ဥပစယော–ပွားခြင်းဥပါဒ်သည်၊ ဟောတိ–၏။

http://www.dhammadownload.com

ဓမ္မသင်္ဂဏီပါဠိတော် ပိုချချက် (၆၄)

၆၄၂။ <u>ရူပဿ သန္တတိ။</u> ယော ရူပဿ ဥပစယော၊ သာ ရူပဿ သန္တတိ။
(ပါ။၁၆၉။သျှ။၂၇၀။)

<u>အနက်ပေး:</u>

